www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် - ၅၀၁၈၀၁၁၂၀၉
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၀၀၄၀၁၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးအောင်မြင့်သိန်း၊ (အင်ကြင်းမြိုင် ပုံနှိပ်တိုက်)
၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC

**ဒို့တာဝန်အရေးသုံးပါး**

- ★ ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- ★ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ★ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- ★ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး၊
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- ★ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)
## ခရီးသွားမိတ်ဆွေများ

အနောက်ဘက် မိုးကောင်းကင်တစ်ပြင်လုံး လိမ္မော်ရောင်တောက်ပလျက်ရှိ၏။ နေမင်းကြီးက ရွှေအိုရောင်ခြည်များဖြင့် ကမ္ဘာမြေပြင်အား ဖြန့်ကြက်လွှမ်းခြုံထားသည်။

ယင်းကြောင့်....

လောကကြီးတစ်ခုလုံး ရွှေရောင်တောက်ပလျက်ရှိ၏။

သို့သော် .... နေရောင်ခြည်မှာ အားပျော့မှေးမှိန်စပြုလာပြီဖြစ်သည်။ မကြာမီ နေဝင်တော့မည်ဖြစ်၏။

ထိုအချိန်တွင် .... ကွေ့ကောက်သောတောလမ်းကလေးအတိုင်း မြင်းတစ်ကောင် ခရီးနှင်လာနေသည်ကို တွေ့မြင်နိုင်လေသည်။ မြင်းပေါ်တွင် အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသောလူငယ်တစ်ယောက်စီးနင်းလိုက်ပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူငယ်မှာ....

အသက်နှစ်ဆယ်ဝန်းကျင်ခန့်ရှိပြီး ယောက်ျားပီသစွာ ချေ မောခန့်ညားလှပေသည်။

လူငယ်သည် ချူလန်မြို့သို့ဦးတည်ကာ တောလမ်းကလေ အတိုင်း မြင်းကိုအသားကျစီးနင်းလိုက်ပါလာ၏။

ချူလန်မြို့အတွင်းသို့ရောက်ရှိသွားသောအခါ နေဝင်မိုးချု သွားပြီဖြစ်သည်။

ရှေ့ဆက်ခရီးနှင်ရန် မဖြစ်နိုင်တော့ချေ။

သို့ဖြစ်ရာ... မြင်းစီးသမားလူငယ်သည် ချူလန်မြို့လေး ပင် တစ်ညတာနားခိုရန်ဆုံးဖြတ်လိုက်၏။

ထို့နောက် အနီးဆုံးရှိ ကျောက်လုံတည်းခိုခန်းသို့ဝင်ရောက် လိုက်လေသည်။

ဝဝဝဝ



ချူလန်မြို့ ....

ချူလန်မြို့မှာ ချောင်ကျသောနေရာတွင်တည်ရှိ၏။

မြို့ဟုဆိုသော်လည်း ရွာကြီးတစ်ရွာခန့်သာ ကျယ်ဝန်းလေသည်။ ကျောက်လုံတည်းခိုခန်းတွင် ....

ဆင်းရဲသားခရီးသွားများနှင့် ....

ဈေးသည်များသာတည်းခိုလေ့ရှိ၏။

အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသည့်လူငယ်ကဲ့သို့ သားနား သပ်ရပ်စွာဝတ်ဆင်ထားသူများကိုတွေ့ရခဲသည်။

ထို့ကြောင့် ....

ဆိုင်ရှင်နှင့်ဆိုင်လုလင်များသာမက တည်းခိုနေကြသူများပါ လူငယ်အား တလေးတစားဆက်ဆံကြကုန်၏။

လူငယ်က ဆန်ပြုတ်တစ်ခွက်နှင့် အသားကင်တစ်ပွဲ မှာယူ ကာစားသောက်လိုက်သည်။

ထိုအချိန်တွင် ....

တည်းခိုခန်းအတွင်းသို့ လူရွယ်တစ်ယောက်နှင့်မိန်းမပျိုတစ် ယောက်တို့လှမ်းဝင်လာကြလေသည်။

သူတို့နှစ်ယောက်သည်လည်း သားသားနားနား ဝတ်ဆင် ထားကြလေသည်။

www.burmeseclassic.com



လူရွယ်မှာ အသက်သုံးဆယ်ခန့်ဝန်းကျင်ခန့်ရှိပြီး ကိုယ်ခန္ဓာကြီးမားကြံ့ခိုင်လှ၏။

အပြာရောင်ဝတ်စုံအောက်မှ တောင့်တင်းသန်မာသော သူ၏ ခန္ဓာကိုယ်မှာ အထင်းသားပေါ်လွင်နေလေသည်။

သို့သော် ..... လူရွယ်မှာအသားအလွန်ညို၏။

မိန်းမပျိုမှာ အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိပြီး အသား အနည်းငယ်ညိုသည်။ ရုပ်ရည်မှာမူ အတော်ပင်ချောမောလှပလေသည်။

အဝါရောင်ဝတ်စုံကြောင့် သူမ၏အလှမှာပို၍ပေါ်လွင်ထင်ရှားနေပေသည်။ လူရွယ်နှင့်မိန်းမပျိုတို့၏နောက်ကျောတွင် ဓားကိုယ်စီလွယ်ပိုးထားကြ၏။

ထို့ကြောင့် ..... သူတို့နှစ်ယောက်စလုံး သိုင်းလောကသားများဖြစ်ကြောင်းသိသာနိုင်ပေသည်။

သူတို့စီးလာသောမြင်းကြီးများမှာလည်း အရပ်အမောင်းကောင်းလှသော မြင်းချောမြင်းလှကြီးများပင် ဖြစ်၏။

ထိုအချိန်တွင်..... စောစောက စားသောက်နေသော အပြာရောင်ဝတ်စုံနှင့်လူရွယ်က စားသောက်ပြီးစီး၍ ထိုင်ရာမှထလိုက်လေသည်။ ထို့နောက်..... ကောင်တာတွင်ထိုင်နေသောဆိုင်ရှင်ထံသို့ လှမ်းသွားကာမေးမြန်းလိုက်၏။



"ဒီမှာနောင်ကြီး... ကျေးဇူးပြုပြီး ထင်းချန်းတောင်သွားရာလမ်းကိုညွှန်ပြပေးပါလားခင်ဗျာ"

သူ၏အသံမှာကျယ်လောင်ခြင်းမရှိသော်လည်း အပြာရောင်ဝတ်လူရွယ်နှင့်အဝါရောင်မိန်းမပျိုတို့ ကြားသွားပုံရသည်။

သူတို့က လူငယ်အား ကြည့်လိုက်ကြသည်။

ထို့နောက် သူတို့အချင်းချင်း ခေါင်းချင်းဆိုင်ကာ တီးတိုးပြောဆိုကြလေသည်။ သို့သော် လူငယ်က သူတို့အားဂရုမထားချေ။ ထင်ချန်းတောင်သွား ရာလမ်းကိုညွှန်ပြနေသည့်ဆိုင်ရှင်၏စကားသံကိုသာ နားထောင်နေလေသည်။

ထို့နောက်.... သူ၏အခန်းရှိရာတည်းခိုခန်းအပေါ်ထပ်သို့ တက်သွားလေတော့သည်။

oooo

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်သည် ပိန်းပိတ်အောင် မှောင်မည်းနေရာမှ တဖြည်းဖြည်းကြည်လင်လာပြီဖြစ်၏။

တဖြည်းဖြည်းနှင့် နောက်ဆုတ်သွားသောအမှောင်ထုများ နေရာသို့ အရုဏ်ဦး၏ရောင်ခြည်များက တစ်စထက်တစ ချဉ်းနင်းဝင်ရောက်လာပြီဖြစ်သည်။

အဖြူရောင်ဝတ်လူငယ်သည် နံနက်စောစောပင် အိပ်ရာမှနိုးလာ၏။ သူသည် ကိုယ်လက်သန့်စင်ပြီးသည်နှင့် တည်းခိုခရှင်းပေးပြီး ခရီးဆက်လက်ထွက်ခွာလာခဲ့သည်။

လူငယ်၏မြင်းမှာ အမြင့်မခန့်ထည်ပေ။

ပုပျပ်ပျပ်နှင့် အလုံးအထည်သေးသောမြင်းမျိုးဖြစ်၏။

သို့သော် အပြေးမြန်ကာ သက်လုံအလွန်ကောင်းသည်။

ထို့ကြောင့်....

အံ့ဩစရာကောင်းလောက်အောင်ပင် မရပ်မနား ခရီးပြင်းနှင်နိုင်ပေသည်။

အမောလည်းခံနိုင်သဖြင့် ခရီးပြင်းနှင်ရာ၌လွန်စွာသင့်တော်သည့်မြင်းမျိုးဖြစ်ပေသည်။

လူငယ်မှာ မြင်းကိုအပြင်းနှင်လာခဲ့ခြင်းကြောင့် အတော်ပင်ခရီးပေါက်လာခဲ့ပြီဖြစ်လေသည်။



သူသည် ဆက်လက်ခရီးနှင်ခဲ့ရာ နေ့လည်ပိုင်းတွင် ရွာလေးတစ်ရွာသို့ရောက်ရှိလာလေသည်။

ရွာကလေးမှာ ခရီးသွားများတစ်ထောက်နားခိုနေရာတစ်ခုဖြစ်ပုံရသည်။

ရွာထိပ်တွင် စားသောက်ဆိုင်တစ်ဆိုင်ဖွင့်လှစ်ထားရှိလေသည်။ လူငယ်သည် ဗိုက်ထဲတွင်ဆာလောင်လာသဖြင့် စားသောက်ဆိုင်ရှေ့တွင် မြင်းကိုရပ်တန့်လိုက်သည်။

ထို့နောက်....

မြင်းပေါ်မှ လွှားခနဲခုန်ချကာ စားသောက်ဆိုင်ထဲသို့လှမ်းဝင်သွားလေသည်။

သူသည် စားသောက်ဖွယ်ရာများ မှာယူ၍ နေ့လည်စာ စားသောက်လိုက်သည်။

ယင်းအခိုက် မြင်းခွာသံများကိုကြားလိုက်ရသည်။

"ခွပ်... ခွပ်... ခွပ်"

မြင်းခွာသံများသည် စားသောက်ဆိုင်ရှေ့တွင်ရပ်တန့်သွားသည်။ တစ်ဆက်တည်းမှာပင် စားသောက်ဆိုင်တွင်းသို့ လူနှစ်ဦးလှမ်းဝင်လာသည်ကိုမြင်လိုက်ရသည်။

ထိုလူနှစ်ယောက်မှာ အခြားသူများမဟုတ်ကြချေ။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်လုံစားသောက်ဆိုင်တွင် လူငယ်နှင့်တွေ့ဆုံခဲ့သော အပြာရောင်ဝတ်လူငယ်နှင့် အဝါရောင်ဝတ်မိန်းကလေးတို့ပင်ဖြစ်လေသည်။ အဖြူရောင်ဝတ်လူငယ်မှာ အနည်းငယ်အံ့အားသင့်သွားပုံရလေသည်။

သူသည် ထိုင်ရာမှလှမ်းပြောလိုက်သည်။

"ဟော... ကျွန်တော်တို့တွေ့ကြရပြန်ပြီ"

အပြာရောင်ဝတ်လူငယ်က ပြုံးကာပြန်ပြောသည်။

"မင်းက ကျုပ်တို့ရှေ့ရောက်နေတာကိုး၊ မင်းရဲ့မြင်းက တကယ်အပြေးမြန်တာပဲ"

ပြောပြောဆိုဆိုဖြင့်ပင် ဆိုင်ရှေ့တွင်ချည်နှောင်ထားသော မြင်းအားလှမ်းကြည့်လိုက်သည်။ အဖြူရောင်ဝတ်လူငယ်က ပြုံးလိုက်လေသည်။

"ကျွန်တော့်မြင်းက အသေးစားလေးပါ၊ ခင်ဗျားတို့ရဲ့မြင်းကောင်းမြင်းသန့်ကြီးတွေကို မမီပါဘူး၊ သူက အမောနည်းနည်းခံနိုင်တာပဲရှိပါတယ်"

မိန်းမပျိုက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ်... သူ့မြင်းက ကျွန်မတို့မြင်းကိုဘယ်လိုမှမမီနိုင်ပါဘူး"



အပြာရောင်ဝတ်လူငယ်က မိန်းမပျိုကိုလှည့်ကြည့်လိုက်သည်။ ထို့နောက် အသာအယာခေါင်းခါကာ...

"တခြားပညာမှာသာ မင်း ငါ့ထက်တော်ချင်တော်မယ် မြင်းကိုအကဲခတ်တဲ့နေရာမှာတော့ ငါ့ကိုမမီနိုင်ပါဘူး၊ ဒီကမိတ်ဆွေရဲ့မြင်းဟာ စုချွမ်းလားမြင်းမျိုးထဲက မြင်းကောင်းတစ်စီးဖြစ်တယ်၊ ဒါကြောင့် သူ့ကိုအထင်မသေးနဲ့ တကယ်ယှဉ်ပြေးရင် ငါတို့မြင်းဖြူနဲ့မြင်းနက်တို့ထက် သာလိမ့်မယ်"

မိန်းမပျိုက နှာခေါင်းရှုံ့လိုက်၏။

"တော်စမ်းပါ... အစ်ကို့ရဲ့မြင်းအကဲခတ်ပညာကို ကျွန်မ အထင်မကြီးဘူး"

အပြာရောင်ဝတ်လူငယ်မှာ ခံပြင်းသွားပုံရသည်။

သူက မိန်းမပျိုကိုကြည့်ကာ ပြောလိုက်သည်။

"အေး... မင်းမယုံရင် ခဏကြာတော့ လက်တွေ့စမ်းသပ်ကြည့်ကြတာပေါ့"

တစ်ဆက်တည်းပင် သူက အဖြူရောင်ဝတ်လူငယ်ဘက်သို့ လှည့်ကာပြောလိုက်သည်။

"စားသောက်ပြီးရင် .... မြင်းပြိုင်ပွဲလေး တစ်ခုလုပ်ကြရအောင်လား၊ မင်းမြင်းက တကယ်အပြေးမြန်တယ်ဆိုတော့ ဟောဒီက

www.burmeseclassic.com



ကျုပ်ညီမသိသွားရအောင်ပေါ့"

အဖြူရောင်ဝတ်လူရွယ်က ပြုံးလိုက်၏။

"ဟာ... ရပါတယ်ဗျာ၊ ကဲ... ဒီဘက်စားပွဲကိုလာကြပါလား။ မိတ်ဖြစ်ဆွေဖြစ် ကျွန်တော်ဧည့်ဝတ်ပြုပါရစေ"

သူက လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်လိုက်သည်။

အပြာရောင်ဝတ်လူငယ်နှင့် အဝါရောင်ဝတ်မိန်းမပျိုတို့က လည်း အဖြူရောင်ဝတ်လူငယ်၏စားပွဲမှထိုင်ခုံလွတ်များတွင် ဝင်ထိုင် လိုက်ကြသည်။ အဖြူရောင်ဝတ်လူရွယ်က စားသောက်ဖွယ်ရာများ ကို ထပ်မံမှာကြားလိုက်၏။

ထို့နောက်.... သုံးယောက်သား ရင်းနှီးစွာစားသောက် ကြလေတော့သည်။

ဝဝဝဝ



စားသောက်ပွဲကား ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။

လူငယ်နှစ်ဦးနှင့်မိန်းမပျိုတို့သည် စားသောက်ဆိုင်တွင်းမှ ထွက်လာခဲ့ကြလေသည်။ ထို့နောက်.... ဆိုင်ရှေ့တွင် ရပ်တန့်ထား သောမြင်းများပေါ်သို့ အသီးသီးတက်လိုက်ကြ၏။

သုံးယောက်စလုံး မြင်းပေါ်သို့ရောက်သွားသည်နှင့် အပြာ ရောင်ဝတ်လူရွယ်က အချက်ပေးလိုက်သည်။

"ကဲ... စကြစို့လား"

အချက်ပေးသံဆုံးသည်နှင့် မြင်းသုံးစီး ဒုန်းစိုင်းပြေးထွက် သွားကြလေသည်။

မြင်းခွာသံများ သောသောညံသွားလေ၏။

မြင်းများထွက်ခွာသွားရာလမ်းတစ်လျှောက်တွင် ဖုန်များတ ထောင်းထောင်းထလျက်ကျန်ရစ်ခဲ့၏။

အဖြူရောင်ဝတ်လူငယ်၏မြင်းပုလေးမှာ လေးညို့မှပစ်လွှတ် လိုက်သောမြားတစ်စင်းကဲ့သို့ လျှင်မြန်စွာပြေးထွက်သွားလေသည်။

အပြာရောင်ဝတ်လူရွယ်နှင့် အဝါရောင်ဝတ်မိန်းမပျိုတို့၏ မြင်းဖြူမြင်းနက်နှစ်ကောင်မှာလည်း ထည်ဝါခန့်ညားစွာပြေးထွက် သွား၏။ မြင်းဖြူကိုမြားဖြူဟုခေါ်ကာ မြင်းနက်ကိုမြားနက်ဟုအမည် ပေးထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏မြားဖြူမြားနက်ဆိုသောမြင်းနှစ်ကောင်မှာ....

အကောင်ကြီးပြီး ခြေဆံလက်ဆံများရှည်လျားသည်။ မြင်းများ၏အလုံးအထည်အရပ်အမောင်းမှာ အလွန်ပင် ခန့်ညားထည်ဝါလှပေ၏။

မြားဖြူမြားနက်သည် စထွက်သည်နှင့်မြင်းပုလေး၏ရှေ့မှ လေးငါးဆယ်ကိုက်ခန့်ပင် ကျော်တက်သွားသည်။

သို့သော်.... ရေရှည့်တွင် မြင်းပုလေးသည် သိပ်ကြာကြာ ဦးဆောင်မထားနိုင်ချေ။

မကြာမီ အဖြူရောင်ဝတ်လူငယ်၏မြင်းပုလေးက လိုက်မီလာသည်။ ထို့နောက် မြားဖြူမြားနက်တို့၏ဘေးမှကပ်ကာ ကျော်တက်သွားလေသည်။

အချိန်အနည်းငယ်အတွင်း၌ပင်....

မြင်းပုလေးမှာ မြားဖြူမြားနက်တို့၏ရှေ့သို့များစွာကျော်လွန်သွားလေတော့၏။

ထိုအခါ အပြာရောင်ဝတ်လူရွယ်က မြင်းနက်ကိုစိုင်းနှင်ရင်း မိန်းမပျိုဘက်သို့လှည့်ကာပြောလိုက်၏။

"ဘယ်နှယ့်လဲညီမ... ငါခန့်မှန်းချက်က မှန်နေတယ်မဟုတ်လား"



သူကလှောင်ပြုံးပြုံးကာမေးလိုက်ခြင်းဖြစ်သည်။

မိန်းမပျို က မည်သည့်စကားမှပြန်မပြောချေ။

သို့သော် သူမက အံကြိတ်လိုက်၏။

ထို့နောက် မြင်းကို ကျာပွတ်ဖြင့် တအားလွှဲရိုက်လိုက်သည်။

ကျာပွတ်ဖြင့် ခပ်ကြမ်းကြမ်းအရိုက်ခံရသောမြင်းဖြူသည် အားကုန်ပြေးလွှားသွား၏။

မြားနက်မှာ နောက်တွင်ပြတ်ကျန်ရစ်ခဲ့လေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



မြားဖြူမှာ တရကြမ်းဝင်လာ၏။

အချိန်အနည်းငယ်အတွင်းမှာပင် မြင်းပုလေးကိုမီလာသည်။

မကြာမီ မြင်းချင်းယှဉ်မိသွား၏။

ထိုအခါ... အဖြူရောင်ဝတ်လူငယ်က မိန်းမပျိုဘက်သို့လှည့်ကာပြောလိုက်သည်။

"ခင်ဗျားရဲ့မြင်းက သိပ်ကောင်းပါတယ်၊ ကျွန်တော့်မြင်းက ခင်ဗျားရဲ့မြင်းကိုနိုင်အောင် မပြေးနိုင်တော့ဘူး"

မိန်းမပျိုကရယ်မောလိုက်၏။

"ကျွန်မသိပါတယ်.... ရှင် သက်သက်အလျှော့ပေးတာပါ ရှင်ကမြင်းကိုဇက်ကုန်မနှင်လို့ အခုလိုကျွန်မလိုက်မီလာတာပါ"

အဖြူရောင်ဝတ်လူငယ်က မြင်းဇက်ကြိုးကိုအသာဆွဲလိုက်သည်။ မိန်းမပျိုကလည်း မြင်းကိုဇက်သတ်လိုက်၏။

နှစ်ယောက်စလုံး မြင်းကို အပြင်းမနှင်ကြတော့ချေ။

မြင်းကိုယ်စီ အသားကျစီးကာ မြင်းနက်အား စောင့်နေလိုက်ကြလေသည်။

ယင်းသို့စောင့်ရင်း....

မိန်းမပျိုက လူငယ်အားအကဲခတ်လိုက်၏။

ထို့နောက် သူမကမျက်မှောင်ကုပ်ကာမေးလိုက်၏။



"ရှင့်ကိုကြည့်ရတာ ဒီနယ်သားနဲ့မတူပါလား၊ ခရီးပြင်းနှင်နေတာကလဲထူးတယ်၊ ဘယ်ကိုသွားမလို့လဲ"

လူငယ်က တည်ကြည်သောလေသံဖြင့်ပြန်ဖြေ၏။

"ထင်းချန်းတောင်ကိုသွားမလို့ပါ... အနီးဆုံးလမ်းကိုသိရင် ညွှန်ပြပေးပါလား"

မိန်းမပျိုအံ့အားသင့်သွားသည်။

သူမက မျက်လုံးဝင့်ကာမေးလိုက်၏။

"ထင်းချန်းတောင်ကို ဘာကိစ္စနဲ့သွားမှာလဲ"

လူငယ်က မိန်းမပျိုအား စိုက်ကြည့်ကာပြောလိုက်သည်။

"ထင်းချန်းဂိုဏ်းချုပ်ကို သွားရောက်တွေ့ဆုံဂါရဝပြုမလို့ပါ"

မိန်းမပျို၏မျက်လုံးများမှာ ဝိုင်းစက်ပြူးကျယ်သွားသည်။

ယင်းအခိုက် နောက်ဘက်တော်တော်လှမ်းလှမ်းတွင် ကျန်ရစ်ခဲ့သောမြင်းနက်မှာလည်း သူတို့အနီးသို့ရောက်ရှိလာသည်။

ထိုအခါ... မိန်းမပျိုက အပြာရောင်ဝတ်လူငယ်အား လှမ်းပြောလိုက်၏။

"အစ်ကိုရေ... သူက ကျွန်မတို့ရဲ့နေအိမ်ကိုသွားမလို့ဘဲ"

မိန်းမပျို၏စကားကြောင့် လူငယ်မှာ မျက်မှောင်ကုပ်သွားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မိန်းမပျိုနှင့်အပြာရောင်ဝတ်လူရွယ်မှာ ထင်းချန်းဂိုဏ်းမှလူများဖြစ်ကြောင်း ချက်ချင်းပင်ရိပ်မိလိုက်သည်။

အပြာရောင်ဝတ်လူရွယ်က လူငယ်အား စိုက်ကြည့်ကာ ပြောလိုက်သည်။

"ကျုပ်နာမည် ရောင်ယင်းပါ ... ဟောဒါက ကျုပ်ညီမ ရောင်မိန်၊ ခင်ဗျားကိုကျုပ်တို့ဆီလာတဲ့ဧည့်သည်မှန်းမသိလို့ ခုလို ဧည့်ဝတ်မကျေသလိုဖြစ်သွားတာ ခွင့်လွှတ်ပါ"

လူငယ်ကလက်နှစ်ဖက်ဆုပ်ကာ အရိုအသေပြုလိုက်၏။

"ကျွန်တော့်နာမည်ဖုန်းလွေပါ၊ ဆရာပတ္တမြားရှု နန်းကုန်းထင်ရဲ့အမိန့်အရ ခင်ဗျားတို့ဂိုဏ်းချုပ်ကို ဂါရဝပြုဖို့လာခဲ့တာပါ၊ အခုလို ခင်ဗျားတို့နဲ့လမ်းမှာဆုံရတာ အများကြီးဝမ်းသာပါတယ်"

မိန်းမပျိုက မျက်မှောင်ကုပ်ကာမေးလိုက်သည်။

"ဒါနဲ့ ရှင်ကဘယ်လိုအကြောင်းကိစ္စရှိလို့ ကျွန်မတို့ဆီကို လာရတာလဲ"

ဖုန်းလွေကတည်ကြည်သောမျက်နှာထားဖြင့် ရှင်းပြ၏။

"ဒီလိုပါခင်ဗျာ... ကျွန်တော့်ဆရာရဲ့သမီးကို ခင်ဗျားတို့ ထင်းချန်းဂိုဏ်းကချောင်စန်းက လှည့်ဖြားခေါ်ဆောင်သွားတာကြောင့် ထင်းချန်းဂိုဏ်းချုပ်ကို အကျိုးအကြောင်းမေးမြန်းစုံစမ်းဖို့



ဆရာကလွှတ်လိုက်တာပါခင်ဗျာ"

ထိုစကားကြောင့် ရောင်ယင်းတို့မောင်နှမ၏မျက်နှာပေါ်တွင် ဒေါသအရိပ်အယောင်များထွက်ပေါ်လာကြလေ၏။

ဖုန်းလွေ၏စကားဆုံးသောအခါ ရောင်ယင်းကသက်ပြင်းချလိုက်သည်။

ထို့နောက် သူက ဖုန်းလွေအား အားနာသောအကြည့်ဖြင့်ကြည့်ကာပြောလိုက်သည်။

"အင်း... ပြောရမှာရှက်စရာပဲ၊ ချောင်စန်းကြောင့် ကျုပ်တို့ ထင်းချန်းဂိုဏ်းမှာ အတော့်ကိုဂုဏ်ပျက်ရတယ်၊ ဒီလူက ဆိုးသွမ်းလွန်းပြီး မကောင်းမှုအမျိုးမျိုးလုပ်နေတာကြောင့် ကျုပ်တို့က အရေးယူဖို့လိုက်ရှာနေတာ အပုန်းကောင်းလို့ရှာမရဖြစ်နေတယ်"

ရောင်မိန်ကဝင်ပြောလိုက်၏။

"ဟုတ်တယ်... ခုလဲ ချောင်စန်းဟာ တာစစ်တောင်ခြေရွာကိုရောက်နေတယ်သတင်းကြားလို့ ကျွန်မတို့မောင်နှမလိုက်သွားကြတာ၊ ဒါပေမယ့် လက်မတင်လေးလွတ်သွားတယ်၊ ဒါကြောင့် အိမ်ကိုအပြန်မှာ ရှင်နဲ့ဆုံရတာပါ"

ဖုန်းလွေ သက်ပြင်းချလိုက်သည်။

ချောင်စန်းမှာ ထင်းချန်းဂိုဏ်းမှ အပြစ်ပေးအရေးယူရန်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရခြင်းခံရနေသူဖြစ်ကြောင်း သိရှိလိုက်ရချေပြီ။

သို့ဖြစ်ရာ.... သည်တွင်ပင် ကိစ္စကပြတ်နေပြီဖြစ်၏။

ဖုန်းလွှေအနေဖြင့် ထင်းချန်းတောင်သို့မသွားဘဲ လှည့်ပြန် လျှင်လည်းဖြစ်သည်။

သို့သော် ဖုန်းလွှေမှာ စေ့စပ်သေချာသူတစ်ယောက်ဖြစ်၏။

ထို့ကြောင့် ဆရာဖြစ်သူမှာကြားလိုက်သည့်ကိစ္စကို တလေး တစားလိုက်နာဆောင်ရွက်ရန် ဆုံးဖြတ်လိုက်သည်။

ထင်းချန်းတောင်မှာ များစွာမဝေးသောကြောင့် ခရီးဆက် သွားရန်ဆုံးဖြတ်လိုက်၏။

ထင်းချန်းဂိုဏ်းချုပ်နှင့်တွေ့ဆုံပြီးမှသာ အကြောင်းပြန်စာ ကိုရယူပြီး ဆရာ့ထံသို့ပြန်ရန် ဖုန်းလွှေစိတ်ကူးထားသည်။

ယင်းသို့ဖြင့်...

သူသည် ရှောင်ယင်းတို့မောင်နှမနှင့်အတူ ထင်းချန်းတော သို့ခရီးဆက်လက်ထွက်ခွာခဲ့၏။

ခရီးပြင်းနှင်သွားကြသောကြောင့် ညဥ့်ဦးပိုင်းအချိန်၌ပ ထင်းချန်းတောင်သို့ရောက်ရှိသွားခဲ့ကြလေသည်။

၀၀၀၀



ထင်းချန်းဂိုဏ်း....

ထင်းချန်းဂိုဏ်းဌာနချုပ်စခန်းမှာ ထင်းချန်းတောင်ပေါ်၌ တည်ရှိ၏။ ယင်းကြောင့် ထင်ချန်းတောင်တစ်ဝိုက်တွင် အစောင့်အ ကြပ်များထူထပ်စွာစောင့်ကြည့်လျက်ရှိသည်။

သာမန်လူစိမ်းများအဖို့ ထင်းချန်းတောင်အနီးသို့ပင် ကပ် ရန်လွယ်ကူမည်မဟုတ်ပါ။

သို့သော် ထိုဖုန်းလွှေမှာ ရှောင်ယင်းတို့မောင်နှမနှင့်အတူ လိုက်ပါလာသောကြောင့် စခန်းထဲသို့အလွယ်တကူပင်ဝင်ရောက်လာ နိုင်ခဲ့၏။

သူတို့သည် ဧည့်ခန်းထဲသို့လှမ်းဝင်လိုက်စဉ်မှာပင် မိန်းမပျို လေးတစ်ယောက်၏အသံကိုကြားလိုက်ရ၏။

"ဟော... အစ်ကိုနဲ့မမတို့တောင်ပြန်လာကြပြီ"

မိန်းကလေးအသံမှာ ချိုလွင်သာယာလှ၏။

ဖုန်းလွှေက အသံလာရာသို့လှည့်ကြည့်လိုက်၏။

ထိုအခါ မိန်းမပျိုလေးတစ်ယောက်ကိုတွေ့လိုက်ရသည်။

မိန်းကလေးမှာ အသက်(၁၇)နှစ်ခန့်ရှိ မိန်းကလေးငယ်တစ် ယောက်ဖြစ်သည်။ ရုပ်ရည်ချောမောပြေပြစ်သောရှောင်မိန်ထက် များ စွာနုနယ်ချောမောလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလွှေ၏ဘဝတစ်သက်တာတွင် ဤမိန်းကလေးလောက် ချောလှသည့်မိန်းကလေးကို မမြင်ဖူးခဲ့ပါ။

သူမဝတ်ဆင်ထားသော အစိမ်းရောင်ဝတ်စုံမှာ သူမ၏ ကောက်ကြောင်းပြေပြစ်သော ကိုယ်လုံးအလှကိုဖုံးကွယ်ထားနိုင်ခြင်းမရှိပါ။

သူသည် မိန်းကလေးထံမှအကြည့်ကိုမခွာနိုင်ပေ။

အတော်ကြာကြာစိုက်ကြည့်နေမိသည်။

တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုပင် မိန်းကလေး၏မျက်လုံးအကြည့်ကလည်း သူ့ထံသို့ရောက်ရှိလာသည်။

နှစ်ဦးစလုံး အကြည့်ခြင်းဆုံလိုက်ချိန်တွင် သူတို့၏မျက်လုံးများမှာ အရောင်တလက်လက်တောက်ပသွားကြသည်။

ရင်ခုန်သံမှာလည်း မြန်လာကြ၏။

ယင်းကြောင့် ဆုံမိသောအကြည့်များကို ကမျာကယာလွှဲဖယ်လိုက်ကြသည်။

မိန်းကလေးမျက်နှာမှာ နီရဲသွားသည်။

အလားတူပင် သူလည်း တစ်ကိုယ်လုံးထူပူသွားသည်။

ရောင်ယင်းတို့ရှေ့တွင် အနေအထိုင်ရခက်နေသည်။ သူ၏ တစ်သက်တာ၌ ယင်းကဲ့သို့တစ်ခါမျှ မဖြစ်ခဲ့ပါ။



သူ့ကိုယ်သူလည်း အတော်အံ့သြသွားမိသည်။

ရောင်ယင်းနှင့်ရောင်မိန်တို့မှာ ဖုန်းလွှေနှင့်မိန်းကလေးတို့၏အမူအရာကိုရိပ်မိလိုက်သည်။

ရောင်ယင်းက မိတ်ဆက်ပေးလိုက်သည်။

"အဲဒါ ကျုပ်ညီမအငယ်ဆုံးရောင်မေဝါးပါ။ ညီမလေး ဒါက ငါတို့ဆီကိုအလည်လာတဲ့ဖုန်းလွှေပဲ"

ရောင်မေဝါးကခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ရှင့်"

သူမ၏စကားသံမှာ တိုးညင်းစွာထွက်ပေါ်လာသည်။

စကားဆုံးသည်နှင့် သူမသည်ချာခနဲလှည့်ကာ အတွင်းခန်းသို့ပြေးဝင်သွား၏။

သူ့ရင်ထဲတွင် ဟာခနဲဖြစ်သွားသည်။

ရောင်မိန်က ရောင်မေဝါးပြေးထွက်သွားရာ အခန်းတွင်းကို စိုက်ကြည့်နေရာမှပြောလိုက်သည်။

"ညီမလေးက ကျွန်မတို့လိုမဟုတ်ဘူး။ သိုင်းလောကသားမိသားစုမှာမွေးဖွားလာပေမယ့် သိုင်းပညာကိုဝါသနာမပါဘူး။ သိုင်းလဲ မသင်ဘူး.. စာပေဂီတကိုပဲဝါသနာပါတယ်"

ရောင်ယင်းက သူ့အား စိုက်ကြည့်ကာပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ညတော့ အချိန်လဲမရှိတော့ဘူး၊ မနက်ကျမှပဲ ဖေဖေတို့နဲ့တွေ့ဖို့စီစဉ်လိုက်မယ်၊ ခင်ဗျားအနားယူလိုက်ပါဦး"

စကားဆုံးသည်နှင့်သူ့ကို အိပ်ခန်းတစ်ခုသို့လိုက်ပို့လိုက်သည်။ ဖုန်းလွှေမှာ ရှောင်မေဝါးကိုမျက်လုံးဝေ့ယမ်းကာ မသိမသာရှာဖွေရင်း ရှောင်ယင်းနောက်မှလိုက်ပါသွား၏။

ဝဝဝဝ



လမိုက်ညဖြစ်သောကြောင့် ဝန်းကျင်တစ်ခုလုံးမှောင်မည်းနေလေသည်။ ညဉ့်နက်နေပြီဖြစ်သောကြောင့် အစောင့်အကြပ်များမှလွဲ၍ ထင်းချန်းပိုဏ်းချုပ်စခန်းတစ်ခုလုံးအိပ်စက်နေကြပြီဖြစ်၏။

သို့သော်.... အများသူငါကဲ့သို့ နှစ်ခြိုက်စွာအိပ်မပျော်နိုင်သူတစ်ဦးရှိနေပါသည်။

အခြားသူမဟုတ်ပါ။

ဖုန်းလွှေသာ ဖြစ်သည်။

သူသည် အိပ်ရာထက်တွင် ဘယ်စောင်းညာလှည့်ဖြင့် အိပ်မပျော်နိုင်သူဖြစ်နေသည်။ အကြောင်းကား... သူ့မျက်လုံးထဲတွင် ရှောင်မေဝါး၏ပုံရိပ်ကိုသာ အမြဲမပြတ်မြင်ယောင်နေခြင်းကြောင့်ဖြစ်လေသည်။

ဖုန်းလွှေ၏ရင်ထဲတွင် တဒိတ်ဒိတ်နှင့်ရင်ခုန်သံမြန်နေသည်။

သူ့အနေဖြင့် မည်သို့ပင်ဖြေဖျောက်သော်လည်း တည်ငြိမ်မှုကိုမရရှိနိုင်ပေ။ ဤကဲ့သို့ခံစားမှုမျိုးကို သူ့တစ်သက်နှင့်တစ်ကိုယ်တွင် တစ်ကြိမ်တစ်ခါမျှခံစားခဲ့ရဖူးခြင်းမရှိချေ။

ဖုန်းလွှေသည် မိန်းကလေးတစ်ယောက်အတွက်နှင့် ဤမျှစိတ်လှုပ်ရှားရပါမည်လားဟု မိမိကိုယ်မိမိ အမှန်ပင် မကျေမနပ်ဖြစ်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကြောင့် အတွေးများကိုမောင်းထုတ်ကာ နှစ်ခြိုက်စွာ အိပ်ပျော်နိုင်အောင်ကြိုးစားလိုက်၏။ သို့သော်.... သူ၏အာရုံထဲတွင် ရှောင်မေဝါး၏ရုပ်သွင်က မင်းမူနေဆဲဖြစ်သည်။

ဖုန်းလွှမှာ ကောင်းစွာအိပ်စက်၍မရချေ။

မှေးခနဲအိပ်ပျော်သွားလိုက်....

ရှောင်မေဝါးနှင့်ပတ်သက်သောအိပ်မက်မက်လိုက်....

လန့်နိုးလာလိုက်....

ရှောင်မေဝါးအကြောင်းတွေးလိုက်နှင့်ပင်....

တစ်ညတာကုန်လွန်သွားလေတော့၏။

oooo



ရှောင်ယင်းနှင့် ရှောင်မိန်တို့ မောင်နှမနှစ်ယောက်သည် ဖုန်းလွှကို အိပ်ခန်းဆီသို့ပို့ပေးပြီးနောက်... ဖခင်ဖြစ်သူအား သွားရောက်တွေ့ဆုံကြ၏။

ရှောင်ယင်းတို့၏ဖခင်ရှောင်ဖုန်းမှာ.... ထင်းချန်းဂိုဏ်းချုပ် ဖြစ်သည်။ ရှောင်ဖုန်းသည် သိုင်းလောကတွင် ပန်းခြောက်ခက်ဓား ရှင်ဟုနာမည်ကျော်ကြားသူဖြစ်၏။

ရှောင်မေဝါးတို့ရောက်ရှိသွားချိန်တွင် ဖခင်ဖြစ်သူရှောင်ဖုန်း နှင့်အတူ လူနှစ်ယောက်ရှိနေသည်။

ထိုလူများမှာ စွန်ဖန်းနှင့်ကွေးဂူဆိုသူတို့ဖြစ်ကြ၏။

စွန်ဖန်းနှင့်ကွေးဂူတို့မှာ ထင်းချန်းဂိုဏ်းမှထိပ်တန်းသိုင်း သမားများဖြစ်ကြသည်။

ရှောင်ယင်းနှင့်ရှောင်မိန်တို့က ချောင်စန်းနှင့် လက်မတင် လေးလွဲသွားကြောင်း ဖခင်ဖြစ်သူကိုပြောကြားလိုက်၏။

ထိုစကားကြောင့် ရှောင်ဖုန်းအလွန်ဒေါသထွက်သွားသည်။

ရှောင်ယင်းက ဆက်ပြောလိုက်၏။

'ချောင်စန်းနဲ့ပတ်သက်ပြီး ဖေဖေ့ကိုလာတွေ့တဲ့ဧည့်သည် တစ်ယောက်လဲ ကျွန်တော်တို့နဲ့အတူပါလာတယ်"

ရှောင်ဖုန်း မျက်မှောင်ကုပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက အလိုမတူသောအသံဖြင့်မေးလိုက်သည်။

"ညှို့သည်ကို ဘာကြောင့်မခေါ်လာတာလဲ"

ရှောင်မိန်က ကြားဝင်ပြောလိုက်သည်။

"သူက ညှို့သည်ဖြစ်နေတာကြောင့် ညကြီးမင်းကြီးမှာ ဖေဖေ့ကို ဘယ်အနှောင့်အယှက်ပေးချင်မှာလဲ၊ အခုတောင် အစ်ကိုက အတင်းဖိတ်ခေါ်လို့လိုက်လာတာ၊ သူက အရှိအသေမဲ့ရာရောက်မယ်ဆိုပြီး တောင်ခြေကတည်းခိုဆိုင်မှာပဲတည်းခိုမလို့ တကဲကဲလုပ်နေတာဖေဖေရ"

ထိုစကားကြောင့် ရှောင်ဖုန်းသဘောကျသွား၏။

"တယ်ဟုတ်ပါလား... နေပါဦး... ညှို့သည်ကဘယ်သူလဲ"

ရှောင်မိန်ကရိုသေစွာဖြေလိုက်သည်။

"ပတ္တမြားဂူပိုင်ရှင် နန်းကုန်းထင်ရဲ့တပည့် ဖုန်းလွေပါ၊ အသက်အရွယ်က ကျွန်မထက်တောင်ငယ်ပါသေးတယ်၊ ဒါပေမယ့် အတော့်ကိုတည်ကြည်ပြီးစိတ်ထားကောင်းပုံပဲ"

ရှောင်ဖုန်းက သဘောကျစွာရယ်မောလိုက်သည်။

"ဟား... ဟား... ဟား၊ ဘာလဲ... မင်းက သူ့ကိုမက်တော်ချင်နေပြီထင်တယ်"

ရှောင်ယင်းက ပြုံးကာဝင်ပြောလိုက်သည်။



"သူနဲ့ညီမလေးမေဝါး ဆုံတွေ့မိကြတော့ နှစ်ယောက်လုံး ရှိုးတိုးရှန်းတန်းဖြစ်သွားတာ ကျွန်တော်သတိထားမိလိုက်တယ်"

ရှောင်မေဝါးမှာ သိုင်းပညာကိုလုံးဝသင်ကြားခြင်းမပြုဘဲ စာပေနှင့်ဂီတဘက်တွင်သာ မွေ့လျော်နေသူတစ်ဦးဖြစ်သည်။

ယင်းကြောင့် ရှောင်မိသားစုမှာ သူမအတွက် အမြဲပင် စိတ်ပူပင်နေရလေသည်။

သိုင်းပညာလုံးဝမတတ်သောသူမအား လုံခြုံစွာ ကာကွယ်စောင့်ရှောက်နိုင်မည့်အိမ်ထောင်ဖက်ကို သူတို့ တိတ်တဆိတ်ရှာဖွေနေကြ၏။ သို့သော် ယနေ့ထိ စိတ်တိုင်းကျသူ မတွေ့ရသေးချေ။

ရှောင်ဖုန်းမှာ သားနှင့်သမီးတို့ပြောစကားကြောင့် ဖုန်းလွေအား စိတ်ဝင်စားလာသည်။

သူက ခေါင်းတဆတ်ဆတ်ညိတ်ကာပြောလိုက်၏။

"အေး... မင်းတို့နှစ်ယောက်ကတော့ ညွှန်းနေကြတာပဲ၊ မနက်ကျမှ ဒီကောင်လေး ဖုန်းလွေနဲ့သိုင်းပညာစွမ်းရည်ကိုရော စိတ်နေစိတ်ထားကိုရော ငါကိုယ်တိုင်စမ်းသပ်ကြည့်ရမယ်"

ရှောင်ယင်းကခေါင်းညိတ်လိုက်သည်။

"ဖေဖေ စိတ်တိုင်းကျမှာပါ၊ ဖုန်းလွေလိုစိတ်ထားမြင့်မြတ်တည်ကြည်ပြီးထူးချွန်တဲ့လူငယ်မျိုးရှားတယ်၊ အခွင့်ကောင်းပေါ်တာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့လက်မလွှတ်စေနဲ့”

ရှောင်မိသားစုသည် အထူးပင်ပွင့်လင်းမှုရှိသော မိသားစုဖြစ်သည်။ ယင်းကြောင့် ရှောင်မေဝါး၏အိမ်ထောင်ရေးကိုပွင့်လင်းစွာတိုင်ပင်နေကြခြင်းဖြစ်သည်။ ရှောင်ဖုန်းက သားကြီးနှင့်သမီးကြီးဘက်သို့လှည့်ကာပြောလိုက်၏။

“မင်းတို့က ညီမလေးအတွက်ပဲ ရှာပေးမနေကြနဲ့... မင်းတို့အတွက်လဲ ရှာကြဖို့စဉ်းစားကြဦး”

ရှောင်မိန် ကမန်းကတန်းလက်ကာပြ၍ပြောလိုက်သည်။

“နေပါစေတော့ဖေဖေရယ်.... သမီး သီလရှင်ပဲဝတ်လိုက်ပါတော့မယ်”

သူမ၏စကားကြောင့် အခန်းတွင်းရှိလူအားလုံးမှာ ဝါးခနဲပွဲကျသွားကြလေတော့သည်။

၀၀၀၀



## အခန်း (၂)
## ဆန်းကြယ်ဖူးစာ

နောက်တစ်နေ့နံနက်စောစောတွင် ဖုန်းလွေအိပ်ရာမှနိုးထလာ၏။

သူ ကိုယ်လက်သန့်စင်ပြီးချိန်တွင် တံခါးခေါက်သံကြားလိုက်ရသည်။ တံခါး၏ခါက်သံမှာ မတိုးမကျယ်ပင်ဖြစ်လေသည်။

“ဒေါက်... ဒေါက်”

ဖုန်းလွေက တံခါးကို အသာဖွင့်ကြည့်လိုက်သည်။

ထိုအခါ ရှောင်ယင်းအားတွေ့လိုက်ရသည်။

ရှောင်ယင်းက ဖုန်းလွေအားပြုံးပြကာပြောလိုက်သည်။

“ခင်ဗျား နိုးနေပြီလား.... ခင်ဗျားနဲ့တွေ့ဖို့ ဖေဖေ ဧည့်ခန်းထဲမှာစောင့်နေပါတယ်”

ဖုန်းလွေ ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်အသင့်ဖြစ်နေပါပြီ... သွားကြရအောင်"

ရှောင်ယင်းက ဖုန်းလွှေအား ဧည့်ခန်းဆီသို့ခေါ်ဆောင်သွားလေသည်။ ထင်းချုန်းဂိုဏ်းချုပ်ရှောင်ဖုန်းမှာ ဧည့်ခန်းအလယ်တွင် ထိုင်နေသည်။

သူ၏ဘေးတစ်ဖက်တစ်ချက်တွင် စွန်ဖန်းနှင့်ကွေးဂူတို့ထိုင်နေကြ၏။ ဖုန်းလွှေက ရှောင်ဖုန်းတို့သုံးယောက်ကို လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

ပြီးမှ ရိုသေလေးစားစွာပြောလိုက်၏။

"ကျွန်တော့်ဆရာရဲ့အမိန့်အရ ဂိုဏ်းချုပ်ကြီးကိုလာရောက်တွေ့ဆုံတာပါ၊ လမ်းခရီးမှာဂိုဏ်းချုပ်ကြီးရဲ့သားနဲ့သမီးတို့ကိုတွေ့ဆုံခဲ့ရပါတယ်၊ ဒါကြောင့် သူတို့နဲ့အတူလိုက်လာခဲ့တာပါ။ ကျွန်တော့်လာရင်းကိစ္စကတော့ ချောင်စန်းနဲ့ပတ်သက်ပြီး အကျိုးကြောင်းသိချင်လို့ပါ။ ဒါပေမဲ့ အစ်ကိုရှောင်ယင်းရဲ့ပြောပြချက်အရ ချောင်စန်းကို ဂိုဏ်းကနှင်ထုတ်ပြီးအရေးယူထားကြောင်းသိရပါတယ်"

ဖုန်းလွှေက စကားကိုခဏရပ်ထားကာ ရှောင်ဖုန်းအား အကဲခတ်ကြည့်လိုက်၏။

ပြီးမှ စကားဆက်၏။

"ဒီလိုသိရက်နဲ့ ဒီနေရာအရောက်လာရတာကို အားနာလှ



ပါတယ်၊ ဂိုဏ်းချုပ်ကြီးအနေနဲ့ ချောင်စန်းနဲ့ပတ်သက်တဲ့အကြောင်းစုံကို ကျွန်တော့်ဆရာဆီ စာရေးပေးလိုက်မယ်ဆိုရင် အားလုံးကြေလည်ပြီမ်းချမ်းသွားပါလိမ့်မယ်"

ရှောင်ဖုန်းတို့အဘိုးကြီးသုံးယောက်မှာ ဖုန်းလွှေအခန်းထဲသို့ဝင်လာကတည်းက ဂရုတစိုက်အကဲခတ်ကြည့်ရှုနေကြသည်။

ယင်းကြောင့် ဖုန်းလွှေ၏သွားလာလှုပ်ရှားမှုဟန်မှာ သိုင်းပညာစွမ်းရည်ထက်မြက်ပြည့်ဝကြောင်း အကဲခတ်မိကြလေသည်။

ထို့ပြင် ဖုန်းလွှေ၏စကားအပြောအဆိုမှာ ရည်မွန်သောကြောင့် ရှောင်ယင်းနှင့်ရှောင်မိန်တို့ပြောပြချက်များ မှန်ကန်ကြောင်းကောက်ချက်ချလိုက်၏။

ရှောင်ဖုန်းတို့သုံးယောက်သည် ဖုန်းလွှေအားမြင်ရုံနှင့်ပင် သဘောကျသွားကြသည်။

ထို့ပြင် .... ရင်းနှီးချစ်ခင်သောစိတ်များလည်း ပေါ်ပေါက်လာကြသည်။

သို့သော် ရှောင်ဖုန်းက ဖုန်းလွှေ၏စိတ်ဓာတ်ကိုဆက်လက်စမ်းသပ်ရန်လိုသေးကြောင်းယူဆမိ၏။

ထို့ကြောင့် ဖုန်းလွှေအား မျက်နှာထားတင်းတင်းဖြင့် ကြည့်ကာပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ထင်းချန်းဂိုဏ်းဟာ သူတစ်ပါးနဲ့ပြဿနာမဖြစ်ချင်ပါဘူး၊ အေး... သူများရေ့မှာလဲ အညံ့မခံဘူး။ မင်းဆရာက အလိုက်ကန်းဆိုးမသိဘဲ မင်းကိုစေလွှတ်ပြီး အရေးဆိုခိုင်းတာက တော့ တရားလွန်လွန်းတယ်၊ မင်းက ကျုပ်တို့ဆီကို တစ်ယောက်တည်းလာရဲပုံထောက်တော့ သိုင်းပညာအစွမ်းထက်လို့ပဲဖြစ်ရမယ်၊ ဒီတော့... ကျုပ်တို့ကပထ္တမြားဂူရဲ့သိုင်းပညာစွမ်းရည်ကို စမ်းသပ်ကြည့်ရသေးတာပေါ့"

ရှောင်ဖုန်း၏ပြောပုံဆိုပုံမှာ အလွန်မာန်ပါလှသည်။

မျက်နှာထားတင်းတင်း လေသံပြင်းပြင်းကြောင့် တော်ရုံလူဆိုပါက ကြောက်ရွံ့ကာ နောက်ဆုတ်သွားနိုင်လောက်သည်။

သို့သော် ဖုန်းလွေ့ကမူ ကြောက်ရွံ့တုန်လှုပ်ဟန်မရှိချေ။

နေရာတွင်ပင် တည်ငြိမ်စွာထိုင်နေသည်။

သူသည် ရှောင်ဖုန်းအားတည်ကြည်လေးနက်သောမျက်နှာထားဖြင့်ပြန်ပြောလေ၏။

"ဂိုဏ်းချုပ်ကြီးအထင်မလွဲပါနဲ့ ကျွန်တော့်ရဲ့မဆိုစလောက်သိုင်းပညာလေးနဲ့မထောင်လွှားရဲပါဘူး၊ ချောင်စန်းကိုထင်းချန်းဂိုဏ်းကထုတ်ပယ်ပြီး အရေးယူထားတဲ့အကြောင်း သိုင်းလောကကို အသိပေးကြေညာခြင်းမရှိတာကြောင့် ကျွန်တော့်ဆရာက ဒီအကြောင်းတွေကိုမသိရှိခဲ့ပါဘူး၊ ကျွန်တော့်ကို ဂိုဏ်းချုပ်ကြီးဆီစေလွှတ်လိုက်တာကလဲ ရန်ပြုအရေးဆိုဖို့မဟုတ်ပါဘူး၊ အကျိုးအကြောင်းကို ပြောဆိုမေးမြန်းနိုင်ဖို့သက်သက်ပါ"



သူက ပြောလက်စ,စကားကိုရပ်ထားပြီး ရှောင်ဖုန်းတို့အား အကဲခတ်ကြည့်လိုက်သည်။ ရှောင်ဖုန်းတို့ ဂရုစိုက်နားထောင်နေသည်ကိုတွေ့မှ သူကစကားဆက်လိုက်၏။

"ကျွန်တော်ကလဲ ထင်းချန်းဂိုဏ်းကိုရိုသေလေးစားစွာနဲ့ ရောက်ရှိလာခဲ့ပါတယ်၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီးကိုစော်ကားတယ်ဆိုတဲ့အခြေအနေမျိုးရှိနိုင်ပါဦးမလား၊ ဂိုဏ်းချုပ်ကြီးအနေနဲ့ သေသေချာချာစဉ်းစားစေလိုပါတယ်"

သူရှင်းပြနေသည်ကို ရှောင်ဖုန်းက သေချာအကဲခတ်ကြည့်ရှုနေလေသည်။

ဖုန်းလွေ့၏ဟန်ပန်မှာ ကြောက်လန့်မှုအနည်းငယ်မျှပင် မရှိချေ။ ထို့ပြင် မာန်မာနထောင်လွှားသည့်အမူအရာလည်းမရှိပေ။

ရိုသေလေးစားမှုအပြည့်နှင့် ပြောစရာရှိသည်များကို ရဲရဲတင်းတင်းပြောဆိုနေခြင်းဖြစ်၏။

ရှောင်ဖုန်းမှာ ဖုန်းလွေ့၏ရဲရင့်ထက်မြက်မှုကို အတော်အံ့သြသဘောကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူကဒေါ်ပွှဟန်ဆောင်ပြီးအော်ဟစ်လိုက်၏။

"တော်စမ်း… မင်းက ရန်ရှာအရေးဆိုဖို့လာတာပဲဖြစ်မယ်၊ အကျိုးအကြောင်းပြောဖို့လာတာပဲဖြစ်ဖြစ်… အခုလိုလာရောက်ပြောဆိုခြင်းခံရတာကို ကျုပ်တို့ဂိုဏ်းအတွက် နာမည်ပျက်စရာဖြစ်နေပြီ၊ အေး… မင်း ပတ္တမြားဂူရဲ့ကိုယ်စားလာတာဆိုတော့ အခွင့်အရေးပေးတဲ့အနေနဲ့ယှဉ်ပြိုင်မှုသုံးခုကိုရင်ဆိုင်ပါ"

သူသည် ထင်းချန်းဂိုဏ်းချုပ်၏သဘောထားသေးသိမ်မှုကို အံ့ဩသွားမိ၏။

သို့သော် သူက ဟန်မပျက်မေးလိုက်၏။

"ကျွန်တော့်အနေနဲ့ ဘယ်လိုယှဉ်ပြိုင်မှုမျိုးကို ရင်ဆိုင်ရမလဲဆိုတာ အမိန့်ရှိပါခင်ဗျာ"

ရှောင်ဖုန်းခေါင်းညိတ်လိုက်သည်။

ထို့နောက် လေးနက်တည်ကြည်သောလေသံဖြင့်…

"ပထမ ကျုပ်နဲ့သိုင်းကွက်တစ်ရာပြည့်အောင် ရင်ဆိုင်တိုက်ခိုက်ရမယ်၊ ဒုတိယ ကျုပ်တို့ဂိုဏ်းရဲ့အကွက်အထိပ်သိုင်းပညာဖြစ်တဲ့ ပန်းခြောက်ခတ်ဓားပညာကိုရင်ဆိုင်ပါ၊ တတိယအနေနဲ့ ကျုပ်တို့သိုင်းလေ့ကျင့်ကွင်းက ရွှံ့နွံဗွက်အိုင်ကို ကျော်ဖြတ်ရမယ်၊ အဲဒီသုံးမျိုးအောင်မြင်ရင် ဘယ်လိုမှအရေးမယူတော့ဘူး… နို့မဟုတ်ရင်တော့



မင်းကိုဖမ်းချုပ်ထားရမယ်… မင်းဆရာရောက်လာမှ ကျန်တာဆက်ပြောမယ်"

သူ၏မျက်နှာမှာတင်းမာသွားသည်။

သူ့မျက်လုံးအစုံမှာ ဒေါသကြောင့် တလက်လက်တောက်ပလာသည်။ သို့သော် သူက စိတ်လိုက်မာန်ပါပြောဆိုခြင်းမရှိပါ။

ချက်ချင်းပင် ဒေါသကိုချုပ်တီးကာပြောလိုက်သည်။

"ဂိုဏ်းချုပ်ကြီးရဲ့ဆန္ဒပြင်းပြနေမှတော့ ကျွန်တော်မငြင်းသာတော့ပါဘူး၊ ဂိုဏ်းချုပ်ကြီးပြောတဲ့အတိုင်း လိုက်နာဆောင်ရွက်ဖို့ပဲရှိပါတော့တယ်"

ရှောင်ဖုန်းခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ… ဒါဆိုသိုင်းလေ့ကျင့်ကွင်းကိုသွားကြစို့"

စကားဆုံးသည်နှင့်ထိုင်ရာမှထလိုက်၏။

ကျန်လူနှစ်ယောက်လည်း ထရပ်လိုက်၏။

ထို့ကြောင့်… သူလည်းမနေသာတော့ဘဲ ထိုင်ရာမှထသည်။

ထို့နောက်… ရှောင်ဖုန်းကရှေ့မှဦးဆောင်ကာ သိုင်းသမားကျင့်ကွင်းဆီသို့ထွက်လာခဲ့ကြလေသည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



ကျယ်ပြန့်သောကွင်းပြင်တစ်ခုဖြစ်၏။

ယင်းကွင်းပြင်ထဲ၌ လူတစ်စုရောက်ရှိနေပြီဖြစ်သည်။

တိကျစွာဆိုရပါမူ စုစုပေါင်း လူ(၆)ယောက်တိတိရှိ၏။

(၆)ယောက်အနက် နှစ်ယောက်မှာမျက်နှာချင်းဆိုင်ရပ်နေကြပြီး ကျန်(၄)ယောက်မှာ ခပ်လှမ်းလှမ်းမှရပ်ကြည့်နေကြခြင်း ဖြစ်ပေသည်။

မျက်နှာချင်းဆိုင် ရပ်နေသူနှစ်ယောက်မှာ ရှောင်ဖုန်းနှင့် ဖုန်းလွေတို့ဖြစ်သည်။

သူတို့မှာတစ်ယောက်ကိုတစ်ယောက် စူးရှသောမျက်လုံးများဖြင့်ကြည့်နေကြ၏။ အတန်ကြာမှ ရှောင်ဖုန်းက ပြတ်သားသောလေသံဖြင့်....

"ကဲ... ဖုန်းလွေ စတိုက်ပါ"

ဖုန်းလွေ ခေါင်းခါယမ်းလိုက်သည်။

"ဂိုဏ်းချုပ်ကြီးပဲ စတိုက်ပါ"

ရှောင်ဖုန်းက ပြုံးလိုက်သည်။ ထို့နောက် ဘယ်လက်ဝါးကို ရှေ့သို့ဆန့်ထုတ်လိုက်ပြီး ညာလက်ဝါးဖြင့် သူ့ကိုလှမ်းခုတ်လိုက်၏။

အမှန်တွင် ဘယ်လက်ဝါးမှာ ဟန်ပြတိုက်ကွက်ဖြစ်ပြီး ညာလက်ဝါးကတိုက်ကွက်အစစ်အမှန်ဖြစ်သည်။



ရှောင်ဖုန်း၏တိုက်ကွက်မှာ လွန်စွာပရိယာယ်များပြီး ရက်စက်ကြမ်းကြုတ်လှသောတိုက်ကွက်တစ်ခုဖြစ်၏။

တော်ရုံတန်ရုံသိုင်းသမားဆိုလျှင် ရှောင်ဖုန်း၏လက်ဝါးရိုက်ချက်ကို မလွဲမသွေခံရမည်ဖြစ်သည်။

သို့သော် ဖုန်းလွေမှာ ပါးနပ်လှပသည်။

သူက ဟန်ပြတိုက်ကွက်နှင့် တကယ့်တိုက်ကွက်ကို ကွဲကွဲပြားပြားရိပ်မိလိုက်၏။

ယင်းကြောင့် သူသည် ဘယ်လက်ဝါးရိုက်ချက်ကို အလေးမထားဘဲ ညာလက်ဝါးရိုက်ချက်ကိုသာ ရှောင်တိမ်းလိုက်သည်။

ဤတစ်ကွက်တည်းနှင့်ပင် ရှောင်ဖုန်းမှာ သူ၏သိုင်းစွမ်းရည်ကိုသဘောကျသွား၏။

သူသည် တိုက်ခိုက်မှုကိုအရှိန်အဟုန်မြှင့်လိုက်သည်။

ဖုန်းလွေကလည်း သွက်လက်မြန်ဆန်သောသိုင်းကွက်များသုံးကာ တန်ပြန်တိုက်ခိုက်၏။ သူ၏တိုက်ကွက်ဆုတ်ကွက်များမှာ အလွန်သေသပ်ပိရိလှသည်။

ရှောင်ဖုန်းမှာ ဖုန်းလွေအား အနိုင်ရအောင် မတိုက်ခိုက်နိုင်ချေ။ ယင်းကြောင့် ကြောက်မက်ဖွယ်ရာအကောင်းဆုံးသိုင်းကွက်များကိုအသုံးပြုကာတိုက်ခိုက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲမှာ သွက်လက်မြန်ဆန်လာလေသည်။

မြန်ဆန်လာသည်နှင့်အမျှ လွန်စွာပြင်းထန်လာ၏။

ရှောင်ဖုန်းနှင့်ဖုန်းလွေတို့မှာ သူတစ်ပြန်ကိုယ်တစ်ပြန်တိုက်ခိုက်နေကြလေသည်။

သို့သော် မည်သူကမျှအသာစီးမှတိုက်ခိုက် နိုင်စွမ်း မရှိကြဘဲဖြစ်နေလေသည်။

အချိန်မှာ တဖြည်းဖြည်းကုန်ဆုံးသွား၏။

ရှောင်ဖုန်းနှင့်ဖုန်းလွေတို့ တိုက်ခိုက်နေကြသည်မှာလည်း သိုင်းကွက်တစ်ရာပြည့်သွားပြီဖြစ်သည်။

ထိုအခါ ရှောင်ဖုန်း၏စကားသံထွက်ပေါ်လာ၏။

"တော်ပြီ... ရပ်တော့"

စကားဆုံးသည်နှင့် ရှောင်ဖုန်းသည် သိုင်းကွက်ကိုပြန်လည်ရုပ်သိမ်းလိုက်လေသည်။

ဖုန်းလွေလည်း တိုက်ခိုက်မှုကိုရပ်တန့်လိုက်၏။ ရှောင်ဖုန်းက အောင်မြင်ခန့်ညားသောလေသံဖြင့်ပြောလိုက်သည်။

"အင်း... မင်းရဲ့လက်ဝါးသိုင်းက အတော့်ကိုထက်မြက်တာပဲ၊ ပထမဆုံးစမ်းသပ်မှုတော့အောင်မြင်ပြီ၊ ဒုတိယပွဲကို ဆက်လက်ဆင်နွှဲလိုက်ပါဦး"



ရှောင်ဖုန်းက ဖုန်းလွေအား ခပ်လှမ်းလှမ်းရှိရွှံ့နွံ့ကွက်ကို လက်ညှိုးထိုးပြလိုက်၏။

"ဟောဟိုရွှံ့နွံ့ကွက်ပေါ်မှာ ခြေရာနက်နက်မထင်အောင် ဖြတ်ကျော်ပြရမယ်"

ရွှံ့နွံ့ကွက်မှာ ပေတစ်ရာပတ်လည်ခန့်ရှိသည်။

ရွှံ့နွံ့ကွက်ပေါ်တွင် ခြေရာနက်နက်မထင်အောင် ဖြတ်ကျော်နိုင်းသည်မှာ ကိုယ်ဖော့ပညာစွမ်းရည်ကိုစမ်းသပ်ခြင်းဖြစ်၏။

ဖုန်းလွေသည် ရွှံ့နွံ့ကွက် ရှိရာသို့တည်ငြိမ်စွာလျှောက်လှမ်းသွားလေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလွေသည် ရွှံ့နွံကွက်ရှိရာသို့တစ်လှမ်းချင်း လျှောက်လှမ်းလာခဲ့သည်။

သူက ရွှံ့နွံကွက်အထဲတွင် ခြေလှမ်းရပ်တန့်လိုက်သည်။

ထို့နောက် စိတ်အာရုံကိုမပျံ့လွင့်အောင်ထိန်းထားလိုက်၏။

ထို့ပြင် ကိုယ်ဖော့အတွင်းအားကိုလည်း အပြည့်အဝစုစည်းထားလိုက်သည်။ သူ၏တောက်ပသောမျက်လုံးအစုံက ရွှံ့နွံကွက်ကိုသာ စူးစူးစိုက်စိုက်ကြည့်နေသည်။

ထို့နောက်.... သူသည် လေအဟုန်ကဲ့သို့ လျင်မြန်စွာပြေးထွက်သွားလေသည်။

ရွှံ့နွံကွက်ကိုဖြတ်ကျော်နေသော သူ၏ခန္ဓာကိုယ်မှာ ပုစဉ်းတစ်ကောင် ရေပေါ်လျှပ်တိုက်ပျံသွားသကဲ့သို့ပင် ထင်မှတ်ရသည်။

လှုပ်ရှားပုံ မြန်ဆန်လွန်းသည့်အတွက် လူလုံးကိုပင် သဲသဲကွဲကွဲမမြင်ရချေ။ လှစ်ခနဲ ရိပ်ခနဲလှုပ်ရှားသွားမှုကိုသာ မြင်တွေ့လိုက်ရလေသည်။

မကြာမီ သူသည် ရွှံ့နွံ၏အထက်သို့အောင်မြင်စွာ ရောက်ရှိသွားတော့သည်။ သူက ရွှံ့နွံကွက်၏တစ်ဖက်တွင် မားမားမတ်မတ်ရပ်နေလေသည်။ အားလုံးသောလူများ၏အကြည့်များက ရွှံ့နွံကွက်ပေါ်သို့ရောက်ရှိသွားကြကုန်သည်။



ရွှံ့နွံကွက်ပေါ်တွင် မဆိုစလောက်သော ခြေရာကွက်လေးများသာထင်ကျန်ရစ်သည်ကိုတွေ့ရလေသည်။

ရှောင်ဖုန်းက ဖုန်းလွေအား စိတ်တွင်းမှကျိတ်၍ချီးကျူးလိုက်သည်။ ထို့နောက် နောက်ဆုံးစမ်းသပ်ချက်အနေဖြင့် ဖုန်းလွေနှင့်ရှောင်မိန်တို့ သိုင်းပညာချင်းယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဖုန်းလွေက ရှောင်မိန်အားဦးညွှတ်လိုက်သည်။

"ကျွန်တော်ရိုင်းစိုင်းမိရင် ခွင့်လွှတ်ပါ"

ဖုန်လွေကပြောပြီးသည်နှင့်စတင်တိုက်ခိုက်လိုက်သည်။

သူတိုက်ခိုက်သောအကွက်တွင် စိတ်ဖြာဓားကွက်နှစ်ကွက်ပါဝင်နေသည်။

သူလှုပ်ရှားလိုက်တိုင်း ဓားရောင်မှာ တလက်လက်တောက်ပလျက်ရှိသည်။ ရှောင်မိန်ကလည်း ပန်းခြောက်ခက်ဓားသိုင်းကိုအသုံးပြုကာပြန်လည်တိုက်ခိုက်လိုက်သည်။

ပန်းခြောက်ခက်ဓားသိုင်းမှာ အဆင့်မြင့်တိုက်ကွက်များပါဝင်သဖြင့် ဓားရိပ်ဓားရောင်များမှာ ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းနေသည်။ ဓားချက်ချက်မှာ ပြင်းထန်လွန်းသောကြောင့် လေတိုးသံများတဝီးဝီးထွက်ပေါ်နေသည်။

သို့သော် ဖုန်းလွေမှာ မတုန်လှုပ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မိန်တိုက်ကွက်ဆင်လာသမျှကို တစ်ကွက်မကျန် ချေဖျက်ပစ်နေသည်။

ပန်းခြောက်ခက်သိုင်းကွက်တွင် အဆင့်မြင့်သိုင်းကွက်ပေါင်း ရှစ်ဆယ့်တစ်ကွက်ပါဝင်သည်။

ရှောင်မိန်မှာ ဓားကွက်ပေါင်းခြောက်ဆယ်ကျော်တိုက်ခိုက်ပြီးသည့်တိုင် အသာစီးမရနိုင်သေးဘဲရှိနေသည်။

ယခုတိုက်ခိုက်နေခြင်းမှာ ဖုန်းလွေ၏သိုင်းပညာစွမ်းရည် စမ်းသပ်သည့်ပွဲဖြစ်ကြောင်း ရှောင်မိန်သိထားသည်။

သို့သော်....

ရှောင်မိန်မှာ ငယ်ရွယ်သောမိန်းကလေးတစ်ယောက်ဖြစ်သည်။ ယင်းကြောင့် သူမကအနိုင်တိုက်ယူလိုစိတ်ဖြင့်သိုင်းပညာစွမ်းရည်အကုန်သုံးကာ တရကြမ်းတိုက်စစ်ဆင်နေခြင်းဖြစ်သည်။

သူမ၏တိုက်စစ်အားမှာ ပင်လယ်ဒီလှိုင်းပမာပြင်းထန်လှသည်။ ဓားရိပ်များသည် ဖုန်းလွေ၏ခန္ဓာကိုယ်ပေါ် လွှမ်းခြုံနေသည်။

ဖုန်းလွေမှာ အခက်ကြုံနေရသည်။

သူသည် ရှောင်မိန်ကို အစ်မရင်းကဲ့သို့ပင်ခင်မင်သည်။

ယင်းကြောင့် သက်ညှာစွာဖြင့်အလျှော့ပေးလိုက်သည်။

သို့သော်....



ရှောင်ဖုန်းပြောထားသည့်စကားကြောင့် မိမိအရေးနိမ့်လျှင် ပတ္တမြားဂူဂုဏ်သိက္ခာကျဆင်းကာ အရှက်ရပေလိမ့်မည်။

သို့သော်.... သူ့အနေဖြင့် ရှောင်မိန်ကိုအနိုင်ယူရမှာလည်း အားနာနေမိသည်။

သူ့စိတ်ထဲတွင် ဝေခွဲမရဖြစ်နေသည်။

ယင်းအခိုက် ရှောင်မိန်၏နားတစ်ဖက်မှာ လက်ခနဲဖြစ်သွားသည်ကိုသတိပြုမိလိုက်သည်။

ထိုအခါ သူ့စိတ်ကူးတစ်ခုပေါ်ပေါက်လာသည်။

စိတ်ကူးရသည်နှင့် သူသည် တွေဝေနှောင့်နှေးမနေတော့ချေ။ ချက်ချင်းပင် ရှောင်မိန်၏သွက်လက်မြန်ဆန်သောဓားကွက်များကြားသို့ လျှပ်တစ်ပြက်တိုးဝင်သွားလေသည်။

ရှောင်မိန်အနီးသို့ရောက်သည်နှင့် ညာဘက်လက်မှာ လှစ်ခနဲလှုပ်ရှားသွားသည်။

နေရောင်အောက်တွင် ဓားရောင်မှာ ဝင်းလက်သွားသည်။

တစ်ဆက်တည်းမှာပင်....

ဖုန်းလွေက နောက်သို့ခုန်ဆုတ်လိုက်သည်။

ရှောင်မိန်က လိုက်တိုက်ရန်ဟန်ပြင်လိုက်သည်။

ယင်းအခိုက်....

www.burmeseclassic.com

www.burmeseclassic.com



"ရပ်လိုက်ကြတော့"

ရှောင်ဖုန်း၏ဟန့်တားသံပေါ်လာသည်။

ထိုအခါ တိုက်ခိုက်မှုများမှာ ချက်ချင်းပင်ရပ်တန့်သွားလေသည်။ ရှောင်မိန် ကြောင်အမ်းအမ်းဖြစ်နေသည်။

သူမနှင့်ဖုန်းလွေတို့၏တိုက်ပွဲမှာ အနိုင်အရှုံးမပေါ်သေးချေ။

သို့သော် ဖခင်ဖြစ်သူကတိုက်ပွဲရပ်တန့်ရန်အမိန့်ပေးလိုက်ပြီဖြစ်သည်။

အဘယ့်ကြောင့်ပါနည်း။

ရှောင်မိန်သည် နားမလည်နိုင်ဟန်နှင့်ဖခင်အားလှမ်းကြည့်လိုက်၏။

ထိုအခါ.... ဖခင်ဖြစ်သူက သူမ၏ဘယ်နားရွက်အား စိုက်ကြည့်နေသည်ကိုတွေ့လိုက်ရ၏။

ရှောင်မိန် စိတ်မလုံဘဲဖြစ်သွားသည်။

ထို့ကြောင့် သူမ၏ဘယ်နားရွက်ကို လက်ဖြင့် အသာစမ်းကြည့်လိုက်မိ၏။ ထိုအခါ သူမ၏နားကပ်မှာ ပြုတ်ထွက်သွားသည်ကို တွေ့လိုက်ရလေသည်။

တိုက်ပွဲမှာ အနိုင်အရှုံးအဖြေပေါ်သွားပြီဖြစ်သည်။ ရှောင်မိန်သည် သူမ၏ရှုံးနိမ့်မှုအတွက် ရှက်ပြုံးပြုံးလိုက်လေသည်။



ရှောင်ဖုန်းက ဖုန်းလွေ၏လက်ကိုဆွဲကိုင်ကာ လှိုက်လှိုက်လှဲလှဲပြောလိုက်၏။

"ကျုပ်က တမင်သက်သက်အစွမ်းပြနိုင်မှ မင်းရဲ့သိုင်းပညာနဲ့စွမ်းရည်တွေပေါ်လာရတယ်၊ မင်းကို ဒီလိုစမ်းသပ်ကြည့်ချင်လို့ ကျုပ်ပရိယာယ်ဆင်ခဲ့တာပါ၊ ကျုပ်ကို သိပ်ပြီးမာနထောင်လွှားတဲ့ အဘိုးကြီးလို့များထင်နေမလားမသိဘူး"

စကားဆုံးသည်နှင့် သဘောကျစွာတဟားဟားရယ်မောလိုက်ကြလေသည်။

စွန်ဖန်းနှင့်ကွေ့ဂူးတို့ကလည်း ဖုန်းလွေအား ဂုဏ်ပြုစကားများပြောလိုက်ကြ၏။

အဘိုးကြီးများ၏ တင်းမာနေသောအမူအရာများသည်လည်း ချက်ချင်းပြောင်းလဲသွားကြသည်။

ထို့ကြောင့် သူအံ့သြသွားမိသည်။

သူက ပြုံးရယ်ကာ ကျေးဇူးတင်စကားကိုထပ်တလဲလဲ ပြန်ပြောနေရ၏။

ယင်းအခိုက် ရှောင်ယင်းကဝင်ပြောလေသည်။

"မမေက ခင်ဗျားကိုတွေ့ချင်နေတယ်၊ မမေ့ဆီကိုလိုက်တွေ့နိုင်မလား"

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလွှေခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... ကျွန်တော် ဂိုဏ်းချုပ်ကတော်ကို လိုက်တွေ့ပါ့မယ်"

ပြောပြောဆိုဆိုဖြင့်ပင်... ဖုန်းလွှေသည် ရှောင်ယင်းခေါ်ရာ နောက်သို့ လိုက်ပါသွားလေတော့သည်။

၀၀၀၀



သိုင်းလေ့ကျင့်ကွင်းနှင့်မလှမ်းမကမ်းတွင် ပန်းခြံတစ်ခုရှိနေသည်။ ပန်းခြံထဲတွင် မိန်းကလေးတစ်ယောက်ရှိနေသည်။

ယင်းမိန်းကလေးမှာ အခြားသူမဟုတ်ပေ။

ရှောင်မေဝါးပင်ဖြစ်သည်။

သူမသည် ယဉ်ကျေးသိမ်မွေ့သော မိန်းကလေးတစ်ဦးဖြစ်သည်။ ယင်းကြောင့် သိုင်းပညာတွင်လုံးဝစိတ်မဝင်စားဘဲ စာပေနှင့် ဂီတဘက်တွင်သာမွေ့လျော်ခဲ့သည်။

မနေ့ညက ဖုန်းလွှေနှင့်အကြည့်ချင်းဆုံခဲ့မိစဉ်တွင် သူမမှာ မကြုံစဖူးအထူးပင်ရင်ခုန်ခဲ့ရသည်။

သူမမှာ ဖုန်းလွှေအကြောင်းစဉ်းစားကာ တစ်ညလုံး အိပ်မပျော်နိုင်အောင်ဖြစ်ခဲ့ရ၏။ ဖခင်ဖြစ်သူက ဖုန်းလွှေအား သိုင်းပညာ စွမ်းရည်စမ်းသပ်မည်ဆိုသောအခါ သူမ စိတ်လှုပ်ရှားသွားခဲ့သည်။

ထို့ကြောင့် သိုင်းပညာဝါသနာမပါသော ရှောင်မေဝါးသည် နံနက်စောစောထကာ သိုင်းလေ့ကျင့်ကွင်းသို့လာခဲ့သည်။

အကြောင်းကား မိမိစိတ်ဝင်စားမိသောဖုန်းလွှေ၏သိုင်းပညာစွမ်းရည်ကိုကြည့်ရှုလိုသောကြောင့်ဖြစ်သည်။ သို့သော် သူမမှာ တစ်ခါမှမသွားဖူးသောသိုင်းလေ့ကျင့်ကွင်းသို့ သွားရမှာကိုလည်း ရှက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရှောင်မေဝါးက သိုင်းလေ့ကျင့်ကွင်းနှင့်မလှမ်းမကမ်းရှိပန်းခြံတွင်းသို့လှမ်းဝင်လိုက်သည်။

ထို့နောက် ပန်းခူးသယောင်ယောင် အနားယူသယောင်ယောင်ပြုကာ သိုင်းလေ့ကျင့်ကွင်းဘက်သို့မသိမသာလှည့်ကြည့်နေသည်။ မိမိ၏ဖခင်နှင့် ဦးရီးတော်များ၏အမူအရာ ချက်ချင်းပြောင်းကာ ဖုန်းလေ့ကို မိမိ၏မိခင်ကဖိတ်ခေါ်သွားသောအခါ ရှောင်မေဝါး မျက်မှောင်ကုပ်သွားသည်။

သို့သော်... ချက်ချင်းပင် သူမသည် တစ်စုံတစ်ခုကိုသတိရသွားသည်။ ထိုအခါမှ ရှောင်မေဝါးမှာ အတော်ရှက်သွားမိ၏။ မျက်နှာနီရဲကာ မိမိအခန်းသို့ပြန်ပြေးသွားလေတော့သည်။

oooo



ရှောင်ယင်းက ဖုန်းလေ့အား မိခင်ဖြစ်သူထံသို့ခေါ်ဆောင်သွားသည်။ ရှောင်ယင်း၏မိခင်အား ဖုန်းလေ့က ရင်းနှီးဖော်ရွေစွာစကားပြောသည်။ သူ၏ရည်မွန်သောအပြောအဆိုကို အဘွားကြီးအထူးပင် သဘောကျသွားသည်။

ရှောင်ဖုန်းမှာလည်း ဖုန်းလေ့၏သတ္တိနှင့်သိုင်းပညာ စွမ်းရည်ကိုသဘောကျထားပြီးဖြစ်သည်။ ယင်းကြောင့် ရှောင်ဖုန်းက ဖုန်းလေ့ကိုခေါ်ယူကာ မိမိတို့၏ရည်ရွယ်ချက်ကိုပွင့်ပွင့်လင်းလင်းဖွင့်ပြောလိုက်သည်။

ဖုန်းလေ့မှာ ရှောင်မေဝါးကိုမြင်မြင်ချင်းပင် ချစ်နေမိပြီဖြစ်သည်။ သို့သော် ရှောင်မေဝါး၏ဖခင်ဖြစ်သူရှောင်ဖုန်းအား ပွင့်ပွင့်လင်းလင်းပြန်မဖြေရဲချေ။

ရှောင်ဖုန်းအား အရိုအသေမဲ့ရာ ရောက်မည်ကိုစိုးရိမ်မိခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် သူ့အနေဖြင့် ဤအတွေ့အကြုံမျိုးကို တစ်ခါမှ မကြုံဖူးသောကြောင့်ရှက်နေမိသည်။

ထို့ကြောင့် ရှောင်ဖုန်းအား မည်သည့်စကားမှပြန်မပြောဘဲ နှုတ်ဆွံ့နေမိလေသည်။

ရှောင်ယင်းမှာ ဖုန်းလေ့ကိုကြည့်ပြီး အားမလိုအားမရဖြစ်လာသည်။ သူက ဖုန်းလေ့ကိုစိုက်ကြည့်ကာပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ရဲ့ အဓိကအစီအစဉ်ကို ခင်ဗျားအနေနဲ့ ဘယ်လိုသဘောရသလဲ"

ဖုန်းလှေက အနည်းငယ်စဉ်းစားလိုက်သည်။

အတန်ကြာမှ တည်ကြည်သောမျက်နှာဖြင့်ပြောလိုက်၏။

"ဆရာ့ဆီကခွင့်ပြုချက်တောင်းပါရစေဦး"

စွန်းဖန်က သဘောကျစွာတဟားဟားရယ်လိုက်သည်။

"အေး... အေး၊ ဒီလိုပဲဖြစ်သင့်တာပေါ့၊ ဒါဆိုရင် နေရာကျပြီ၊ ငါကိုယ်တိုင် မင်းနဲ့ပတ္တမြားဂူကိုလိုက်ခဲ့မယ်၊ ချောင်စန်းကိစ္စကို အပြေအလည်တောင်းပန်ပြီး မင်းနဲ့ရှောင်မေဝါးအတွက်အောင်သွယ်လုပ်ပေးမယ်"

သူ၏ရင်ထဲတွင် ဝမ်းသာပျော်ရွှင်သွားသည်။ သူ့အနေနှင့် ဆရာပေးအပ်သည့်တာဝန်ကိုကျေပွန်အောင် ဆောင်ရွက်ပေးနိုင်ရုံသာမက တိတ်တခိုးချစ်ခဲ့မိသောရှောင်မေဝါးနှင့်လည်း နီးစပ်ရတော့မည်မဟုတ်ပါလား။

ဝဝဝဝ



စွန်းဖန်မှာ ဖုန်းလှေနှင့်အတူ ပတ္တမြားဂူသို့လိုက်ပါလာခဲ့သည်။ စွန်းဖန်က ပတ္တမြားဂူပိုင်ရှင်နန်းကုန်းထင်အား ချောင်စန်းအကြောင်းကိုရှင်းပြလိုက်သည်။

နန်းကုန်းထင်မှာ ထင်းချန်းပိုဏ်းမှ အရေးပါအရာရောက်သည့်လူတစ်ယောက်က ယခုကဲ့သို့ တလေးတစားလာရောက်ရှင်းပြမှုအတွက် ကျေနပ်သွားသည်။

ထို့ပြင် ဖုန်းလှေနှင့်ရှောင်မေဝါးတို့ကို စေ့စပ်ကြောင်းလမ်းပေးရန်လည်း သဘောတူလိုက်သည်။

နန်းကုန်းထင်တို့ဇနီးမောင်နှံသည် ဖုန်းလှေကိုသားအဖြစ်သဘောထားလိုက်ကြသည်။

နန်းကုန်းထင်က ဖုန်းလှေအား ပတ္တမြားဂူ၏သိုင်းပညာ... ပြည့်ဝစုံလင်အောင်ထပ်မံသင်ကြားပေးသည်။ ထို့ပြင် သူ၏လျှို့ဝှက်သိုင်းပညာရပ်တစ်ခုဖြစ်သည့် အရိပ်မဲ့လက်ညှိုးသိုင်းပညာကိုပင် ထပ်ဆင့်သင်ကြားပေးလိုက်၏။

အရိပ်မဲ့လက်ညှိုးသိုင်းပညာမှာ လျင်မြန်သည့်အရှိန်အဟုန်ဖြင့် မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အချိန်ခဏအတွင်း ရန်သူ၏အရေးကြီးသည့်သွေးကြောသုံးနေရာကို ဆက်တိုက်ထိုးနှက် တိုက်ခိုက်နိုင်သည့်သွေးကြောပိတ်သိုင်းပညာတစ်မျိုးဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလွှေ ပညာသင်ကြားရင်းနှင့်ပင် နှစ်နှစ်ခန့်ကြာအချိန် ကုန်သွားသည်။ အချိန်များကုန်ဆုံးသွားသည်နှင့်အမျှ ဖုန်းလွှေမှာ ပို၍ရင့်ကျက်တည်ငြိမ်လာသည်။

ထို့ပြင်.... အဆင့်မြင့်သိုင်းပညာရပ်များလည်း အပြည့်အဝ တတ်မြောက်နေပြီဖြစ်သည်။

ဆရာဖြစ်သူနန်းကုန်းထင်က ဖုန်းလွှေ၏သိုင်းပညာစွမ်း ရည်များအားစမ်းသပ်စစ်ဆေးကြည့်သည်။ စိတ်တိုင်းကျစစ်ဆေး ပြီ၊ ကြည့်ရှုပြီးမှ တောင်ပေါ်မှဆင်းခွင့်ပေးလိုက်သည်။

အပြေ တောင်ပေါ်မှဆင်းခွင့်ပေးလိုက်သည်ဆိုခြင်းမှာ သိုင်းပညာ လုပ်ငန်းဝပြီဖြစ်သောကြောင့် အသိအမှတ်ပြုကာ ကျောင်းဆင်းခွင့်ပေး က်သည့်သဘောပင်ဖြစ်သည်။

ဆင နန်းကုန်းထင်၏ဇနီးအုံချွေးက ၄င်းတို့၏ဆွေစဉ်မျိုးဆက် ရတနာများဖြစ်ကြသော ....

သွေးနီအဆိပ်ဖြေဆေးနှင့်နှံသာနီယပ်တောင်တို့ကို ဖုန်းလွှေ အား ချီးမြှင့်ပေးအပ်လိုက်သည်။

ဖုန်းလွှေသည် မိမိအား မိဘများသဖွယ်စောင့်ရှောက် ပညာ သင်ကြားပေးခဲ့သော ပထွေးမြားဝှပိုင်ရှင်မောင်နှံအား ဦးချကန်တော့ လိုက်၏။



နန်းကုန်းထင်က ဆုမွန်ကောင်းများပေးပြီးနောက်....

သိုင်းသမားကောင်းများ လိုက်နာကျင့်အပ်သုံးအပ်သည့် ကျင့်ဝတ်များကိုထပ်မံပြောကြားသည်။

ယင်းကျင့်ဝတ်များမှာ ....

သိုင်းပညာဖြင့် အများကောင်းကျိုးကိုလုပ်ဆောင်ခြင်း၊

သိုင်းပညာဖြင့် မကောင်းမှုဒုစရိုက်များကိုတိုက်ဖျက်ခြင်း၊

သိုင်းပညာအားကိုးဖြင့် မိမိထက်အားနည်းနေသူများကို အနိုင်အထက်ပြုတိုက်ခိုက်ခြင်းမှရှောင်ကြဉ်ခြင်း....

တရားဥပဒေစိုးမိုးရေးကို တတ်နိုင်သည့်ဘက်မှ အထောက် အကူပြုခြင်း....

မြင့်မြတ်တည်ကြည်သောစိတ်ထားကောင်းထားခြင်း....

အားနည်းသူများကိုကူညီခြင်း....

ကျေးဇူးသစ္စာကိုရိုသေစောင့်သိခြင်း....

ကိုယ်ကျင့်တရားကောင်းမွန်ခြင်း....

ချုပ်တီးသည်းခံစိတ်ရှိခြင်း....

လောကကျင့်မှုအမြဲမပြတ်ရှိခြင်း.....

ထိုကျင့်ဝတ်ဆယ်ခုကို မပျက်မကွက်ထိန်းသိမ်းရန် နန်း ကုန်းထင်က အထူးသတိပေး မှာကြားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလွှကလည်း ယင်းကျင့်ဝတ်ဆယ်ခုအား လိုက်နာကျင့်သုံးပါမည်ဟု နန်းကုန်းထင်အား ကတိပြုခဲ့လေသည်။

ထို့နောက်....

ပတ္တမြားဂူပိုင်ရှင်ဇနီးမောင်နှံကို နှုတ်ဆက်စကားဆိုကာ တာ့စမ်းတောင်ပေါ်မှဆင်းလာခဲ့လေတော့သည်။

oooo



ဖုန်းလွှသည် နန်းကုန်းထင်မှာကြားလိုက်သည့်ကျင့်ဝတ်ဆယ်ခုကိုလက်ကိုင်ထား၍ သိုင်းလောကဥ္စကျင်လည်ကျက်စားခဲ့လေသည်။

တစ်နေ့တွင် သူသည် ဂူကျုံးနယ်သို့ရောက်ရှိလာလေသည်။ ဂူကျုံးနယ်သည် လယ်ယာချောင်းမြောင်း ပေါများသောဒေသတစ်ခုဖြစ်၏။

လယ်ယာချောင်းမြောင်းပေါများသည်နှင့်အမျှ စီးပွားရေးဆုပ်ကိုင်ဆောင်ရွက်ရာတွင်လည်း အဆင်ချောမွေ့လှသည်။

ယင်းကြောင့် ဂူကျုံးနယ်တွင် လူနေထူထပ်လှသည်။

ရွာကြီးရွာငယ် မြို့ကြီးမြို့ငယ်များ စည်ပင်ဖွံ့ဖြိုးလာသည်ကိုမြင်တွေ့ရလေသည်။

ဖုန်းလွှသည် ဂူကျုံးနယ်ရှိဝေထိမ်ရွာသို့ရောက်ရှိလာခဲ့လေသည်။ ဝေထိမ်ရွာမှာ သေးငယ်သောရွာလေးတစ်ရွာသာဖြစ်လေသည်။

သို့သော်... စွန်ဝန်းမြို့သို့သွားရာ ခရီးလမ်းဆုံနေရာတစ်ခုဖြစ်သည်။

ထို့ကြောင့်.... စားသောက်ဆိုင်နှင့်တည်းခိုရိပ်သာများ ပေါများလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ခရီးဝေးမှလာခဲ့ရသည်ဖြစ်သောကြောင့် အလွန်ပင် ဆာလောင်နေပြီဖြစ်သည်။

အဆင်သင့်ဆိုသလိုပင်... သူ၏မြင်ကွင်းထဲသို့ စားသောက်ဆိုင်တစ်ဆိုင်ဝင်ရောက်လာသည်။

ဖုန်းလွေမှာ တွေဝေနှောင့်နှေးမနေတော့ချေ။

စားသောက်ဆိုင်ထဲသို့ တန်းတန်းမတ်မတ်ဝင်ရောက်သွားလေသည်။ စားသောက်ဆိုင်ထဲသို့ရောက်သောအခါ စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

ထို့နောက်.... ဆိုင်လုလင်အား အရက်တစ်အိုး၊ အသားကြော်တစ်ပွဲ၊ ဟင်းချိုတစ်ပန်းကန် မှာကြားလိုက်သည်။

မကြာမီ သူ၏စားပွဲရှေ့သို့ စားသောက်ဖွယ်ရာများရောက်ရှိလာလေသည်။

သူသည် အရက်တစ်ခွက်ထည့်သောက်လိုက်ပြီး အသားကြော်တစ်တုံးကို စားသောက်လိုက်သည်။ အတော်ပင် ဆာလောင်နေသဖြင့် စားသောက်ရသည်မှာ ခံတွင်းတွေ့လှသည်။

ထို့ကြောင့်....

သူသည် ဘေးဘီသို့သတိထား၍မကြည့်ဖြစ်တော့ဘဲ စားသောက်ဖွယ်ရာများကိုသာ စားသောက်နေလိုက်လေသည်။



ယင်းအခိုက် စားသောက်ဆိုင်ထဲသို့ လူတစ်ယောက်ဝင်လာသည်ကို ရိပ်ခနဲလှမ်းမြင်တွေ့လိုက်သည်။

သူ၏ကျင့်သားရနေသောမျက်လုံးများက... ထိုလူ့ထံသို့ ရောက်ရှိသွားလေသည်။

ဆိုင်တွင်းသို့ဝင်ရောက်လာသူမှာ လူရွယ်တစ်ယောက်ပင်ဖြစ်သည်။ ထိုလူရွယ်၏အသက်အရွယ်မှာ သူ့ထက်အနည်းငယ်မျှသာငယ်မည်ဟုခန့်မှန်းမိသည်။

လူရွယ်သည် အပြာရောင်ဝတ်စုံကို သေသပ်စွာဝတ်ဆင်ထား၏။ ရုပ်ရည်သွင်ပြင်မှာ သပ်ရပ်ခန့်ညားလှသည်။

သူ၏ဟန်ပန်အမူအရာကိုကြည့်ကာ စာတတ်ပေတတ် လူရည်သန့်တစ်ယောက်ဖြစ်မည်ဟုခန့်မှန်း၍ရပေသည်။

သို့သော် ထိုလူရွယ်၏မျက်နှာမှာမရွှင်ပျလှချေ။

သိသိသာသာပင် မျက်စိမျက်နှာပျက်နေသည်။

လှုပ်ရှားမှုများကလည်း လေးကန်ထိုင်းမှိုင်းနေ၏။

ထို့ကြောင့်....

သူ့ရင်ထဲတွင် ကြီးစွာသောစိုးရိမ်ကြောင့်ကြပူပန်မှုများ ရှိနေကြောင်း ရိပ်စားမိနိုင်ပေသည်။ ဖုန်းလွေမှာ ထိုလူရွယ်အား စိတ်ဝင်စားသွားမိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူရွယ် တွေ့ကြုံရင်ဆိုင်နေရသည့်အခက်အခဲများကို လည်းသိချင်လာမိသည်။

ဖြစ်နိုင်လျှင်... ထိုလူရွယ်ရင်ဆိုင်ကြုံတွေ့နေရသည့်အခက်အခဲများကို ကူညီဖြေရှင်းပေးလိုစိတ်များ တဖွားဖွားပေါ်ပေါက်လာလေသည်။ သူသည် ထိုလူရွယ်အား နှုတ်ဆက်လိုက်၏။

"ခရီးသွားရင်းဆုံမိကြတာ ကံကောင်းတာပဲ၊ ခင်ဗျားတစ်ယောက်တည်းဖြစ်နေရင် ကျွန်တော်နဲ့လာအဖော်ပြုပါလား"

တစ်ဆက်တည်းပင် ဖိတ်ခေါ်လိုက်သည်။

လူရွယ်က ဖုန်းလွှေအား ဆတ်ခနဲမော့ကြည့်လိုက်သည်၊ သူသည် ဖုန်းလွှေ၏ဖိတ်ခေါ်မှုကိုအံ့သြသွား၏။ ထို့အတူ ထိတ်လန့်သွားသလိုလည်းခံစားလိုက်ရလေသည်။ လူရွယ်ကပြုံးကာ....

"ခင်ဗျား တစ်ယောက်တည်း အေးအေးဆေးဆေး စားသောက်နေတာကို နှောင့်ယှက်သလိုဖြစ်သွားမှာစိုးရိမ်မိပါတယ်"

ဖုန်းလွှေက အသာအယာရယ်လိုက်၏။

"အနှောင့်အယှက်မဖြစ်ပါဘူးဗျာ၊ ခင်ဗျားကိုကြည့်ရတာလဲ စာပေသမားအသွင်မျိုးရှိပါတယ်၊ ကျွန်တော်တို့ အချင်းချင်းတွေပဲ လာပါ... အားမနာပါနဲ့"

လူရွယ်က ဖုန်းလွှေ၏ဖိတ်ခေါ်မှုကိုလက်ခံလိုက်သည်။



"ဒီလိုဆိုရင်တော့ အဖော်ပြုရတာပေါ့"

ပြောပြောဆိုဆိုဖြင့်... ဖုန်းလွှေထိုင်နေသည့်စားပွဲဝိုင်းသို့ ပြောင်းလာလေသည်။ ဖုန်းလွှေက ဆိုင်လုလင်တစ်ယောက်ကိုလှမ်းခေါ်လိုက်သည်။

ထို့နောက် ....

အရက်နှင့်ဟင်းလျာများ ထပ်မံမှာကြားလိုက်၏။ သူက မိမိကိုယ်ကိုစတင်မိတ်ဆက်လိုက်သည်။

"ကျွန်တော့်နာမည်ဖုန်းလွှေပါ"

လူရွယ်ကလည်းပြန်မိတ်ဆက်၏။

"ကျွန်တော့်နာမည်ကျန်းဝမ်ပါ"

အပြန်အလှန်မိတ်ဆက်စကားဆိုပြီးနောက် စားသောက်ဖွယ်ရာများကို အတူတကွစားသောက်ကြသည်။

သူတို့နှစ်ယောက်မှာ စားရင်းသောက်ရင်းပင် ခင်မင်ရင်းနှီးလာကြ၏။ ဖုန်းလွှေမှာ စာပေပညာကို အတော်ပင် အဆင့်မြင့်မြင့် တတ်ကျွမ်းသူဖြစ်သည်။ အလားတူပင် ကျန်းဝမ်မှာလည်း စာပေပညာအတော်ပင်နှံ့စပ်၏။

ယင်းကြောင့် နှစ်ယောက်သား ရှေးဟောင်းကဗျာစာပေများအကြောင်း စကားလက်ဆုံကျနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အရက်လည်း အတော်များများသောက်မိကြပြီဖြစ်သော ကြောင့် စကားပြောရသည်မှာပို၍သွက်လက်လာကြလေသည်။

သူတို့နှစ်ယောက် စကားလက်ဆုံကျခဲ့ကြသည်မှာ အချိန် အတော်ပင်ကြာမြင့်ခဲ့ပြီဖြစ်သည်။

သို့သော်… ကျန်းဝမ်၏အခြေအနေမှာ ဘာမျှထူးခြားမလာ ချေ။ သူ၏စိတ်ပျက်အားလျော့နေသည့်အသွင်သည် ပျောက်ကွယ် သွားခြင်းမရှိခဲ့ချေ။

သိသာစွာ ပေါ်လွင်ထင်ရှားနေဆဲဖြစ်သည်။

သို့ဖြစ်ရာ…

ကျန်းဝမ်တွင် ဖြေရှင်းရခက်သည့်ပြဿနာကြီးတစ်ခုနှင့် ရင် ဆိုင်နေရသည်ဟု ဖုန်းလျှေတစ်ထစ်ချမှတ်ယူလိုက်လေသည်။

ယင်းသို့ ယုံကြည်ထင်မှတ်လေ ကျန်းဝမ်၏အခက်အခဲကို ပို၍သိလိုစိတ်ပြင်းပြလာလေဖြစ်သည်။

ထို့ကြောင့်… ဖုန်းလျှေသည် အတိအလင်းပင် ထုတ်ဖော်မေး မြန်းလိုက်လေတော့၏။

"ခင်ဗျားရဲ့စာပေဗဟုသုတတွေကိုကြားရတာ ကျွန်တော့် အဖို့ အများကြီးအသိဉာဏ်တိုးပါတယ်၊ ဒါပေမဲ့… ခင်ဗျားကိုကြည့် ရတာ အကြောင်းတစ်ခုခုကြောင့်စိတ်ညစ်နေသလိုလိုပဲ"



ဖုန်းလျှေသည် စကားကိုခေတ္တရပ်ကာ ကျန်းဝမ်အား အကဲ ခတ်ကြည့်လိုက်သည်။

ကျင်းဝမ်ကမူ မည်သည့်စကားမျှပြန်မပြောချေ။

မချိပြုံးသာပြုံးနေသည်။

ဖုန်းလျှေက စကားဆက်လိုက်သည်။

"ခင်ဗျားနဲ့ကျွန်တော်က အခုမှသိကျွမ်းရတာပါ၊ ဒါပေမယ့် ကျွန်တော်က ခင်ဗျားကိုတကယ့်မိတ်ဆွေရင်းတစ်ယောက်လို ခင်မင် မိတယ်၊ ဒါကြောင့်… ခင်ဗျားအနေနဲ့ကျွန်တော့်ကိုယုံကြည်မယ်ဆိုရင် ခင်ဗျားရင်ဆိုင်နေရတဲ့အခက်အခဲကိုပြောပြပါလား… ကျွန်တော် တတ်နိုင်တာဆိုရင် ကူညီဖြေရှင်းပေးပါ့မယ်"

ကျန်းဝမ်တွေဝေသွား၏။

အတန်ကြာမှ သူကဖြည်းညင်းစွာပြောလိုက်သည်။

"အင်း …. ခင်ဗျားကိုကြည့်ရတာ သူတစ်ပါးကိုကူညီတတ် တဲ့လူတစ်ယောက်လို့ ကျွန်တော်အကဲခတ်မိပါတယ်…. ဒါကြောင့် ခင်ဗျားသိချင်နေတဲ့ကျွန်တော့်အကြောင်းကို ပြောပြပါ့မယ်"

ယင်းသို့အစချီကာ ကျန်းဝမ်ကဖုန်းလျှေအား သူကြုံတွေ့ နေရသောအခက်အခဲများကိုပြောပြလိုက်လေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဝမ်သည် ခွန်စန်းမြို့ဝန်ကျန်းလူ၏သားဖြစ်သည်။

ကျန်းဝမ်တွင် လွန်စွာလိမ္မာရေးခြားရှိသောဇနီးသည် တစ်ယောက်ရှိ၏။ သူမ၏အမည်မှာချင်းချင်းဖြစ်သည်။

ချင်းချင်းသည် ပန်းကလေးတစ်ပွင့်ကဲ့သို့နုနယ်လှပသော မိန်းကလေးတစ်ယောက်ဖြစ်၏။

ထို့ပြင်.... သူမသည် အိမ်ထောင်မှုလုပ်ငန်းများကိုလည်း ကျွမ်းကျင်နိုင်နင်းသူဖြစ်သည်။

ဤမျှ မကသေးချေ။

သူမသည် စာပေပညာတတ်ကျွမ်းပြီး အကျင့်စာရိတ္တ အထူး ကောင်းမွန်သူဖြစ်သည်။ ကျန်းဝမ်နှင့်ချင်းချင်းတို့မှာ တစ်ယောက်နှင့် တစ်ယောက် အလွန်ချစ်ခင်ပြီး အပြန် အလှန်လေးစားမှုလည်း ရှိကြလေသည်။ ကျန်းဝမ်သည် မြို့တော်ဝန်၏သားတစ်ယောက်ဖြစ်သော ကြောင့် စာပေပညာတတ်မြောက်ပြီး အသိအလိမ္မာရှိ၏။



ထို့ကြောင့်.... နေပြည်တော်၌ကျင်းပမည့် မင်းမှုထမ်းရွေး ချယ်ရေးစာမေးပွဲတွင် ကျန်းဝမ်ဝင်ရောက်ဖြေဆိုတော့မည်ဖြစ်သည်။

မင်းမှုထမ်းစာမေးပွဲအောင်မြင်လျှင် ကျန်းဝမ်မှာ တိုင်းပြည် တာဝန်ထမ်းဆောင်ရတော့မည်ဖြစ်သည်။

ယင်းကြောင့် ကျန်းဝမ်နှင့်ချင်းချင်းတို့၏ဘဝလမ်းခရီးမှာ သာယာဖြောင့်ဖြူးနေသည်ဟုဆိုရမည်ဖြစ်သည်။

သို့သော်....

မမျှော်လင့်သောကံကြမ္မာမုန်တိုင်းက ကျန်းဝမ်တို့မိသားစု ထံသို့ ရုတ်တရက်ကျရောက်လာ၏။

ခွန်စန်းမြို့တွင် မမျှော်လင့်ဘဲနှင့်မြစ်ရေကြီးကာ ရေဘေး အန္တရာယ်ကျရောက်လာခဲ့သည်။

ထို့ကြောင့်....

ရေဘေးသင့်သောမြို့သူမြို့သားများမှာ... စားစရာပင် မရှိ တော့လောက်အောင်ဖြစ်ခဲ့ရသည်။

ထိုအခါ.... မြို့တော်ဝန် ကျန်းလူက ဆန်သိုလှောင်ရုံမှဆန် များကိုထုတ်ယူကာ ရေဘေးသင့်သူများအား ဝေငှပေးခဲ့သည်။

ကျန်းလူကို မလိုမုန်းတီးသူများက ဤကိစ္စကို အကျယ်ချဲ့ ကာ ဗူးကျူးနယ်စားကြီးထံသွားရောက်ကာ မဟုတ်မမှန် ကုန်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



တိုင်ကြားကြတော့သည်။

ဝူးကျူးနယ်စားကြီးကလည်း ကျန်းလူအပေါ် အထင်မှားကာ ကျန်းလူအား မြို့တော်ဝန်ရာထူးမှဖယ်ရှားလိုက်လေသည်။

ထို့ပြင်.... လစ်လပ်နေသောခွန်စန်းမြို့တော်ဝန်နေရာကိုလည်း မင်းယန်ဆိုသူအားခန့်အပ်လိုက်သည်။

မင်းယန်မှာ ကျန်းလူ၏မိတ်ဆွေတစ်ယောက်ဖြစ်သည်။

သို့သော် သူသည် မြေခွေးကဲ့သို့ကောက်ကျစ်စဉ်းလဲသူ ဖြစ်သည်။ မင်းယန်က သူ၏သမီးရှမ်းကုကို ကျန်းဝမ်နှင့်လက်ထပ်ထိမ်းမြားပေးလိုသည်။

ရှမ်းကုမှာရုပ်ဆိုးပြီး စိတ်ထားကောက်ကျစ်သူဖြစ်သည်။

ထို့ပြင် စာပေပညာတတ်မြောက်သော်လည်း အသိအလိမ္မာမရှိဘဲ ကိုယ်ချင်းစာတရားခေါင်းပါးသည်။

ထို့ကြောင့်... ကျန်းဝမ်က ရှမ်းကုကိုမနှစ်သက်ချေ။

ထို့ပြင် ကျန်းလူကလည်း ရှမ်းကုအား ချွေးမအဖြစ် လက်ခံလိုခြင်းမရှိချေ။

သို့ဖြစ်ရာ...

မင်းယန်၏ဆန္ဒမှာ မည်သို့မျှအကောင်အထည်ပေါ်မလာနိုင်ခဲ့ပေ။



ယင်းအချိန်မှာပင် ကျန်းဝမ်နှင့်ချင်းချင်းတို့လက်ထပ်လိုက်ကြသည်။ ထိုသတင်းကို မင်းယန်ကြားသောအခါ ဒေါသတကြီးဖြင့် မခံမရပ်နိုင်အောင်ဖြစ်ခဲ့လေသည်။

ထိုအချိန်မှစ၍ ....

မင်းယန်မှာ ကျန်းမိသားစုကိုမကောင်းကြံနိုင်ရန်သာ အချိန်ရှိသရွေ့ကြံစည်အားထုတ်လေတော့သည်။

ကျန်းမိသားစု ဒုက္ခအကြီးအကျယ်ရောက်မှသာ သူ့အနေဖြင့် ကျေနပ်နိုင်တော့မည့်ပုံဖြစ်သည်။

ရေဘေးဒုက္ခသည်များအရေးကိစ္စ ပေါ်ပေါက်လာသည့်အခါ မင်းယန်အတွက် အကွက်ကောင်းဝင်သွားသည်။

ထိုအရေးကိစ္စကိုအကြောင်းပြု၍ ကျန်းလူအား မြို့တော်ဝန်ရာထူးမှဖယ်ရှားခံရစေရန် မင်းယန်က ကလိန်စေ့ငြမ်းဆင်ချောက်ချလေတော့၏။

သူ၏ပယောဂကြောင့်ပင် .... ကျန်းလူသည် မြို့တော်ဝန်ရာထူးမှပြုတ်ခဲ့ရသည်။ သူ့အစား ....

မင်းယန်သည် ခွန်စန်းမြို့တော်ဝန်ဖြစ်လာခဲ့၏။

သူမြို့တော်ဝန်ဖြစ်လာသည့်အခါ ကျန်းဝမ်အား လက်ရှိဇနီး ချင်းချင်းနှင့်ကွာရှင်းပြီး သူ၏သမီးရှမ်းကုအား လက်ထပ်ရန် နားချ

www.burmeseclassic.com

www.burmeseclassic.com



တိုက်တွန်းလေတော့သည်။

အကယ်၍ ရှမ်းကုကိုသာလက်ထပ်မည်ဆိုပါက ကျန်းလူ အပေါ်ကျရောက်နေသောပြစ်ဒဏ်မှ သက်သာပေါ့ပါးအောင် ဆောင်ရွက်ပေးမည်ဟု မက်လုံးပေးခဲ့သည်။

ကျန်းဝမ်အနေဖြင့် ဖခင်ကြီးအား ပြစ်ဒဏ်မှလျော့ပါးစေလိုသော်လည်း ပြစ်ချက်တစ်စုံတစ်ရာမရှိသော ချစ်ဇနီးချောင်းချောင်းကို မကွာရှင်းနိုင်ပေ။

ထို့ပြင် မာန်မာနထောင်လွှားပြီး စိတ်ထားကောက်ကျစ်သောရှမ်းကုကိုလက်ထပ်ရန်မှာလည်း မည်သို့မျှမဖြစ်နိုင်ချေ။

ထို့ကြောင့်....

မင်းယန်၏ကမ်းလှမ်းချက်ကို ကျန်းဝမ်က ခါးခါးသီးသီးပင် ငြင်းပစ်လိုက်လေသည်။ ထိုအခါ မိမိဘက်ကလိုက်လျောပါလျက် ကျန်းဝမ်ကငြင်းပယ်လိုက်သည့်အတွက် မင်းယန်မှာဒေါသအိုးပေါက်ကွဲလေတော့သည်။

မင်းယန်သည် ရှက်လည်းရှက် ဒေါသလည်းထွက်ကာ စိတ်ရှိတိုင်း ရမ်းကားလေတော့၏။

ကျန်းလူ၏အပြစ်ကိုပုံကြီးချဲ့ကာ ကျန်းလူအား ဖမ်းဆီးချုပ်နှောင်ထားလိုက်သည်။



ရေဘေးဒုက္ခသည်များကိုဝေငှပေးခဲ့သော ဆန်များအတွက် လျော်ကြေးပေးရမည်ဟု ကျန်းမိသားစုအား တောင်းဆိုလိုက်သည်။

ပေးလျော်ခြင်းမပြုပါက ကျန်းလူကို ကြီးလေးသောအပြစ်ဒဏ်ချမှတ်မည်ဟုလည်း ခြိမ်းခြောက်ကြုံးဝါးလေသည်။

အမှန်တွင် ကျန်းလူမှာတာဝန်သိပြီး ဖြောင့်မတ်မှန်ကန်သောမင်းမှုထမ်းတစ်ဦးဖြစ်သည်။

မြို့တော်ဝန်တစ်ယောက်ဖြစ်သော်လည်း အခွင့်အာဏာသုံးပြီး ကိုယ်ကျိုးစီးပွားရှာဖွေထားခြင်းရှိပေ။

ထို့ကြောင့် ငွေကြေးဥစ္စာချမ်းသာကြွယ်ဝမှုမရှိချေ။

သို့ဖြစ်ရာ... မင်းယန်တောင်းဆိုသောလျော်ကြေးငွေကို မည်သို့မျှပေးဆောင်နိုင်ခြင်းမရှိပေ။

ကျန်းဝမ်မိသားစုမှာ ဖခင်ကြီးအတွက် အထူးပင်ဝမ်းနည်းကြေကွဲကြရလေသည်။

ကျန်းမိသားစု၏အဖြစ်ကိုမကြည့်ရက်သော ခွန်စန်းမြို့သူမြို့သားများက စုပေါင်းငွေကောက်ခံ၍ ကျန်းလူအတွက် ပေးလျော်ရန် စီစဉ်ကြတော့သည်။

သို့သော် မင်းယန်ကလက်မခံချေ။

ဤသို့လုပ်ဆောင်ခြင်းသည် သူခိုးအားပေး အလုပ်ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



လုပ်ဆောင်သူများကို ပြင်းထန်စွာအရေးယူအပြစ်ပေးမည်ဟု ကြေညာလိုက်၏။ ထို့ကြောင့် ....

ခွန်စန်းမြို့သူမြို့သားများမှာ သူတို့လေးစားချစ်ခင်သည့် မြို့တော်ဝန်ဟောင်းကျန်းလူအတွက် မည်သို့မျှ အကူအညီမပေးနိုင်ဘဲဖြစ်ကာ စိတ်မကောင်းဖြစ်ကုန်ကြလေသည်။

မင်းယန်၏ကောက်ကျစ်ယုတ်မာမှုမှာ ဤမျှနှင့်မရပ်သေးချေ။ ရိုင်းစိုင်းပက်စက်သည့်လုပ်ရပ်တစ်ခုကိုလည်း ဖန်တီးလိုက်သေးသည်။

ယင်းလုပ်ရပ်ကား .... ကျန်းဝမ်၏ဇနီးချင်းချင်းကို ဂူးကျူးနယ်စားကြီး၏သားရီကျောက်အား အတင်းသိမ်းပိုက်ချင်စိတ်ပေါ်လာအောင် တစ်ဖက်လှည့်ဖြင့် မြှောက်ပင့်ပေးခဲ့ခြင်းဖြစ်ပေသည်။

ရီကျောက်မှာ နယ်စားကြီး၏တစ်ဦးတည်းသောသားဖြစ်သဖြင့် ဖခင်ဖြစ်သူ၏အလိုလိုက်အရေးပေးခြင်းကိုခံခဲ့ရသည်။

ထို့ကြောင့် သူသည် မည်သည့်အရာကိုမျှဂရုမစိုက်ဘဲ စိတ်ထင်ရာလုပ်တတ်သည့်မိုက်ရူးရဲတစ်ဦးဖြစ်လာခဲ့သည်။

ထို့ပြင်.... အသောက်အစားဖက်ကာ မိန်းမမူလည်းပွေရှုပ်လာလေသည်။ အကြံသမားမင်းယန်သည် ရီကျောက်အားကပ်၍ ပေါင်းသင်းခဲ့၏။



အချိန်ရှိသရွေ့ ချင်းချင်းမှာ ပန်းကလေးတစ်ပွင့်ကဲ့သို့ ချောမောလှပကျော့ရှင်းကြောင်း၊ စာပေပညာတတ်ကျွမ်းလိမ္မာ၍ အပြုအစုကောင်းကြောင်းကို ရီကျောက်သဘောကျလောက်အောင် မကြာခဏပြောဆိုလေသည်။ မိန်းမရှုပ်သည့်ရီကျောက်လည်း မင်းယန်ပြောပြချက်အရ ချင်းချင်းအား စိတ်ဝင်စားစပြုလာခဲ့သည်။

ထို့ကြောင့် သူသည် ချင်းချင်းအားမြင်တွေ့ခွင့်ရရန် မင်းယန်အား အပူကပ်လေတော့သည်။

အကြံသမားမင်းယန်သည် မဆိုင်းမတွပင် ရီကျောက်အား ခေါ်ဆောင်ကာ ချင်းချင်းသွားလာတတ်သည့်နေရာများကိုနောက်မှလိုက်ပါ၍တိတ်တဆိတ်ပြသလေသည်။

ရီကျောက်မှာ နုနယ်လှပသည့်ချင်းချင်းအား မြင်မြင်ချင်း စွဲလန်းချစ်ခင်သွားလေတော့၏။ ဖခင်၏အရှိန်အဝါကြောင့် လိုချင်သည့်အရာမှန်သမျှအကုန်ရနေသောရီကျောက်သည် ဘာဘာညာညာ မစဉ်းစားတော့ချေ။ ချင်းချင်းကို အတင်းအဓမ္မဖမ်းယူကာ မိမိ၏စံအိမ်တော်သို့ခေါ်ဆောင်သွားလေတော့၏။

ချစ်ဇနီးအား ထိပါးလာသည့်အခါ ကျန်းဝမ်မှာသည်းခံနိုင်စွမ်း မရှိတော့ပါ။ သို့သော် အခြေအနေအရပ်ရပ်ကြောင့် မည်သို့မျှ မတတ်နိုင်ဘဲဖြစ်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဤမတရားမှုများကို ဝိကင်းနေပြည်တော်သို့ သွားရောက်ကာ သက်ဆိုင်ရာများကိုတိုင်ကြားရန် ဆုံးဖြတ်လိုက်၏။ သူသည် မိခင်ကြီးကိုစိတ်မချစွာဖြင့်ထားရစ်ခဲ့ကာ နေပြည်တော်သို့ ခွန့်စားထွက်လာခဲ့သည်။ ထိုသို့အလာတွင် လမ်းခရီးတစ်ထောက်၌ ဖုန်းလွှေနှင့်ဆုံမိကြခြင်းဖြစ်လေသည်။

ဝဝဝဝ



## အခန်း (၃)
## ထူးဆန်းသည့်ဆေးဆရာ

ကျန်းဝမ်၏ပြောပြချက်များ ပြီးဆုံးသွားပြီဖြစ်သည်။

ဖုန်းလွှေမှာ နားထောင်ရင်းခံပြင်းလာသည်။

တက်တစ်ချက် ပြင်းထန်စွာခေါက်လိုက်မိ၏။

"တောက်...."

ထို့နောက် အံကြိတ်ကာပြောလိုက်သည်။

"တော်တော်ယုတ်မာကောက်ကျစ်တဲ့လူတွေပဲ"

ကျန်းဝမ်ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ယုတ်မာကောက်ကျစ်တာတွေတော့ ပြောမနေပါနဲ့တော့ဗျာ"

ဖုန်းလွှေက ကျန်းဝမ်အား စိုက်ကြည့်ကာပြောလိုက်သည်။

"ခင်ဗျား ဒီကိစ္စတွေအတွက် ဘာမှပူမနေနဲ့၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ကူညီပေးနိုင်ပါတယ်"

ထိုစကားကြောင့် ကျန်းဝမ်အံ့သြသွားသည်။

သူက မယုံနိုင်သည့်အသံဖြင့်ပြောလိုက်သည်။

"ခင်ဗျား တကယ်ပြောတာလား"

ဖုန်းလွေက တည်ကြည်သောမျက်နှာထားဖြင့်ပြောလိုက်သည်။

"တကယ်ပါ... ခင်ဗျားတို့ရဲ့အိမ်ဘယ်မှာရှိတယ်ဆိုတာကိုသာပြောပြစမ်းပါ"

ကျန်းဝမ်က ခွန်စန်းမြို့ထဲရှိ မိမိတို့၏နေအိမ်တည်နေရာကို သေသေချာချာပြောပြလိုက်သည်။

ဖုန်းလွေက မျက်မှောင်ကုပ်ကာမေးလိုက်သည်။

"ချင်းချင်းကိုကော ဘယ်နေရာမှာပို့ထားမယ်ထင်သလဲ"

ကျန်းဝမ်အနည်းငယ်စဉ်းစားလိုက်သည်။

ပြီးမှ တွေးတွေးဆဆအသံဖြင့်ပြန်ဖြေသည်။

"အခု... ရီကျောက်က မင်းယန်ရဲ့မြို့တော်ဝန်ဂေဟာမှာ တည်းခိုနေတယ်၊ ချင်းချင်းကိုလဲ အဲဒီမှာပဲထားလိမ့်မယ်ထင်တယ်"

သူက ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"ဒါဆို မြို့တော်ဝန်ဂေဟာရဲ့အနေအထားကိုပြောပါဦး"



ကျန်းဝမ်က ခေါင်းညိတ်ပြလိုက်သည်။

သူသည် ခွန်စန်းမြို့တော်ဝန်ဂေဟာတွင် အချိန်ကြာမြင့်စွာ နေထိုင်လာခဲ့သူဖြစ်သည်။ ယခု .... သူ့ဖခင်၏ပြဿနာပေါ်မှပင် မြို့တော်ဝန်ဂေဟာမှဖယ်ရှားပေးခဲ့ရသည်။

ထို့ကြောင့် မြို့တော်ဝန်ဂေဟာ၏အနေအထားကိုကျွမ်းကျင်စွာ သိထားသည်။ သူက ဖုန်းလွေအား မြို့တော်ဝန်ဂေဟာ၏အနေအထားကို သေသေချာချာပြောပြလိုက်သည်။

ဖုန်းလွေကကျန်းဝမ်ပြောပြသည်များကို ဂရုစိုက်နားထောင်ကာ မှတ်သားထားလိုက်သည်။

"ခင်ဗျားစိုးမဆက်နဲ့တော့၊ အခု နေထိုင်တဲ့အိမ်ကိုသာပြန်သွားပေတော့၊ ခင်ဗျားအတွက် သတင်းကောင်းကြားရလိမ့်မယ်၊ စောင့်သာနားထောင်နေ"

ဖုန်းလွေက အာမခံစကား ရဲရဲတင်းတင်းပြောလိုက်သည်။

ကျန်းဝမ်က ဖုန်းလွေအားဆတ်ခနဲကြည့်လိုက်၏။

ဖုန်းလွေ၏အမူအရာမှာတည်ကြည်နေပေသည်။

ထို့ကြောင့် သူတကယ်ပင်ဆောင်ရွက်နိုင်သောကိစ္စဖြစ်ခြင်းကြောင့် ယခုလို ရဲရဲကြီးအာမခံခြင်းဖြစ်ကြောင်း ကျန်းဝမ် သဘောပေါက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဖုန်းလွေအား စိုက်ကြည့်ကာ စဉ်းစားတွေးတောလိုက်မိသည်။

"ဒီလူက တယ်ဟုတ်ပါလား။ သူ တကယ်လုပ်နိုင်လို့လဲ ရဲရဲတင်းတင်းအာမခံတဲ့ပုံပဲ၊ သူ့ကိုကြည့်ရတာ မွန်ရည်တည်ကြည်လွန်းတယ်၊ နေပြည်တော်က နယ်လှည့်ထွက်လာတဲ့ မင်းဆွေမင်းမျိုးတစ်ယောက်ယောက်များဖြစ်နေမလားမသိဘူး"

ယင်းအခိုက် ဖုန်းလွေကထိုင်ရာမှထလိုက်၏။

သူသည် ကောင်တာသို့လျှောက်သွားပြီး စားသောက်ခကျသင့်ငွေများကိုချေလိုက်သည်။

ထို့နောက် ဆိုင်တွင်းမှထွက်ခွာသွား၏။

ကျွန်းဝမ်အား နှုတ်ဆက်ဖော်ပင်မရချေ။

ကျွန်းဝမ်မှာ ဖုန်းလွေ၏နောက်ကျောအား စိုက်ကြည့်ကာ ကျန်ရစ်ခဲ့သည်။

သူသည် ဆိုင်ထဲတွင် တစ်ယောက်တည်းထိုင်ကာ တွေးဆစဉ်းစားနေခဲ့သည်။ အတန်ကြာမှ... ဆိုင်ထဲမှထွက်ပြီး ခွန်စန်းမြို့သို့ ပြန်လာခဲ့လေသည်။

oooo



ဝေတိမ်ရွာမှအထွက်တွင် အတော်ပင် နေစောင်းနေပြီဖြစ်သည်။ မှောင်ရိပ်ပျိုးစပင်ပြုနေပြီဖြစ်သည်။

ကျွန်းဝမ်မှာ သိုင်းပညာတတ်မြောက်သူမဟုတ်ချေ။

ယင်းကြောင့် ခရီးသွားရာတွင်လျင်မြန်မှုမရှိလှချေ။

သူသည် ခွန်စန်းမြို့သို့ ညသန်းခေါင်ကျော်မှဝင်ရောက်သွား၏။ ဖုန်းလွေစကားကြောင့် သူသည် မျှော်လင့်ချက်အပြည့်အဝဖြင့် အလျင်အမြန်လျှောက်လှမ်းလာခဲ့ခြင်းဖြစ်သည်။

ထိုသို့မဟုတ်ဘဲ သာမန်သွားရိုးသွားစဉ်အတိုင်းလျှောက်လှမ်းခဲ့လျှင် မိုးလင်းသည့်တိုင် ရောက်နိုင်ဦးမည်မဟုတ်ပေ။

ကျွန်းဝမ်မှာ ခြေလှမ်းကိုတတ်နိုင်သမျှ အမြန်ဆုံးလှမ်းလာခဲ့သည်။ သို့ဖြစ်ရာ... ခွန်စန်းမြို့သို့ရောက်သောအခါ သူ၏ခြေထောက်များ နာကျင်ကိုက်ခဲနေပြီဖြစ်သည်။

သို့သော်...

အားတင်းကာ နေအိမ်သို့ရောက်အောင် လျှောက်လှမ်းလာခဲ့၏။ နေအိမ်သို့ရောက်သည်နှင့် သူကတံခါးခေါက်လိုက်သည်။

"ဒေါက်... ဒေါက်... ဒေါက်"

နှုတ်မှလည်း မိခင်ဖြစ်သူကိုခေါ်နှိုးလိုက်၏။

"မေမေရေ... မေမေ... တံခါးဖွင့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဝမ်မှာ ကြာကြာခေါ်မနိုးရချေ။

အိမ်တံခါးမှာ ချက်ချင်းပွင့်လာလေသည်။

"ကျို..."

တံခါးဖွင့်သံနှင့်အတူ မီးရောင်မှာ တံခါးအပြင်ဘက်သို့လျှံကျလာ၏။ မီးရောင်ကြောင့် တံခါးလာဖွင့်ပေးသူကို ထင်ထင်ရှားရှားမြင်လိုက်ရသည်။

ထိုအခါ ကျန်းဝမ်၏မျက်လုံးများ ပြူးကျယ်သွားလေသည်။ သူသည် သတိကင်းလွတ်သူပမာ အံ့သြမင်တက်သွားသည်။

သို့သော် ချက်ချင်းပင် သတိပြန်ဝင်လာ၏။

ထိုအခါ... သူ၏ရင်ထဲတွင် ဝမ်းသာပျော်ရွှင်မှုများဖြင့် ပြည့်နှက်သွားလေသည်။

အကြောင်းမှာ... တံခါးလာဖွင့်ပေးသူမှာ သူ၏ချစ်ဇနီး ချင်းချင်းဖြစ်နေခြင်းကြောင့်ပင်တည်း။

၀၀၀၀



ကျန်းဝမ်မှာဝမ်းသာမှုကြောင့် ချက်ချင်းစကားမဆိုနိုင်သေးချေ။ ဇနီးဖြစ်သူ ချင်းချင်းကိုစိုက်ကြည့်နေ၏။

အတန်ကြာမှ မယုံနိုင်လောက်သောလေသံဖြင့် အထစ်ထစ်အငေါ့ငေါ့မေးမြန်းလိုက်သည်။

"ညီ... ညီမ ချင်းချင်း ညီမပြန်ရောက်လာပြီနော်"

ချင်းချင်းကလည်း မျက်ရည်ဖုံးလွှမ်းသောမျက်လုံးများဖြင့်စိုက်ကြည့်နေရာမှခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်အစ်ကို... ဟုတ်တယ်"

ထို့နောက် ကျန်းဝမ်နှင့်ချင်းချင်းတို့မှာ တစ်ယောက်ကို တစ်ယောက်တင်းကျပ်စွာပွေ့ဖက်လိုက်လေသည်။

ချင်းချင်းမှာ တအင့်အင့်ရှိုက်ငိုနေ၏။

ကျန်းဝမ်၏မျက်လုံးများတွင်လည်း မျက်ရည်များပြည့်နှက်နေသည်။ ကျန်းဝမ်နှင့်ချင်းချင်းတို့တစ်ယောက်လက်ကို တစ်ယောက်ကိုင်ကာ အိမ်ထဲသို့ဝင်ခဲ့၏။

ကျန်းဝမ်၏မိခင်ကြီးမှာ ဘုရားဝတ်ပြုဆုတောင်းနေသည်။

ယင်းကြောင့် ကျန်းဝမ်တို့မှာ သူမအား အနှောင့်အယှက်မပေးတော့ဘဲ သူတို့ဇနီးမောင်နှံ၏အိပ်ခန်းထဲသို့ဝင်လာခဲ့ကြ၏။

အခန်းထဲတွင် မျက်နှာချင်းဆိုင်ထိုင်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဝမ်က ချစ်စနိုးကိုရွှန်းရွှန်းစားစားကြည့်ကာ မေးလိုက်လေသည်။

"ညီမ ဘယ်လိုလုပ်ပြီးအိမ်ပြန်ရောက်လာတာလဲ"

ချင်းချင်းက သက်ပြင်းချလိုက်သည်။

"ကျွန်မကို ရိကျောက်ကဖမ်းသွားပြီး မြို့တော်ဝန်ဂေဟာက အခန်းတစ်ခုထဲမှာပိတ်လှောင်ထားတယ်၊ သူ့အလိုကိုလိုက်ဖို့လဲ ခဏခဏပြောဆိုဖျောင်းဖျတယ်၊ ကျွန်မက ကတ်ကြေးတစ်လက် အသင့်ယူသွားတယ်လေ၊ သူတို့အတင်းအကျပ်လုပ်ရင် အသက်သာ အသေခံလိုက်မယ်လို့ ကတ်ကြေးနဲ့ရင်ဝကိုထောက်ပြီးပြောလိုက်တယ်၊ ဒါကြောင့် သူတို့ကအကြမ်းမဖက်ရဲနေခဲ့ကြတာပေါ့"

ချင်းချင်းက ပြောလက်စ စကားကိုရပ်ထားလိုက်သည်။

ကျန်းဝမ်မှာ အားမလိုအားမရဖြစ်လာလေသည်။

ထို့ကြောင့် ချင်းချင်းကိုစိုက်ကြည့်ကာမေးလိုက်သည်။

"အဲဒါနဲ့ ဘာဆက်ဖြစ်သလဲ၊ ပြောစမ်းပါဦးညီမရယ်"

ကျန်းဝမ်မှာ သိချင်စိတ် လွန်စွာပြင်းပြနေလေတော့၏။

သူမ ခေါင်းညိတ်လိုက်သည်။

"ဒီနေ့ညဦးပိုင်းမှာ ရိကျောက်ဟာ ဓားတစ်ချောင်းကိုင်ပြီး ကျွန်မဆီကိုရောက်လာတယ်၊ သူကဓားနဲ့ခြိမ်းခြောက်ပြီး ကျွန်မကို



အကြမ်းဖက်နေချိန်မှာ ဘယ်လိုဖြစ်သွားမှန်းမသိဘူး၊ ရိကျောက်ဟာ ခွေခနဲလဲကျသွားတယ်၊ သူ့ပါးစပ်ကလဲ အမြှုပ်တွေတစီစီထွက်ကျလာတယ်"

ကျန်းဝမ် အံ့အားသင့်သွားသည်။

"ဟင်... ဟုတ်လား"

"အဲဒါဘယ်လိုဖြစ်တာလဲ"

သူမ ခေါင်းခါလိုက်သည်။

"ကျွန်မလဲ ဘယ်သိပ့်မလဲအစ်ကိုရယ်.... ဝက်ရူးပြန်သလိုဖြစ်နေတဲ့ရိကျောက်ကို မျက်လုံးအပြူးသားနဲ့ကြည့်နေမိတယ်၊ အဲဒီအချိန်မှာပဲ မုတ်ဆိတ်မွေးဖြူဖွေးနေတဲ့အဘိုးအိုတစ်ယောက် အခန်းထဲရောက်လာတယ်၊ သူက ကျွန်မကိုဆွဲပြီးခေါ်ထုတ်လာတာပဲ"

ကျန်းဝမ်မျက်မှောင်ကုပ်သွားသည်။

သူမက စကားဆက်လိုက်သည်။

"အဲဒီအဘိုးကြီးက သိပ်တော်တာပဲ၊ မြို့တော်ဝန်ဂေဟာက အစောင့်တွေတစ်ယောက်မှမသိအောင် ဖောက်ထွက်လာခဲ့တယ်"

သူက မျက်ခုံးပင့်ကာမေးလိုက်သည်။

"ညီမကို အဲဒီအဘိုးကြီးက အိမ်အထိရောက်အောင် လိုက်ပို့ပေးခဲ့တယ်ဟုတ်လား"

www.burmeseclassic.com



သူမက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်အစ်ကို"

ကျန်းဝမ်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"အဲဒီအဘိုးကြီးက ဘာပြောသွားသေးသလဲ"

ချင်းချင်းက အားရပါးရလေသံဖြင့်ပြောပြလိုက်သည်။

"အဲဒီအဘိုးကြီးကို ဘာမှမကြောက်နဲ့ မင်း ခင်ပွန်း မကြာခင် အိမ်ကိုရောက်လာလိမ့်မယ်၊ စောင့်သာနေလို့ပြောသွားတယ်၊ ပြောပြီးတာနဲ့အိမ်ပြင်ကနေ ပျောက်သွားတယ်၊ မြန်လိုက်တာ ပြောမနေပါနဲ့တော့၊ လှစ်ခနဲဆို မျက်စိအောက်ကပျောက်သွားတော့တာပဲ၊ ကိုယ်ပျောက်သွားသလားအောက်မေ့ရတယ်၊ ကျွန်မဖြင့် သူ့ကို ကျေးဇူးတင်စကားတောင် မပြောလိုက်ရဘူး"

ကျန်းဝမ် ရယ်မောလိုက်သည်။

ချင်းချင်းကို ကယ်တင်ပေးခဲ့သည့်အဘိုးကြီးမှာ မိမိနှင့် ဝေတိမ်ရွာတွင်ဆုံခဲ့သည့်ဖုန်းလွေက ရုပ်ဖျက်ထားခြင်းဖြစ်ကြောင်း တွေးလိုက်မိခြင်းဖြစ်သည်။ ယင်းကြောင့် ကျန်းဝမ်မှာ ဖုန်းလွေအား ကျေးဇူးတင်ခြင်းများနှင့်အတူ အထင်ကြီးလေးစားစိတ်များပါ ဝင်ရောက်လာလေတော့သည်။

oooo



ကျန်းဝမ်၏တွေးခေါ်ယူဆချက်မှာ မမှားချေ။

ချင်းချင်းကိုကယ်တင်ပေးသူမှာ ဖုန်းလွေပင်ဖြစ်လေသည်။

သူမှာ ကျန်းဝမ်နှင့်လမ်းခွဲခဲ့ပြီးနောက် ကိုယ်ဖော့ပညာသုံးကာ ခွန်စန်းမြို့သို့အမြန်ဆုံးသွားရောက်ခဲ့သည်။

ဝေတိမ်ရွာလေးနှင့်ခွန်စန်းမြို့မှာ မိုင်ငါးဆယ်ခန့်မျှကွာဝေး၏။ သူသည် ကိုယ်ဖော့ပညာကိုအသုံးပြုကာ အမြန်ဆုံးခရီးနှင်လိုက်၏။

ယင်းကြောင့် တစ်နာရီခန့်အကြာတွင် ခွန်စန်းမြို့သို့ရောက်ရှိသွားလေသည်။

သူသည် ခွန်စန်းမြို့သို့ရောက်ရှိပြီးနောက် စုံစမ်းကြည့်ရာ ချင်းချင်းအား မြို့တော်ရဂေဟာအနောက်ဘက်အဆောင်ရှိ အခန်းတစ်ခန်းထဲတွင် ပိတ်လှောင်ထားကြောင်းသိရှိလိုက်ရလေသည်။

သူသည် ညပိုင်းအချိန်သို့ရောက်အောင် စောင့်ဆိုင်းနေလိုက်သည်။ အမှန်တွင် သူ့အနေဖြင့် ချင်းချင်းကိုကယ်တင်မည်ဆိုလျှင် ညနေပိုင်းလောက်မှာပင် သွားရောက်ကယ်တင်နိုင်ပေသည်။

သို့သော် ဖုန်းလွေက အလောမကြီးချေ။ သူက ချင်းချင်းက ကယ်တင်ရုံသက်သက်ဖြင့် မသွားလိုချေ။ ရီကျောက်ကိုလည်း ဆုံးမလိုသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ညပိုင်းအချိန်သို့ရောက်အောင် စောင့်နေခဲ့ခြင်းဖြစ်သည်။ သူ စောင့်ရကျိုးနပ်သွား၏။

အကြောင်းကား သူမြို့တော်ဝန်ဂေဟာသို့ရောက်သွားချိန်တွင် ရှီကျောက်က ချင်းချင်းအား အဲတင်းအဓမ္မခြိမ်းခြောက်နေသည်ကိုတွေ့ရခြင်းကြောင့်ဖြစ်သည်။ သူသည် အရိပ်မဲ့လက်ညှိုးကိုသုံးကာ ရှီကျောက်အားအကြောပိတ်လိုက်၏။

ထို့နောက် ထိတ်လန့်နေသောချင်းချင်းအား ကျန်းဝမ်တို့နေထိုင်ရာ ယခုနေအိမ်လေးသို့ပို့ဆောင်ပေးခဲ့သည်။ ထိုအချိန်က ဖုန်းလျှောသည် အဘိုးအိုတစ်ယောက်အသွင် ရုပ်ဖျက်ထားခဲ့သည်။

ထို့ကြောင့်.... ချင်းချင်းသည် သူမအားကယ်တင်ခဲ့သူမှာ အဘိုးအိုတစ်ဦးဟုထင်မှတ်ခဲ့ခြင်းဖြစ်သည်။ ဖုန်းလျှောသည် ချင်းချင်းကို အိမ်အရောက်ပြန်ပို့ပေးခဲ့ပြီးနောက် မိမိ၏တည်းခိုရိပ်သာသို့ ပြန်ကာ အနားယူအိပ်စက်လိုက်လေသည်။

၀၀၀၀



နောက်တစ်နေ့နံနက်လင်းသည်နှင့် ခွန်စန်းမြို့တစ်မြို့လုံး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

အကြောင်းကား ခွန်စန်းမြို့သို့ အလည်ရောက်ရှိလာသည့် နယ်စားကြီး၏သားရှီကျောက်တွင် ထူးဆန်းသောအနာရောဂါကပ်နေသည့်သတင်းပျံ့နှံ့သွားခြင်းကြောင့်ဖြစ်သည်။

မြို့တော်ဝန်မင်းယန်မှာလည်း ဗျာများနေသည်။

မိမိထံအလည်ရောက်ရှိနေချိန်အတွင်း၌ ရှီကျောက်ရောဂါဝေဒနာစွဲကပ်လာသဖြင့် တာဝန်မကင်းဟုယူဆမိသည်။

ထို့ကြောင့် သူသည် ခွန်စန်းမြို့တွင်ရှိသော သမားတော်များအားလုံးကို ဆင့်ခေါ်လိုက်လေသည်။ သမားတော်အားလုံးလိုလိုပင် မြို့တော်ဝန်ဂေဟာသို့ရောက်ရှိလာခဲ့ကြသည်။

ဖုန်းလျှောကမူ အေးအေးဆေးဆေးပင် ရှိနေ၏။

တည်းခိုခန်း၌ငှားရမ်းထားသည့် သူ၏အခန်းထဲတွင် တစ်နေ့လုံး အနားယူနေလိုက်သည်။ ညနေစောင်းလောက်မှ ဖုန်းလျှော အခန်းထဲမှထွက်လာသည်။

ထို့နောက်.... တည်းခိုခန်းနှင့်မလှမ်းမကမ်းရှိ ကျွမ်ယွင်စားသောက်ဆိုင်သို့လာခဲ့သည်။ ကျွမ်ယွင်စားသောက်ဆိုင်မှာ ခွန်စန်းမြို့တွင် နာမည်အကြီးဆုံးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းဆိုင်မှ စားသောက်ဖွယ်ရာများမှာ အရသာရှိသည်။

ထို့ကြောင့် ကျွမ်းယွင်စားသောက်ဆိုင်တွင် အမြဲမပြတ် လူစည်ကားလျက်ရှိနေခြင်းဖြစ်သည်။

သူ ရောက်ရှိသွားချိန်တွင် ညနေစာစားသောက်နေသူများဖြင့်ပြည့်နှက်နေသည်။

စားပွဲလွတ်ဟူ၍ လုံးဝမရှိချေ။

သို့သော် သူ့မှာကံကောင်းသည်ဟုဆိုရမည်။

သူ ဆိုင်အတွင်းသို့ရောက်ရှိလာချိန်တွင် စားပွဲဝိုင်းတစ်ခုမှ လူများမှာ စားသောက်ပြီးစီး၍နေရာမှထသွားကြ၏။

ထို့ကြောင့် သူသည် ထိုစားပွဲဝိုင်း၌ဝင်ထိုင်လိုက်သည်။

စားသောက်ဆိုင်ထဲမှ လူများသည် စားသောက်နေရင်းမှ နယ်စားကြီးသား ရီကျောက်၏ ထူးဆန်းသည့်ရောဂါအကြောင်း ပြောဆိုနေကြသည်များကို သူကြားနေရသည်။

"ရီကျောက်ရဲ့ရောဂါက အတော်ထူးဆန်းတာပဲ"

"မြို့ပေါ်ကရှိရှိသမျှ သမားတော်တွေခေါ်ပြီးကုခိုင်းတယ်"

"အားလုံးခေါင်းခါပြီး ပြန်ကုန်ရတယ်"

"ရောဂါကိုကုဖို့မဆိုထားနဲ့ ဘာရောဂါလဲဆိုတာတောင် မပြောနိုင်ကြဘူး"



"နယ်စားမင်းလဲ ဒီမြို့ကိုရောက်လာနေပြီ"

"မြို့တော်ဝန်သစ် မင်းယန်တော့ ဒုက္ခပဲ"

စားသောက်ဆိုင်ထဲ၌ ရီကျောက်အကြောင်းများကိုသာ ပြောဆိုနေကြသည်။ ယင်းအခိုက် စကားပြောဆိုသံများသည် မီးကို ရေနှင့်ပက်ဖျန်းလိုက်သကဲ့သို့ ရုတ်တရက်ငြိမ်ကျသွားသည်။

မရှေးမနှောင်းပင် လူတစ်ယောက် ဆိုင်ထဲသို့ဝင်လာသည်ကိုမြင်လိုက်ကြရသည်။

ဖုန်းလှေကလှမ်းကြည့်လိုက်ရာ လူရွယ်သုံးဦးခြံရံထားသည့် အဘိုးအိုတစ်ဦးကိုမြင်လိုက်ရသည်။

ထိုအဘိုးအိုကြည့်ရသည်မှ အကြံပေးအရာရှိတစ်ဦး သွင်ပြင်ဟန်မျိုးရှိသည်။ ဆိုင်ရှင်မှာ ထိုအဘိုးအိုကိုမြင်လိုက်သည်နှင့် ပျာယာခတ်သွားလေသည်။

ထို့နောက် .... စားပွဲတစ်လုံးကို ချက်ချင်းရှင်းလင်းကာ အဘိုးအိုတို့လူစုအတွက် ပြင်ဆင်ပေးလိုက်သည်။

အဘိုးအိုက ထိုင်ခုံတစ်ခု၌စိတ်ပျက်လက်ပျက်ထိုင်ချလိုက်သည်။ ဆိုင်ရှင်က အဘိုးအိုအားအရှိအသေပေးလိုက်သည်။

ပြီးနောက် အထူးရိုကျိုးစွာဖြင့်မေးမြန်းလိုက်သည်။

"အကြံပေးအရာရှိကြီးခင်ဗျား ... နယ်စားမင်းရဲ့သား

www.burmeseclassic.com

www.burmeseclassic.com



ရောဂါအခြေအနေသက်သာပါရဲ့လား”

အဘိုးအိုကလေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။

ပြီးမှ ခေါင်းယမ်းကာပြောလိုက်သည်။

“ဒီမြို့ကသမားတော်တွေသာမကဘူး၊ အနီးအနားက သမားတော်တွေလဲကုန်ပြီ၊ ဘယ်သူမှမကုနိုင်ဘူး။ ခက်တာက နောက်ထပ်သမားတော်လဲ ရှာမရတော့တာဘဲ”

ဆိုင်ရှင်က စိတ်မကောင်းသည့်အသံဖြင့်ပြောလိုက်သည်။

“စိတ်မကောင်းစရာပါပဲ အကြံပေးအရာရှိကြီးခင်ဗျာ”

စကားဆုံးသည်နှင့် ခပ်ရွရွလေး နောက်ပြန်ဆုတ်သွားလေသည်။ ယင်းအခိုက် ဖုန်းလှေက စားပွဲထိုးအားအသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

“ကျုပ် လူနာကိုသွားကုပေးစရာရှိတယ်၊ ကျုပ်မှာထားတဲ့ ဟင်းလျာ အမြန်ဆုံးပြင်ဆင်ပြီးယူလာခဲ့ပါ”

ထိုစကားကြောင့် အကြံပေးအရာရှိကြီး၏မျက်လုံးအစုံက ဖုန်းလှေထံသို့ကျရောက်လာသည်။ တဆက်တည်းမှာပင် ဖုန်းလှေအား လှမ်းမေးလိုက်သည်။

“ခင်ဗျားကသမားတော်လား”

ဖုန်းလှေခေါင်းညိတ်လိုက်သည်။



“ဟုတ်ပါတယ်... ကျွန်တော်ကသမားတော်တစ်ဦးပါ”

အကြံပေးအရာရှိကြီးက ဝမ်းသာသွားသည့်ဟန်ဖြင့် မေးလိုက်သည်။

“တစ်ကိုယ်လုံးတောင့်တင်းပြီး ပါးစပ်က အမြှုပ်တွေထွက် သတိလစ်လဲနေတဲ့ရောဂါသည်တစ်ဦးကိုကုသပေးနိုင်မလား”

သူ အနည်းငယ်စဉ်းစားလိုက်သည်။

ပြီးမှ ခပ်တည်တည်ဖြင့်ပြောလိုက်သည်။

“ကျွန်တော်ငယ်စဉ်က ထူးဆန်းတဲ့သမားတော်တစ်ဦးနဲ့ တွေ့ပြီး နည်းနာခံခဲ့ရလို့ ရောဂါဆန်းတွေကို ကုသတတ်ပါတယ်၊ ကျွန်တော်က ခရီးသွားနေချိန်မှာ ကြားဖြတ်ပြီးတော့ ရောဂါကုပေးလေ့မရှိပါဘူး၊ ဒါပေမဲ့ ဆရာကြီးပြောတဲ့ရောဂါကိုတော့ ကျွန်တော် နည်းနည်းစိတ်ဝင်စားမိတယ်”

အကြံပေးအရာရှိကြီးက... တောင်းပန်ခယသည့်အသံဖြင့် ပြောလိုက်သည်။

“ဖြစ်နိုင်မယ်ဆိုရင် ကုသပေးပါလား ဆရာလေးရယ်”

ဖုန်းလှေက တည်ကြည်သောမျက်နှာထားဖြင့်....

“အဲဒီလူနာ တစ်ကိုယ်လုံး ခပ်နွေးနွေးဖြစ်နေမယ်၊ ချွေးစေး တွေထွက်မယ်၊ သတိကတော့ လုံးလုံးလစ်တဲ့သဘောမဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



စကားမပြောနိုင် မလှုပ်ရှားနိုင်တာပဲဖြစ်မယ်ထင်တယ်”

အကြံပေးအရာရှိကြီး မျက်လုံးပြူးသွားသည်။

သူပြောသည်မှာ ဒက်တိမှန်ကန်နေသည်မဟုတ်ပါလား။

အကြံပေးအရာရှိကြီးက အားတက်သရောပြန်ပြောသည်။

“ဟာ... ဟုတ်တယ်... ဟုတ်တယ်၊ ခုနက ကျုပ်အပြောမှားသွားတာ... သတိလစ်နေတာတော့မဟုတ်ဘူး၊ ဆရာလေးပြောသလိုအခြေအနေမျိုးပဲ”

အကြံပေးအရာရှိကြီးမှာ ဖုန်းလွေအား အတော်အထင်ကြီးသွားဟန်တူသည်။

စကားအသုံးအနှုန်းပင်ပြောင်းလာ၏။

ဖုန်းလွေအား ဆရာလေးဟုပင် လေးလေးစားစားခေါ်လာလေသည်။

ဖုန်းလွေမှာ ရယ်ချင်သွားမိသည်။

သို့သော် မရယ်မိရန်ကြိုးစားထိန်းချုပ်လျက် ခပ်တည်တည်နေလိုက်ရသည်။ အကြံပေးအရာရှိကြီးက စကားဆက်လိုက်သည်။

“ဆရာလေးက ရောဂါလက္ခဏာကိုပြောနိုင်တယ်ဆိုတော့ ရောဂါကိုလဲ ကုသပေးနိုင်ပါလိမ့်မယ်၊ ဒါကြောင့် လူနာကိုလိုက်လံကြည့်ရှုပေးဖို့မေတ္တာရပ်ခံပါတယ်၊ တကယ်လို့... ကုသပေးနိုင်မယ်



ဆိုရင် ကျေးဇူးကောင်းကောင်းဆပ်ပါ့မယ်”

ဖုန်းလွေ အနည်းငယ်စဉ်းစားလိုက်သည်။

ပြီးမှ ခေါင်းကိုဆတ်ခနဲညိတ်လိုက်သည်။

“လူနာရဲ့ရောဂါကို ကျွန်တော်လဲ စိတ်ဝင်စားနေတာဆိုတော့ လိုက်ကြည့်ပေးပါ့မယ်”

အကြံပေးအရာရှိကြီးမှာ ဝမ်းသာသွားသည်။

ချက်ချင်းပင် ဖုန်းလွေအား မြို့တော်ဝန်ဂေဟာသို့ခေါ်ဆောင်သွားလေသည်။ ဖုန်းလွေကလည်း ဝါရင့်သမားတော်ကြီးတစ်ဦး၏ဟန်ပန်ဖြင့် ခပ်တည်တည်လိုက်ပါသွားလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



မြို့တော်ဝန်ဂေဟာ….

မြို့တော်ဝန်ဂေဟာသည် လွန်စွာကြီးကျယ်ခန်းနားသော အဆောက်အဦးကြီးတစ်ခုဖြစ်သည်။

အကြံပေးအရာရှိကြီး ခေါ်ဆောင်လာခြင်းကြောင့် ဖုန်းလွှမှာ မြို့တော်ဝန်ဂေဟာသို့ရောက်ရှိလာခဲ့ရသည်။

ဖုန်းလွှတို့ရောက်လာချိန်တွင် ဧည့်ခန်းဆောင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ဤသို့ဆိုလျှင်….

ဧည့်ခန်းဆောင်ထဲတွင် လူသူရှိမနေခြင်းကြောင့်ပင်လော။

မဟုတ်ပါ။

လူများရှိနေပါသည်။

တိတိကျကျဆိုရလျှင်….

ဧည့်ခန်းဆောင်ထဲတွင် လူသုံးယောက်ရှိနေပါသည်။

ထိုလူများမှာ …. နယ်စားမင်းဇနီးမောင်နှံနှင့် မြို့တော်ဝန်မင်းယန်တို့ပင်ဖြစ်ကြပေသည်။

ဂူးကျူးနယ်စားဇနီးမောင်နှံမှာ ဧည့်ခန်းဆောင်ရှိ ကုလားထိုင်ပေါ်၌ စိတ်ပျက်လက်ပျက်ထိုင်နေကြသည်။ သူတို့နှင့်မနီးမဝေးတွင် မြို့တော်ဝန်မင်းယန်က ခပ်ကုပ်ကုပ်လေးထိုင်နေ၏။



သုံးယောက်စလုံး၏မျက်နှာပေါ်တွင်….

စိတ်ပျက်အားလျော့သည့်အသွင်များ အထင်းသားပေါ်လွင်နေ၏။ သူတို့ တစ်ဦးကိုတစ်ဦး မည်သည့်စကားမျှပင် မဆိုကြချေ။

ထို့ကြောင့်….

ဧည့်ခန်းဆောင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေခြင်း ဖြစ်လေသည်။

အကြံပေးအရာရှိကြီးက နယ်စားကြီးအား ဦးညွတ်အရိုအသေပေးလိုက်၏။ ပြီးမှ ဖုန်းလွှအားညွှန်ပြကာပြောဆိုလိုက်သည်။

"သခင်လေး ရီကျောက်ရဲ့ရောဂါကို ကုသနိုင်မဲ့သမားတော်တစ်ယောက်ကိုတွေ့လို့ ဖိတ်ခေါ်လာပါတယ်"

ထိုစကားကြောင့် နယ်စားမင်းဇနီးမောင်နှံနှင့် မြို့တော်ဝန်မင်းယန်မှာဝမ်းသာသွားကြသည်။ နယ်စားမင်းဇနီးမောင်နှံကားကုန်ပြေပင်မဆည်နိုင်ကြတော့ချေ။

ထိုင်နေရာမှထပြီး ရောက်ရှိလာသည့်ဖုန်းလွှကို ကြိုဆိုလိုက်ကြပေသည်။

ထိုအခါ မင်းယန်မှာလည်း မနေနိုင်တော့ချေ။

ထိုင်ရာမှထကာ ဖုန်းလွှအားကြိုဆိုလိုက်လေသည်။

ဖုန်းလွှသည် ….

www.burmeseclassic.com

www.burmeseclassic.com



အသက်နှစ်ဆယ်ခန့်ရှိသောလူငယ်တစ်ဦးဖြစ်သည်။

သို့သော် နယ်စားမင်းက တလေးတစားပင် ဆက်ဆံပြောဆိုကြသည်။

ထို့နောက် ....

သူတို့သည် အချိန်ဆိုင်းမနေကြတော့ဘဲ လူနာရှိရာအခန်းထဲသို့ ဖုန်းလှေကိုခေါ်ဆောင်သွားကြလေသည်။

၀၀၀၀



အခန်းထဲရှိခုတင်ပေါ်တွင် ရှီကျောက်မှာ ပက်လက်ကလေးရှိနေသည်။ သူသည် အခန်းထဲသို့ဝင်လာကြသူများကို မျက်လုံးလေးစွေ၍ကြည့်လိုက်သည်။

သို့သော် သူ၏ခန္ဓာကိုယ်အစိတ်အပိုင်းများမှာ လုံးဝလှုပ်ရှားနိုင်ခြင်းမရှိပါ။

ရှီကျောက်၏ခန္ဓာကိုယ်သည် သစ်သားချောင်းတစ်ခုလိုတောင့်တောင့်ကြီးဖြစ်နေသည်။ ပါးစပ်မှာလည်း အမြှုပ်တစီစီထွက်နေသည်။

သူ၏ခုတင်ဘေးတစ်ဖက်တစ်ချက်တွင် မိန်းကလေးနှစ်ဦးရှိကြသည်။ ထိုမိန်းကလေးများက ရှီကျောက်အား ပြုစုပေးနေကြခြင်းဖြစ်သည်။

ဖုန်းလှေက ရှီကျောက်အနားသို့ချဉ်းကပ်သွားလေသည်။

ထို့နောက် ....

ရှီကျောက်အား ခပ်တည်တည်ဖြင့်စမ်းသပ်လိုက်၏။

မိန်းကလေးနှစ်ယောက်က နောက်သို့ဆုတ်ခွာပေးလိုက်ကြသည်။ ဖုန်းလှေသည် အကြောထုံးအကြောပိတ်သိုင်းပညာကိုတတ်မြောက်ထားသူဖြစ်သဖြင့် သမားတော်၏စမ်းသပ်နည်းဖြင့်လူနာအား ဟန်ဆောင်စမ်းသပ်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ဟန်ဆောင်မှုကို မည်သူကမျှ သံသယမဖြစ်ကြချေ။

စမ်းသပ်စစ်ဆေးမှုပြုပြီးနောက် ဖုန်းလွှေက ခုတင်ဘေးရှိ ထိုင်ခုံတွင် အသာထိုင်ချလိုက်သည်။

ထို့နောက်... မျက်မှောင်ကုပ်ကာ သမားတော်ကြီးတစ်ဦး ပုံဟန်ဖြင့် အလေးအနက်စဉ်းစားနေတော့၏။

နယ်စားမင်းတို့မှာ သူပြောလာမည့်စကားကိုနားစွင့်နေကြသည်။ သို့သော် ဖုန်းလွှေက မည်သည့်စကားမျှမပြောချေ။

အချိန်အတော်ကြာသွား၏။

သို့တိုင်အောင်.... ဖုန်းလွှေထံမှ မည်သည့်စကားသံမျှထွက်မလာချေ။ နယ်စားမင်းမှာ စိတ်မရှည်နိုင်တော့ပေ။

ထို့ကြောင့် ထိုင်ရာမှထကာ ဖုန်းလွှေအားမေးမြန်းလိုက်၏။

"ဘယ့်နှယ်လဲသမားတော်ကြီး.... ကျုပ်သားရဲ့ရောဂါကိုကုလို့ကောရနိုင်ပါရဲ့လား"

ဖုန်းလွှေခေါင်းညိတ်လိုက်သည်။

"အင်း... ကုလို့ကတော့ရပါတယ်၊ ဒါပေမဲ့...."

ဖုန်းလွှေက စကားကိုရပ်တန့်ထားလိုက်သည်။

နယ်စားမင်း ရင်ထိတ်သွား၏။

ကမန်းကတန်းမေးမြန်းလိုက်သည်။



"ဒါပေမဲ့ ဘာဖြစ်သလဲ... ပြောပါသမားတော်ကြီး"

ဖုန်းလွှေက တည်ကြည်သောလေသံဖြင့်ပြောလိုက်၏။

"ကျွန်တော့်ရဲ့ဆေးကုသပုံကဆန်းတယ်၊ စည်းကမ်းချက်တွေယကြာတွေလုပ်ရမယ်၊ အဲဒါနယ်စားမင်းတို့လိုက်နာနိုင်ပါ့မလားမသိဘူး"

နယ်စားမင်းသည် မိမိသား၏ရောဂါကို သမားတော်အများအပြားခေါ်ကာကုသစေခဲ့သည်။

သို့သော်... အားလုံးသော သမားတော်များက စမ်းသပ်ကြည့်ပြီးသည်နှင့်ခေါင်းခါယမ်းကာထွက်သွားခဲ့ကြသည်ကို တွေ့ကြုံခဲ့ရ၏။

ယခုမူ... အသက်အရွယ်နုနယ်သော သမားတော်လေးက ပျောက်ကင်းအောင်ကုသပေးနိုင်မည့်သဘော ပြောလာချေပြီ။

နယ်စားမင်းမှာ မျှော်လင့်ချက်လမ်းစလေး ပေါ်လာပြီဖြစ်သောကြောင့် အတော်ပင် စိတ်အားတက်ကြွသွားလေသည်။

ထို့ကြောင့် ဘာဘာညာညာစဉ်းစားမနေနိုင်တော့ချေ။

ဖုန်းလွှေအားကြည့်ကာ အားတက်သရောပြောလိုက်၏။

"စည်းကမ်းတွေ ယကြာတွေကိုသာပြောပါဆရာ၊ ကျုပ်တို့လိုက်နာဆောင်ရွက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလွှေက ခေါင်းကဆတ်ဆတ်ညိတ်လိုက်သည်။

"ကျွန်တော်က လူနာရှိတဲ့အိမ်ရဲ့အခြေအနေကိုကြည့်ပြီး ဆေးဖိုးဝါးခယူပါတယ်၊ ကျွန်တော်တောင်းတဲ့ဆေးဝါးခကိုငြင်းပယ်လို့မရဘူး၊ ဒါက ပထမအချက်ပါ"

နယ်စားမင်းက ခေါင်းကိုဆတ်ခနဲညိတ်လိုက်၏။

"ဟုတ်ကဲ့... ဟုတ်ကဲ့"

ဖုန်းလွှေကစကားဆက်လိုက်ပြန်သည်။

"နောက်တစ်ခုက.... ယကြာလုပ်ရမဲ့ကိစ္စတွေနဲ့ လိုက်နာရမဲ့ စည်းကမ်းတွေကိုလဲ သတ်မှတ်ပေးမယ်၊ အဲဒီစည်းကမ်းချက်တွေက သိပ်အရေးကြီးပါတယ်၊ စည်းကမ်းဖောက်ဖျက်တာနဲ့ဆေးကုပြီး ပျောက်သွားတဲ့ရောဂါက တစ်ခါပြန်ဖြစ်လာနိုင်တယ်"

နယ်စားမင်း ပျာပျာသလဲပြောလိုက်၏။

"ဟာ... ဖြစ်ပါတယ်... ဖြစ်ပါတယ်၊ ဘာတွေလုပ်ရမယ် ဆိုတာကိုသာပြောပါ"

ဖုန်းလွှေခေါင်းညိတ်လိုက်သည်။

"ပထမဆေးဖိုးဝါးခကိုပြောမယ်"

နယ်စားမင်းက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ကဲ့"



သူက လက်တစ်ချောင်းထောင်ပြလိုက်၏။

"ဆေးဖိုးဝါးခအတွက် ယွမ်ငွေတစ်ထောင်ပေးရမယ်"

နယ်စားမင်း မျက်လုံးပြူးသွား၏။

ယွမ်တစ်ထောင်ဆိုသောငွေကြေးပမာဏမှာ အတော်ပင်များပြားလှသည်။ သို့သော် နယ်စားမင်းမှာ တစ်ဦးတည်းသောသား အတွက်မို့ မနှမြောနိုင်တော့ချေ။

"ရပါတယ်... ရပါတယ်... ပေးပါ့မယ်"

ဖုန်းလွှေခေါင်းခါယမ်းလိုက်၏။

"ဆေးဖိုးဝါးခကို နယ်စားကြီးပေးစရာမလိုပါဘူး"

နယ်စားမင်း အံ့သြသွားသည်။

သူက ဖုန်းလွှေအား မျက်ခုံးပင့်ကာမေးလိုက်၏။

"ဒါဖြင့် ယွမ်ငွေတစ်ထောင်ကို ဘယ်သူကပေးရမှာလဲ"

ဖုန်းလွှေကပြုံးလိုက်ပြီး ....

"လူနာ ရောဂါအန္တရာယ်ကျရောက်ခဲ့တဲ့အိမ်ရှင်က အဲဒီငွေကိုပေးရမှာပါ"

နယ်စားမင်းက မင်းယန်ကိုလှမ်းကြည့်လိုက်၏။

မင်းယန်မှာ မနေသာတော့ဘဲ အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်... ဟုတ်ကဲ့... ပေးပါ့မယ်"

မင်းယန်မှာ နယ်စားမင်းအား ကြောက်ရွံ့သောကြောင့်သာ ခေါင်းညိတ်လိုက်ခြင်းဖြစ်၏။

သို့သော် သူ၏စိတ်ထဲတွင် ယွမ်ငွေ တစ်ထောင်အား နှမြောနေမိလေသည်။

ဖုန်းလွှေကပြုံးကာ ....

"ဟုတ်ပြီ... ရောဂါပျောက်ပြီး လုပ်ဆောင်ရမယ့်စည်းကမ်းချက်တွေကိုပြောပြမယ်.... အဲဒါကိုတော့ နယ်စားမင်းကိုယ်တိုင်က အာမခံဖို့လိုပါတယ်"

နယ်စားမင်းက ကမန်းကတန်းပြောလိုက်သည်။

"ပြောပါ... ကျုပ်အာမခံပါတယ်"

ဖုန်းလွှေက တည်ကြည်သောလေသံဖြင့်ပြောလိုက်သည်။

"ရောဂါပျောက်ကင်းသွားရင် ရီကျောက်ဟာ ကိုယ့်တရားဝင်ဇနီးမယားတွေကလွဲလို့ အခြားမိန်းကလေးတွေကိုမပြစ်မှားရဘူး၊ ပြစ်မှားခဲ့ရင် ...."

သူ၏စကားမဆုံးမီမှာပင်....

နယ်စားမင်းကတော်က... ပျာပျာသလဲဖြင့်ကြားဝင်ပြောလိုက်လေသည်။



"ဟုတ်ကဲ့... စိတ်ချပါရှင်၊ လိုက်နာရပါစေ့မယ်၊ ယခြာကိုသာဆက်ပြောပါရှင်"

ဖုန်းလွှေက နယ်စားမင်းအား စိုက်ကြည့်လိုက်၏။

ပြီးမှ အလေးအနက်လေသံဖြင့် ....

"ယတြာအနေနဲ့ကတော့ ရေဘေးသင့်ပြီးဒုက္ခရောက်နေတဲ့သူတွေကို ဆန်လှူရမယ်၊ အဲဒီယတြာတွေလုပ်ပြီးမှ ဆေးကုသလို့ရနိုင်ပါမယ်"

နယ်စားမင်းတို့မှာ အကျပ်တွေ့သွားသည်။

အမှန်တော့ သူတို့အနေနှင့် ရေဘေးဒုက္ခသည်များကို ဆန်လှူရန်မှာ မခက်ခဲလှပါ။

သို့သော် ယခုချက်ချင်း ရေဘေးဒုက္ခသည်များကို မည်သည့်နေရာတွင် သွားရောက်ရှာဖွေရပါမည်နည်း။

နယ်စားမင်း ဦးနှောက်ခြောက်သွားလေသည်။

သူ့အနေဖြင့်.... ဖုန်းလွှေအား မည်သို့ပြန်ပြောရမှန်းမသိဖြစ်နေလေသည်။

"ဒါကတော့...."

စကားမှာ အထစ်ထစ်အငေါ့ငေါ့ဖြစ်နေ၏။

ဖုန်းလွှေက မျက်မှောင်ကုပ်လိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ဘာများ အခက်တွေ့နေလို့လဲ"

နယ်စားမင်းက သက်ပြင်းချလိုက်၏။

"အင်း... ရေဘေးဒုက္ခသည်တွေကို ဆန်လှူဖို့ကမခက်ခဲပါဘူး၊ ဒါပေမယ့် အခုလောလောဆယ် ရေဘေးဒုက္ခသည်တွေမရှိလို့ ခက်နေပါတယ်"

ဖုန်းလွှေက အနည်းငယ်စဉ်းစားဟန်ပြုလိုက်သည်။

ခဏကြာမှ....

"ဒါဖြင့် ကျွန်တော်အကြံတစ်ခုပေးမယ်"

နယ်စားမင်း စိတ်ဝင်စားသွား၏။

"သိပါရစေ"

ဖုန်းလွှေက တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်လေသည်။

"လွန်ခဲ့တဲ့ခြောက်လက ခွန်စန်းမြို့မှာရေဘေးကြုံတွေ့ရတဲ့အခါ အဲ့ဒီတုန်းက မြို့တော်ဝန်အဖြစ်တာဝန်ထမ်းဆောင်နေတဲ့ ကျန်းလူက စားရေးသောက်ရေးအခက်တွေ့နေတဲ့ရေဘေးဒုက္ခသည်တွေကို ဆန်ဝေငှလှူဒါန်းခဲ့တယ်လို့ကြားရတယ်"

မြို့စားမင်းကခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"



ဖုန်းလွှေက မေးခွန်းထုတ်လိုက်သည်။

"အဲဒီလို ဆန်လှူဒါန်းလိုက်တဲ့ကိစ္စကြောင့် ကျန်းလူကို အရေးယူခဲ့တယ်လို့လဲကြားသိရပါတယ်၊ အဲဒါဟုတ်သလား"

နယ်စားက မင်းယန်ကိုတစ်ချက်ကြည့်လိုက်သည်။

ပြီးနောက် ခေါင်းညိတ်ပြကာ....

"ဟုတ်ပါတယ်... သူက အစိုးရဆန်သိုလှောင်ရုံကဆန်တွေကိုထုတ်ယူပြီး သူ့သဘောနဲ့သူ ဝေငှပေးခဲ့တာကြောင့် အရေးယူခြင်းခံခဲ့ရတာပါ"

ဖုန်းလွှေ လက်ကာပြလိုက်သည်။

"ထားပါတော့လေ... နယ်စားမင်းက ကျန်းလူကိုလွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး သူဝေငှပေးခဲ့တဲ့ဆန်တွေကိုပေးလျော်လိုက်ရင် အဲဒီအလှူဟာ နယ်စားမင်းရဲ့အလှူဖြစ်သွားမှာပေါ့"

နယ်စားမင်း သဘောပေါက်သွားပုံ၏။

နယ်စားမင်းသည် စိတ်သက်သာရာရသွားဟန်ဖြင့်ဆတ်ခနဲခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ... ကျုပ်ဆောင်ရွက်ပါ့မယ်"

ပျာပျာသလဲပင်ပြောလိုက်လေသည်။

ဖုန်းလွှေကခေါင်းခါယမ်းလိုက်၏။

www.burmeseclassic.com



"ပါးစပ်ကတိနဲ့မဖြစ်ဘူး၊ အခုချက်ချင်းဆောင်ရွက်မှဆေးကုသလို့ရနိုင်မှာ"

နယ်စားမင်းတွင် သားသမီးဆို၍ ရှိကျောက်တစ်ယောက်တည်းသာရှိသည်။ သူ့အနေဖြင့် လောကကြီးတစ်ခုလုံး၌ ရှိကျောက်ထက် မည်သည့်အရာကမျှတန်ဖိုးမရှိပါ။

ထို့ကြောင့် နယ်စားကြီးသည် ချက်ချင်းပင် ကျန်းလူလှူဒါန်းပေးခဲ့သောဆန်ဖိုးများကို မိမိကပေးလျော်ကြောင်းနှင့် ကျန်းလူကိုလွတ်ငြိမ်းချမ်းသာခွင့်ပေးကြောင်းစာလွှာကို....

ကိုယ်တိုင်ရေးကာလက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်နှိပ်ပေးလိုက်၏။ ထို့နောက် နယ်စားမင်းက ဖုန်းလွေကိုကြည့်ကာ ....

"ကဲ... ဆရာလေး လိုအပ်တာတွေကို အားလုံးလုပ်ပေးပြီးပါပြီ၊ ဒါကြောင့် ကျုပ်သားတော်ရှိကျောက်ရဲ့ ရောဂါပျောက်ကင်းအောင် ကုသလို့ရပြီထင်ပါတယ်"

ဖုန်းလွေ ခေါင်းညိတ်လိုက်သည်။

"နယ်စားမင်းတို့ ကျွန်တော်နဲ့ အခုလိုတွေ့တာ အင်မတန်ကံကောင်းပါတယ်၊ ဒီရောဂါကို ကျွန်တော်ကလွဲလို့ အခြားကုနိုင်တဲ့ သမားတော်ဆိုတာ မရှိသလောက်ပါပဲ၊ ဒါက ရိုးရိုးရောဂါမဟုတ်ဘူး၊ ပယောဂနဲ့ယှဉ်တဲ့ရောဂါပါ"



ဖုန်းလွေက နယ်စားမင်းတို့လူစုကြောက်ရွံ့သွားအောင် ခပ်တည်တည်ဖြင့်ခြိမ်းခြောက်လိုက်သည်။

ထို့ကြောင့် နယ်းစာမင်းတို့လူစုမှာ ထိတ်လန့်သွားသည်။

ဖုန်းလွေက ရှိကျောက်၏ခုတင်ဘေးသို့ တည်ငြိမ်စွာပင် လျှောက်လှမ်းသွားလေသည်။

ထို့နောက် ပါးစပ်မှဂါထာရွတ်သလို အသာအယာတီးတိုးရေရွက်ကာ ခုတင်ကိုသုံးပတ်ပတ်လိုက်သည်။

ယင်းသို့လုပ်ဆောင်နေစဉ် သူ၏ရင်ထဲ၌ ရယ်ချင်စိတ်များ တဖွားဖွားပေါ်ပေါက်လာသည်။

သို့သော် မရယ်မိအောင်ထိန်းကာ ခုတင်ခေါင်းရင်းတွင်ရပ်လိုက်၏။ ထို့နောက် ရှိကျောက်၏ခေါင်းမှခြေထောက်အထိ လက်ဝါးဖြင့် သုံးကြိမ်သပ်ချသည်။

ပြီးမှ....

မန်းသလိုမှုတ်သလိုအယောင်ပြုကာ မိမိပိတ်ထားခဲ့သည့် အကြောများပြန်ပွင့်သွားအောင် စောင့်ကြည့်နှိပ်နယ်ပေးလိုက်သည်။

နယ်စားမင်းတို့ဇနီးမောင်နှံမှာ သူ၏လုပ်ဆောင်မှုများကို ရင်တထိတ်ထိတ်နှင့်စောင့်ကြည့်နေကြသည်။ ဖုန်းလွေက ရှိကျောက်ကို အတန်ကြာနှိပ်နယ်ပြီးနောက်....

www.burmeseclassic.com

www.burmeseclassic.com



"ပျောက်စေ… ထတော့"

မှင်ကောင်းကောင်းဖြင့် ခပ်တည်တည်အော်လိုက်သည်။

ယင်းအခိုက် အကြောမျှားပွင့်သွားပြီဖြစ်သည့်ရီကျောက်သည် ဝေါက်ခနဲထထိုင်လိုက်လေတော့သည်။

ရီကျောက်၏ဝေဒနာမှာ ယူပစ်လိုက်သလို ပျောက်ကင်းသွားပြီဖြစ်၍ နယ်စားမင်းတို့လူစုဝမ်းသာသွားကြကုန်တော့၏။

ဝဝဝဝ



သားဖြစ်သူ ဝေါက်ခနဲထထိုင်လိုက်သည်ကိုတွေ့သည့်အခါ နယ်စားကြီးတို့ဇနီးမောင်နှံ ဝမ်းသာအားရဖြစ်သွားကြကုန်သည်။

"ဟော… သား နေကောင်းသွားပြီ၊ သားကိုကယ်တင်ကုသပေးတဲ့ဆရာလေးကို ကန်တော့လိုက်… ကန်တော့လိုက်"

နယ်စားက သားဖြစ်သူကိုတိုက်တွန်းလိုက်၏။

ရီကျောက်မှာအကြောပိတ်ခံထားရကာ မလှုပ်နိုင် မရှားနိုင် ဝေဒနာကိုခံစားနေရရာမှ ရုတ်တရက် သက်သာပျောက်ကင်းသွားခြင်းဖြစ်ရာ သူ၏စိတ်ထဲတွင် ဇဝေဇဝါဖြစ်သွားလေသည်။

သို့သော် ရီကျောက်သည် ဖခင်စကားကိုမဖယ်ရှားပါ။

ချက်ချင်းပင် ဖုန်းလွှေကို ဦးချကန်တော့လိုက်၏။

ဖုန်းလွှေက ခပ်တည်တည်ပင် ကန်တော့ခံလိုက်သည်။

ပြီးမှ ရီကျောက်ကိုစိုက်ကြည့်ကာပြောလိုက်၏။

"ခင်ဗျားရဲ့ရောဂါဟာ သာမန်ရောဂါမဟုတ်ဘူး၊ အမှောင့်ပယောဂဖြစ်တယ်၊ ဒါကြောင့် ကျွန်တော်ပြောပြခဲ့တဲ့စည်းကမ်းကို ထိန်းသိမ်းစောင့်ရှောက်ဖို့ မမေ့နဲ့၊ စည်းကမ်းဖောက်ဖျက်ရင် ရောဂါပြန်ဖြစ်မှာပဲ၊ ဘယ်လိုစည်းကမ်းတွေလဲဆိုတာ ခင်ဗျားမိဘတွေကို သေချာပြန်မေးကြည့်"

ရီကျောက်က အူကြောင်ကြောင်ဖြင့်ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



နယ်စားမင်းက ဖုန်းလွှကိုညွှန်ခန်းထဲသို့ခေါ်သွားသည်။

ထို့နောက် စားသောက်ဖွယ်ရာများဖြင့်ဧည့်ခံလိုက်သည်။

နယ်စားမင်းသည် မြို့တော်ဝန်မင်းယန်အား မျက်ရိပ်ပြလိုက်သည်။ နယ်စားကြီး ဘာဆိုလိုသည်ကို မင်းယန်ကရိပ်မိသည်။

ထို့ကြောင့် ငွေတစ်ထောင်ယူရန်ထသွား၏။

ဖုန်းလွှက နယ်စားမင်းကို ကျန်းလူမှာ ဖြောင့်မတ်မှန်ကန်သည့်အမှုထမ်းကောင်းတစ်ဦးဖြစ်၍ သူ၏အမှုကိစ္စကို သေချာစွာစစ်ဆေးကြည့်သင့်ကြောင်းတီးတိုးအကြံပေးလိုက်၏။

နယ်စားမင်းသည် ဖုန်းလွှပြောသမျှကို ခေါင်းတညိတ်ညိတ်ဖြင့်နားထောင်လျက်ရှိသည်။

မကြာမီ မြို့တော်ဝန်မင်းယန် ပြန်ထွက်လာသည်။

သူ၏လက်ထဲတွင် ငွေတစ်ထောင် ပါလာသည်။

မင်းယန်သည် ထိုပိုက်ဆံအား တရိုတသေလှမ်းပေးလိုက်သည်။ ဖုန်းလွှက ခပ်တည်တည်ဖြင့်လှမ်းယူကာအိတ်ထဲထည့်သိမ်းဆည်းထားလိုက်သည်။ ထို့နောက် နယ်စားမင်းတို့ဘက်သို့လှည့်ကာနှုတ်ဆက်လိုက်လေသည်။

"ကဲ... လူနာရဲ့ရောဂါလဲကောင်းသွားပြီမို့ ကျွန်တော့်ကိုခွင့်ပြုကြပါဦး"



စကားဆုံးသည်နှင့် ချာခနဲလှည့်ကာထွက်သွားမည်ပြုလိုက်သည်။ သို့သော်.... သူသည် တစ်စုံတစ်ခုကိုသတိရသွားဟန်ဖြင့်ပြန်လှည့်လာသည်။ ပြီးနောက်.... ရှီကျောက်အား စိုက်ကြည့်ကာ ပြောလိုက်သည်။

"ခင်ဗျား ကျုပ်မှာခဲ့တဲ့စည်းကမ်းတွေကို သေသေချာချာစောင့်ထိန်းပါ၊ နို့မဟုတ်ရင် ခင်ဗျားရောဂါပြန်ထလာလိမ့်မယ်"

ရှီကျောက်ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... ကောင်းပါပြီခင်ဗျာ"

ဖုန်းလွှကျေနပ်သွားပြီး... မြို့တော်ဝန်ဂေဟာမှပြန်လည်ထွက်ခွာလာခဲ့သည်။ အပြန်လမ်းတစ်လျှောက်တွင် သူ၏မျက်နှာမှာပြုံးရွှင်နေလေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)
## အလွန်ရာယ်ခရီး

ဖုန်းလှေသည် မြို့တော်ဝန်ဂေဟာမှတည်းခိုရိပ်သာသို့ တန်းတန်းမတ်မတ်ပြန်လာခဲ့၏။ သူသည် ရိကျောက်နှင့်မင်းယန်ကို ပညာပေးနိုင်ခဲ့သဖြင့် သူ၏စိတ်များပျော်ရွှင်လန်းဆန်းနေလေသည်။

ဖုန်းလှေက အိပ်ရာပေါ်သို့လှဲကာအိပ်ချလိုက်၏။

သူ၏စိတ်များမှာ လွန်စွာပေ့ါပါးလန်းဆန်းနေသောကြောင့် မကြာမီပင် နှစ်ခြိုက်စွာအိပ်ပျော်သွားလေတော့သည်။

နောက်တစ်နေ့ နေမြင့်မှအိပ်ရာမှနိုးထလာ၏။

သူသည် ကိုယ်လက်သန့်စင်ကာ နံနက်စာစားသောက်ပြီးနောက် ကျန်းဝမ်တို့အိမ်သို့သွားရောက်လေသည်။

သူရောက်ရှိသွားသောအခါ အပြစ်မှလွတ်မြောက်လာသော ကျန်းလူကိုတွေ့လိုက်ရ၏။



ကျန်းမိသားစုမှာ... ဖုန်းလှေကို ပျူငှာလိုက်လှဲစွာဧည့်ခံကြလေသည်။ သူတို့သည် ဖုန်းလှေအားကျေးဇူးတင်မဆုံးဖြစ်နေကြ၏။

ဖုန်းလှေမှာလည်း ကျန်းမိသားစုကိုကြည့်ကာ အထူးပင်ဝမ်းသာပျော်ရွှင်နေမိသည်။ ကျန်းမိသားစုမှာ သူတို့အိမ်တွင် တည်းခိုရန် ဖုန်းလှေအား အတင်းဖိတ်ခေါ်ကြ၏။

ထို့ကြောင့်.... သူသည် ကျန်းမိသားစုအိမ်တွင် သုံးရက်ခန့်နေထိုင်ခဲ့ရသည်။ ထိုရက်များအတွင်း ဖုန်းလှေမှာ ကောင်းသတင်းများကိုဆက်၍ကြားခဲ့ရသည်။

ယင်းသတင်းကား....

ယုတ်မာကောက်ကျစ်သူ မင်းယန် အရေးယူခံရပြီး ကျန်းလူကို ခွန်စန်းမြို့တော်ဝန်အဖြစ် ပြန်လည်တင်မြှောက်သည့်သတင်းပင် ဖြစ်သည်။ ထိုသတင်းကြောင့် ခွန်စန်းမြို့သူမြို့သားအပေါင်းတို့မှာ အလွန်ပင်ဝမ်းသာသွားကြ၏။

ဖုန်းလှေ သိုင်းပညာတတ်မြောက်ကြောင်းသိသွားသော ကျန်းလူသည် သူ့အား ခွန်စန်းမြို့၏ရာဇဝတ်မှုနှိမ်နင်းရေးတာဝန်ကို ထမ်းဆောင်ရန်တိုက်တွန်းလေသည်။

ထိုအခါ.. ဖုန်းလှေက မိမိ၏မိဘများကိုကန်တော့လိုသေး ကြောင်းပြောကာ ခွန်စန်းမြို့မှထွက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မိဘများကိုကန်တော့ပြီးနောက် ခွန်စန်းမြို့သို့ ပြန်လာခဲ့လေသည်။

ခွန်စန်းမြို့တော်ဝန်ကျန်းလူက သူ့အား ရာဇဝတ်မှုများကို တာဝန်ယူရသောမြို့စားအဖြစ်ခန့်အပ်လိုက်၏။ ဖုန်းလျှေက သူ၏ သိုင်းပညာစွမ်းရည်ဖြင့် ဒုစရိုက်သမားများကိုချေမှုန်းနှိမ်နင်းခဲ့သည်။

ကျန်းလူ၏စီမံအုပ်ချုပ်မှုကောင်းခြင်းနှင့်....

ဖုန်းလျှေ၏စွမ်းရည်ကြောင့်....

ခွန်စန်းမြို့ နယ်ပယ်ဒေသမှာရာဇဝတ်မှုကင်းရှင်းကာ....

အလွန်ပင် အေးချမ်းသာယာခဲ့၏။

ဖုန်းလျှေ၏နာမည်သတင်းမှာလည်း တစ်နေ့တခြား ကျော်ကြားလာခဲ့လေသည်။

ဖုန်းလျှေသည် မြို့စားရာထူးရပြီး မကြာမီတွင် ရှောင်မေဝါးနှင့်လက်ထပ်လိုက်၏။

သို့ဖြင့် သုံးနှစ်ခန့်အချိန်ကုန်ဆုံးသွားသည်။

တစ်နေ့တွင်.... မြို့တော်ဝန်ကျန်းလူထံသို့ စာတစ်စောင် ရောက်လာ၏။

ယင်းစာမှာ.... ကျန်းလူ၏မိတ်ဆွေတစ်ယောက်ဖြစ်သော ရှင်မင်မြို့တော်ဝန်ထံမှ အကူအညီတောင်းသည့်စာဖြစ်သည်။



ကျန်းလူက ဖုန်းလျှေအား ချက်ချင်းပင်ဆင့်ခေါ်လိုက်၏။

အကြောင်းကား....

ရှင်မင်မြို့တော်ဝန်က သူတို့ဒေသတွင် ရမ်းကားသောင်းကျန်းနေသောရေနဂါးဂိုဏ်းကိုချေမှုန်းနိုင်ရန်အတွက် ဖုန်းလျှေကို စေလွှတ်ပေးပါရန် မေတ္တာရပ်ခံလာခြင်းကြောင့်ဖြစ်သည်။

ဖုန်းလျှေလည်း ကျန်းလူထံသို့ချက်ချင်းပင် ရောက်ရှိလာသည်။ ထိုအခါ ကျန်းလူက ရှင်မင်မြို့တော်ဝန်အကူအညီတောင်းခံလာမှုကိုပြောပြလိုက်သည်။

ဖုန်းလျှေက ကျန်းလူ၏ပြောပြချက်များကို ဂရုတစိုက်နားထောင်နေ၏။

ကျန်းလူက ဖုန်းလျှေအား စိုက်ကြည့်ကာပြောလိုက်သည်။

"မင်းရဲ့စွမ်းရည်ထက်မြက်မှုက အတော့်ကိုကျော်ကြားနေတာကြောင့် အခုလိုအကူအညီတောင်းခံလာတာပဲ"

ထို့နောက် သူသည် ဖုန်းလျှေအားအကဲခတ်ကြည့်ကာမေးလိုက်၏။

"မင်း ဘယ်လိုသဘောရသလဲ"

ဖုန်းလျှေက လက်နှစ်ဖက်ဆုပ်ကာဦးညွတ်လိုက်သည်။

ပြီးနောက် တည်ကြည်သောအသံဖြင့်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒုစရိုက်သမားတွေကိုနှိမ်နင်းဖို့က ကျွန်တော့်တာဝန်ပဲ၊ မြို့တော်ဝန်မင်း ခွင့်ပြုမယ်ဆိုရင် ကျွန်တော်တာဝန်ထမ်းဆောင်ဖို့ အသင့်ပါပဲ"

ကျန်းလူကခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ... ဒီလိုဆိုရင် ရှင်မင်မြို့ကိုသွားဖို့ ပြင်ဆင်ပေတော့"

ဖုန်းလွေ့က ကျန်းလူအားဦးညွှတ်ကာပြန်လည်ထွက်ခွာလာခဲ့၏။ နောက်တစ်နေ့တွင် ဖုန်းလွေ့သည် ဇနီးသည် ရှောင်မေဝါးကိုခေါ်ကာ ရှင်မင်မြို့သို့ခရီးထွက်ခဲ့လေတော့သည်။

၀၀၀၀



ရှင်မင်မြို့....

ရှင်မင်မြို့သည် အရှေ့ဘက်ပင်လယ်ကမ်းရိုးတန်းရှိဆိပ်ကမ်းမြို့ကြီးတစ်မြို့ဖြစ်၏။ ရှင်မင်မြို့ အနီးတစ်ဝိုက်ဒေသများတွင် မြစ်ချောင်းအင်းအိုင်များပေါများလှသည်။

ထို့ကြောင့်....

ခရီးလမ်းပန်းဆက်သွယ်ရာတွင် ကုန်းလမ်းထက် ရေလမ်းကိုပိုမိုအားထားကြ၏။ ရှင်မင်ဆိပ်ကမ်းတွင် သင်္ဘောကြီးငယ်၊ လှေကြီးလှေငယ်များတို့ အခါမလပ် ဝင်ထွက်သွားလာနေကြလေသည်။

ဖုန်းလွေ့တို့ရောက်ရှိလာကြသောအခါ ရှင်မင် မြို့တော်ဝန်က အခမ်းအနားဖြင့်ဧည့်ခံကြိုဆို၏။

ထို့နောက် ဖုန်းလွေ့တို့ဇနီးမောင်နှံအတွက် သီးသန့်နေအိမ်တစ်ခုစီစဉ်ပေးသည်။

ယင်းအိမ်မှာ ပင်လယ်ကမ်းခြေတွင်တည်ရှိ၏။

အိမ်မှာ ကြီးကျယ်ခမ်းနားခြင်းမရှိလှချေ။

သို့သော်.... အိမ်ရှေ့မျက်နှာစာတွင်ကျယ်ဝန်းသောပန်းခြံတစ်ခုရှိသည်။

ထို့ကြောင့်... အပန်းဖြေအနားယူရန်သင့်တော်သောနေရာတစ်ခုဟုဆိုနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလွှေတို့အတွက် အခြေအရံနှင့်အစောင့်အကြပ်များကိုလည်း ရှင်မင်မြို့တော်ဝန်ကစီစဉ်ပေးသည်။

ဖုန်းလွှေမှာ နှစ်ရက်ခန့်အနားယူပြီးနောက် ရေနဂါးဂိုဏ်းကို ချေမှုန်းနှိမ်နင်းရေးအတွက် စုံစမ်းမှုများစတင်လိုက်၏။

ရှင်မင်မြို့တော်ဝန်က ဖုန်းလွှေတို့နှင့်အတူ ရာဇဝတ်နှိမ်နင်းရေးခေါင်းဆောင်ယန်ကျိအား လိုက်ပါကူညီစေသည်။

နောက်တစ်နေ့နံနက်တွင် ဖုန်းလွှေသည် ယန်ကျိနှင့်အတူ လှေတစ်စီးဖြင့် စမ်းစီးမြစ်ကြောင်းအတိုင်း ခရီးလှည့်လည်လာခဲ့၏။

ရှင်မင်မြို့တွင်....

လွင်ပြင်များ ချောင်းများမှာ ပင့်ကူအိမ်သဖွယ်ပေါများလှသည်။ စမ်းစီးမြစ်မှာ ရှည်လျား၍ရေစီးရေလာကောင်း၏။

ထို့ပြင်.... ရှင်မင်မြို့နယ်ပယ်ဒေသရှိ မြို့ရွာကျေးလက်အတော်များများကိုဖြတ်၍စီးဆင်းနေသည်။

ထို့ကြောင့် စမ်းစီးမြစ်ကြောင်းမှာ လူဆိုးများခိုအောင်းလုယက်တိုက်ခိုက်ရာ နေရာကောင်းတစ်ခုဖြစ်လာ၏။

ဖုန်းလွှေမှာ လှေပေါ်တွင်ကာ မြစ်ကမ်းနှစ်ဖက်၏အလှအပများနှင့် မြစ်ထဲတွင်ကူးနေသောငန်းအုပ်လေးများကိုကြည့်ကာ လိုက်ပါလာလေသည်။



အမှန်တွင်... သူတို့သည် ရေနဂါးဂိုဏ်းအကြောင်းစုံစမ်းရန် လှေတစ်စင်းငှားကာထွက်လာခဲ့ကြခြင်းဖြစ်သည်။ ဖုန်းလွှေတို့ စီးလာသောလှေမှာ ခရီးသည်တင်လှေဖြစ်၏။

ထို့ကြောင့်... ခရီးသည်ဆယ်ဦးနှင့် ကုန်စည်များတင်ဆောင်နိုင်သောလှေဖြစ်သည်။

ယခုမူ... လှေပေါ်တွင် ဖုန်းလွှေနှင့်ယန်ကျိတို့နှစ်ယောက်တည်းသာပါလာခြင်းကြောင့် လှေမှာအတော်ပင်ပေါ့ပါးနေလေ၏။

သို့သော် လှေသမားမှာမူ သုံးယောက်ဖြစ်နေသည်။

ပဲ့ကိုင်သူတစ်ယောက်နှင့် လှေထိုးသားနှစ်ယောက်ဖြစ်၏။ ပဲ့ကိုင်သူမှာ အသက်လေးဆယ်ခန့်ရှိပြီး ကိုယ်ခန္ဓာကျစ်လျစ်သန်မာသူတစ်ယောက်ဖြစ်သည်။

သူ၏မျက်နှာမှာ ထူးဆန်းစွာပင် ညိုမည်းနေ၏။

သို့သော် မျက်လုံးများမှာစူးရှတောက်ပလှသည်။

ထိုလူ၏ပုံသဏ္ဌာန်ကိုကြည့်ရသည်မှာ ကြမ်းတမ်းခက်ထန်မည့်အသွင်ရှိ၏။ အလားတူပင် လှေထိုးသားနှစ်ယောက်မှာလည်း ခွန်အားသန်မာသည့်လူသန်ကြီးများဖြစ်ကြသည်။

လှေလှော်ခတ်ရာတွင် အထူးအားပြည့်လှ၏။ တစ်ချက်လှော်တိုင်း လှေမှာလှစ်ခနဲလှစ်ခနဲနေအောင်ပြေးထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပွဲကိုင်သူလူကြီးနှင့် လှေထိုးသားနှစ်ယောက်၏အသွင်မှာ သံသယဖြစ်စရာကောင်းလှတော့သည်။

အကြောင်းကား... သူတို့၏မျက်လုံးများက ဖုန်းလှေ့ထံသို့ မသိမသာအကဲခတ်နေကြခြင်းကြောင့်ဖြစ်သည်။

ဖုန်းလှေနှင့်ယန်ကျီတို့ကလည်းရိပ်မိ၏။

သို့သော် မသိဟန်ဆောင်ကာ ပတ်ဝန်းကျင်ကို ငေးမော ကြည့်ရှုနေကြလေသည်။ အမှန်မှာ... သူတို့သည် သံသယဖြစ်စရာ ကောင်းသောထိုလှေကို တမင်သက်သက်ပင် ငှားရမ်းစီးလာကြခြင်း ဖြစ်ပါသည်။

အကြောင်းမှာ... ယင်းလှေသမားများထံမှ ရေနဂါးဂိုဏ်း နှင့်ပတ်သက်သည့်သတင်းများရနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြ ခြင်းကြောင့်ဖြစ်သည်။

ယင်းအခိုက် လှေသည် စမ်းစီးမြစ်၏မြစ်လက်တက်လေး တစ်ခုထဲသို့ချိုးကွေ့ဝင်ရောက်လိုက်၏။

ယင်းမြစ်လက်တက်တွင် လှေအသွားအလာမရှိချေ။

ဖုန်းလှေတို့၏လှေတစ်စင်းတည်းသာ ရှိနေသည်။

မကြာမီ... ကမ်းခြေတွင် ကိုင်းတောကြီးများထူထပ်စွာရှိ သောနေရာသို့ရောက်ရှိလာလေသည်။



ထိုနေရာတစ်ဝိုက်တွင် လူနေအိမ်ခြေများကိုမတွေ့ရချေ။

ကြည့်လေရာရာတွင် ကိုင်းတောကြီးများကိုသာမြင်တွေ့နေ ရလေသည်။

ထို့ကြောင့် မိမိတို့အား လှေသမားများကတိုက်ခိုက်တော့ မည်ဖြစ်ကြောင်းရိပ်မိလိုက်သည်။

သို့သော် တမင်ပင် မသိချင်ဟန်ဆောင်နေလိုက်သည်။

ဤလှေသမားများမှာ လူကောင်းမဟုတ်ဘဲ လူဆိုးများဖြစ် ကြောင်း သူတို့ ကောင်းစွာသိရှိထားပြီးဖြစ်သည်။

ရေနဂါးဂိုဏ်းကမှလူများဖြစ်မည်လား ....

အခြားဂိုဏ်းမှလူများဖြစ်မည်လားဆိုသည်ကိုမူ ....

ကွဲကွဲပြားပြားမသိနိုင်သေးချေ။

သို့သော် ဤနေရာတွင် အတင့်ရဲရဲနှင့်ရမ်းကားတိုက်ခိုက်ရဲ သည်မှာ ရေနဂါးဂိုဏ်းသာရှိ၏။

ယင်းကြောင့် လှေသမားများသည် ရေနဂါးဂိုဏ်းသားများ ဖြစ်ရန် ဆယ်ပုံရှစ်ပုံခန့်သေချာနေပြီဖြစ်သည်။

ဖုန်းလှေက လှေသမားသုံးယောက်အား အရှင်လက်ရဖမ်း ဆီးမည်ဟုစိတ်ကူးထား၏။

အကြောင်းမှာ....

www.burmeseclassic.com

www.burmeseclassic.com



သူတို့အား ရေနဂါးဂိုဏ်းအကြောင်း စစ်ဆေးမေးမြန်းလိုသောကြောင့်ဖြစ်သည်။

ဖုန်းလွေသည် အရေးပေါ်တိုက်ခိုက်မှုကြုံရလျှင် ရင်ဆိုင်နိုင်ရန်အတွက်လည်း အသင့်ပြင်ဆင်ထား၏။

သို့သော်.... လှေသမားများတွင် လောလောဆယ်တိုက်ခိုက်မည့်အရိပ်လက္ခဏာကို မတွေ့ရသေးချေ။

လှေငယ်သည် ကျွန်းငယ်လေးတစ်ကျွန်းဆီသို့သာ ဦးတည်သွားလျက်ရှိနေလေသည်။

oooo



လှေကလေးသည် ရေလယ်ရှိ ကျွန်းကလေးတစ်ကျွန်းဆီသို့ ဦးတည်ရွေ့လျားနေ၏။ ယင်းကျွန်းကလေးမှာ ကြီးမားကျယ်ပြန့်ခြင်း မရှိချေ။ အလျားပေသုံးဆယ်၊ အနံပေတစ်ရာခန့်သာကျယ်သော ကျွန်းလေးတစ်ကျွန်းသာဖြစ်သည်။

လှေထိုးသားလူသန်ကြီးနှစ်ယောက်က လှေကိုအားကုန်လှော်ခတ်နေကြ၏။

ထို့ကြောင့် လှေကလေးမှာ လေးညို့မှလွှတ်လိုက်သော မြားတစ်စင်းနှယ် တရိပ်ရိပ်ပြေးနေလေသည်။ တစ်ခဏအတွင်းမှာပင် လှေကလေးမှာ ထိုကျွန်းကလေး၏ကမ်းခြေရှိ ကိုင်းတောထဲသို့ တိုးဝင်သွားလေတော့၏။

မကြာမီ လှေဦးမှာ ကျွန်းကမ်းခြေဆီသို့ ဆိုက်သွားသည်။

ထိုအခါ လှေသမားများမှာ လှော်တက်များကိုပစ်ချလိုက်ကြ၏။ တစ်ဆက်တည်းမှာပင်.... ဖုန်းလွေတို့ဘက်သို့ လှည့်လိုက်ကြလေတော့သည်။

oooo

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်နေရာမှထုတ်ယူလိုက်ကြသည်မသိ လှေထိုးသားနှစ်ယောက်၏လက်ထဲတွင် ဓားကိုယ်စီကိုင်ဆောင်ထားကြပြီးဖြစ်နေလေပြီ။ ဖုန်းလှေက ကျွန်းကလေးပေါ်သို့ခုန်တက်လိုက်၏။

ယန်ကျိုလည်း ဖုန်းလှေနောက်မှခုန်တက်လိုက်၏။

သူတို့သည် ကိုယ်ဖော့ပညာမြင့်မားကြသူများဖြစ်ကြ၏။

ထို့ကြောင့် သူတို့နှစ်ယောက်ခုန်လွှားသွားသည်မှာ ငှက်ကြီးနှစ်ကောင်ပျံဝဲသွားသကဲ့သို့ပင် ထင်မှတ်ရလေသည်။

ဓားရှည်ကိုင်ထားသော လှေသမားနှစ်ယောက်ကလည်း မခေပါချေ။

ဖုန်းလှေတို့နှင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် ကျွန်းပေါ် ရောက်ရှိလာကြသည်။ ထို့ကြောင့် အဆင့်မြင့်သိုင်းသမားများဖြစ်ကြောင်းသိသာထင်ရှားနေပေသည်။

သူတို့သည် ဖုန်းလှေတို့နှင့်မျက်နှာချင်းဆိုင်ရပ်လိုက်၏။

ထို့နောက် လှေသမားတစ်ယောက်က သဘောကျစွာရယ်မောရင်းပြောလိုက်သည်။

"ခင်ဗျားတို့ ရေနဂါးဂိုဏ်းကိုအံတုဖို့စိတ်ကူးထားတယ်ဆိုရင် ကိုယ့်မှာအရည်အချင်းဘယ်လောက်ရှိသလဲဆိုတာ ဆန်းစစ်ကြည့်ထားဖို့လိုလိမ့်မယ်"



စကားဆုံးသည်နှင့် ဓားရှည်ကိုဝှေ့ယမ်းကာ ဖုန်းလှေကိုဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

သူအသုံးပြုလိုက်သောသိုင်းကွက်မှာ ငါးမန်းစွယ်ယမ်း သိုင်းကွက်ဖြစ်သည်။ နေရောင်အောက်တွင် ဓားရောင်များ ဖွေးလက်သွားလေသည်။

ဓားသွားမှာ ဖုန်းလှေခေါင်းပေါ်မှဝှီးခနဲဖြတ်ကျော်သွားသည်။ သိုင်းကွက်မှာ အဆင့်မြင့်လှ၏။

ကြောက်မက်ဖွယ်လည်းကောင်းလှ၏။

ထို့ကြောင့် ထိုလူမှာ သာမန်ရေနဂါးဂိုဏ်းဝင်တစ်ယောက်မဖြစ်နိုင်ချေ။ အဆင့်မြင့်ရာထူးရထားသည့် ခေါင်းဆောင်တစ်ဦးဖြစ်မည်ဟု ဖုန်းလှေခန့်မှန်းလိုက်သည်။

တစ်ဒင်္ဂအတွင်းမှာပင်....

ထိုလူ၏ဓားချက်များသည် ဖုန်းလှေ၏တစ်ကိုယ်လုံးအား လွှမ်းခြုံသွားလေသည်။ ထိုဓားချက်များသည် သွက်လက်ပြင်းထန်လှသဖြင့် ဖုန်းလှေမှာ သက်တန့်နီဓားကိုထုတ်ယူရန်ပင် အချိန်မရလိုက်ချေ။

ထို့ကြောင့် သူသည် ပြတင်းတွန်းဖွင့် သိုင်းကွက်ကိုသုံးကာ ပြန်လည်တိုက်ခိုက်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းတွန်းဖွင့် သိုင်းကွက်မှာ....

လက်ချည်းသက်သက်တိုက်ခိုက်ရသည့် သိုင်းကွက်ဖြစ်သည်။ သူသည် လက်နှစ်ဖက်ကိုဆန့်ထုတ်ကာ ထိုလူ၏ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်သည်။

ဤတို့ပြန်မှုတွင် လျှင်မြန်ရန်နှင့် အတွင်းအားပြည့်ဝရန်သာ အရေးကြီးသည်။

ရန်သူ၏ဓားချက်ရောက်မလာမီ လက်ဦးရန်လိုအပ်သည်။

ထို့ပြင် ဆောင့်တွန်းလိုက်သည့်အင်အားကလည်း ပြင်းထန်ရမည်ဖြစ်သည်။ အကယ်၍ တုံ့နှေးပြီးအားပျော့မည်ဆိုလျှင် တစ်ဖက်လူ၏ဓားချက်က ဦးသွားမည်ဖြစ်သည်။

ဖုန်းလွေ၏တိုက်ခိုက်မှုမှာ လျှင်မြန်မှုနှင့်အတွင်းအားပြည့်ဝမှုနှစ်ခုစလုံးပါရှိပေသည်။

ထို့ကြောင့်....

"ဖုန်း...."

"အင့်...."

ရန်သူမှာ နောက်သို့ယိမ်းယိုင်သွားကာ ဖင်ထိုင်လျက်လဲကျသွားလေသည်။ ယင်းအခိုက်....

"အား...."



လူတစ်ယောက် စူးရှစွာအော်ဟစ်လိုက်သော အသံတစ်သံထွက်ပေါ်လာသည်။ ဖုန်းလွေ ရင်ထိတ်သွားသည်။ အော်ဟစ်သံမှာ ယန်ကျို၏အသံဖြစ်နေသည်မဟုတ်ပါလား။

သူသည် ယန်ကျိုထံသို့လှမ်းကြည့်လိုက်သည်။

ယန်ကျိုမှာ တစ်ဖက်ရန်သူကြောင့်ဒဏ်ရာရသွားပြီဖြစ်၏။

ရန်သူသည် ဒဏ်ရာရလဲကျနေသည့်ယန်ကျိုအား လက်စသိမ်းခုတ်ချရန် ဓားကိုမြှောက်လိုက်သည်။

ဖုန်းလွေ ရင်ထိတ်သွားသည်။

ကမန်းကတန်းပင် အော်ဟစ်လိုက်၏။

"ဟိတ်...."

သူ၏အော်သံကြောင့် ထိုလူ လှမ်းကြည့်လာသည်။

ထိုအခါ သူ့ထံသို့ပြေးဝင်လာသောဖုန်းလွေကို တွေ့လိုက်ရသည်။ ထိုလူမျက်မှောင်ကုပ်သွားသည်။

ထိုလူသည် ယန်ကျိုကိုမခုတ်ချတော့ချေ။

ဓားကိုပြန်ရုပ်လိုက်သည်။

ထို့နောက် ဖုန်းလွေဘက်သို့လှည့်လိုက်သည်။

ထိုလူ၏ဓားပညာမှာ မခေလှချေ။

အကြောင်းကား ....

www.burmeseclassic.com

www.burmeseclassic.com



လူကလှည့်လိုက်သည်နှင့် ဓားချက်ကလည်း ဖုန်းလွှေထံသို့ လှစ်ခနဲဝင်လာခြင်းကြောင့်ဖြစ်သည်။

ဖုန်းလွှေမှာ စောစောတုန်းကကဲ့သို့ လက်နက်မဲ့မဟုတ်တော့ချေ။ ထိုလူထံသို့ ပြေးအလာတွင် သက်တန့်နီဓားကိုထုတ်ယူလိုက်ပြီးဖြစ်သည်။ ရန်သူ၏ဓားချက်ကို သူက သက်တန့်နီဓားဖြင့် ခုခံပေးလိုက်သည်။

"ရွှမ်း....."

ဓားနှစ်လက် ရင်ဆိုင်ခုတ်မိကြသည်။

"ခြွမ်း....."

မီးပွင့်များမှာ ဖြာခနဲထွက်လာသည်။

ထိုလူ နောက်သို့ခြေလှမ်းတစ်လှမ်းယိမ်းယိုင်သွားသည်။

သို့သော် ဖုန်းလွှေမှာမူ တည်ငြိမ်စွာပင်ရပ်နေ၏။

သူသည် ရှေ့ဆက်တက်ကာ ရန်သူကိုလိုက်လံတိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

ယင်းအခိုက် သူ၏မျက်စိထောင့်နားတွင် လှုပ်ရှားမှုတစ်ခု ရိပ်ခနဲမြင်လိုက်ရသည်။ သူ ထိတ်လန့်တုန်လှုပ်သွားသည်။

အကြောင်းကား.... လှေပွဲနင်းမှာသံလှော်တက်ကိုကိုင်ကာ ယန်ကျိထံပြေးဝင်သွားသည်ကိုမြင်လိုက်ရသောကြောင့်ဖြစ်သည်။



လှေပွဲနင်းကြီးက ယန်ကျိအား အပြီးတိုင်သုတ်သင်ရန်သွားခြင်းဖြစ်သည်။ ဖုန်းလွှေမှာ အခက်ကြုံသွားရသည်။

သူ ယခုရောက်ရှိနေသည့်နေရာမှာ ယန်ကျိလဲကျနေရာနှင့် ခြေငါးလှမ်းခန့်ကွာဝေးသည်။ ထို့ပြင် ဖုန်းလွှေမှာ လှေသမားတစ်ယောက်နှင့်ရင်ဆိုင်တိုက်ခိုက်နေရသည်။

အကယ်၍ လှေသမားနှင့်ရင်ဆိုင်မနေရလျှင် သူ့အနေဖြင့် အမြန်ဆုံးခုန်လွှားကာ ပွဲနင်းကြီးအား ဟန့်တားနိုင်မည်ဖြစ်သည်။ သို့သော် သူကိုယ်တိုင်ကလည်း အဆင့်မြင့်ရန်သူတစ်ယောက်နှင့် ရင်ဆိုင်တိုက်ခိုက်နေရ၍ ဖုန်းလွှေအခက်အခဲကြုံတွေ့နေရခြင်း ဖြစ်ပေတော့သည်။

သူ့အနေဖြင့် လှေသမားကို အနိုင်ယူဖြတ်ကျော်သွားနိုင်မည်ဖြစ်သော်လည်း ခြေတစ်လှမ်းခန့်နောက်ကျသွားမည်ဖြစ်လေသည်။ ထိုအချိန်ပိုင်းလေးအတွင်းတွင် လှေပွဲနင်းကြီးက ယန်ကျိအား သုတ်သင်လိုက်ပြီးဖြစ်ပေလိမ့်မည်။

ထို့ကြောင့်.... ဖုန်းလွှေသည် ယန်ကျိအနီးသို့ ပြေးသွားရန် မကြိုးစားတော့ချေ။

သို့သော် သူ၏လက်တစ်ဖက်ကလှုပ်ရှားလိုက်သည်။

ထိုအခါ သွေးရောင်တန်းတစ်ခု လက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ယန်ကျီကိုသုတ်သင်ရန် တစ်ဟုန်ထိုးပြေးသွားသော ပွဲနင်းကြီးအား သက်တန့်နီဓား ဖြင့်လှမ်းပစ်ပေါက်လိုက်ခြင်းဖြစ်ပေသည်။

ထို့ကြောင့် သွေးနီရောင် လင်းလက်သွားခြင်းဖြစ်သည်။

သက်တန့်နီဓားမှာ ပွဲနင်းကြီးထံသို့အရှိန်အဟုန်ပြင်းစွာဖြင့် လွှင့်ထွက်သွားသည်။

ထို့နောက် ပွဲနင်းကြီး၏နောက်ကျောသို့ တည့်မတ်စွာစိုက်ဝင်သွားတော့သည်။

"ဒုတ်...."

"အား...."

လှေပွဲနင်းကြီးက ရူးရှစွာအော်ဟစ်လိုက်သည်။

ထိုအခါ စောစောက ဖုန်းလွေ၏လက်ဝါးချက်ကြောင့် ဒဏ်ရာရလဲကျနေသောလှေသမားက အလန့်တကြားရေရွတ်လိုက်လေသည်။

"ဟာ... ဒုဝိုဏ်းချုပ်ကြီးကိုထိသွားပြီ"

ထိုအသံကြောင့် ဖုန်းလွေနှင့်ရင်ဆိုင်တိုက်ခိုက်နေသူ လှေသမားမှာအံ့ဩသွားသည်။ တိုက်ခိုက်မှုမှာလည်း အနည်းငယ်နှောင့်နှေးသွားသည်။



ဖုန်းလွေသည် ပါးနပ်သူတစ်ယောက်ဖြစ်သည်။

ထို့ကြောင့် အခွင့်အရေးကို အပြည့်အဝအသုံးချလိုက်၏။

သူ၏လက်တစ်ဖက်သည် လျှင်မြန်စွာပင်လှုပ်ရှားသွားလေတော့၏။ လှေသမား၏အကြောကိုအရိပ်မဲ့လက်ညှိုးဖြင့်ထိုးပိတ်လိုက်ခြင်းဖြစ်သည်။ လှေသမားမှာ အကြောပိတ်ခံရ၍ ခွေခနဲလဲကျသွား၏။ ထို့နောက် စောစောကဒဏ်ရာရကာလဲကျနေသောလှေသမားကိုလည်း သွေးကြောပိတ်လိုက်ပြန်သည်။

သူသည် ပွဲနင်း၏ကျောပြင်မှသက်တန့်နီဓားကို ဆွဲနှုတ်ယူပြီး အလောင်းကိုလှေပေါ်သို့တင်လိုက်သည်။

ပြီးသည့်အခါမှ ဒဏ်ရာရလဲကျနေသောယန်ကျီအား ပြေးပွေ့၍ဒဏ်ရာအား တစ်ခဏနှိပ်နယ်ပြုစုပေးသည်။

တစ်ခဏအတွင်းမှာပင်... ယန်ကျီမှာ အတော်ပင်သက်သာလာသည်။ ဖုန်းလွေသည် ယန်ကျီအား လှေပေါ်သို့အသာပွေ့တင်လိုက်လေသည်။

အကြောပိတ်ခံထားရသော လှေသမားနှစ်ယောက်ကိုလည်း လှေပေါ်သို့တင်လိုက်သည်။ ထို့နောက် လှေကို ရှင်မင်မြို့သို့ပြန်လည်လှော်ခတ်လာခဲ့တော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလွှေဖမ်းဆီးခဲ့သောလှေသမားနှစ်ယောက်မှာ ရေနဂါးဂိုဏ်းမှာထိပ်သီးသိုင်းသမားရေသရဲညီနောင်ဖြစ်လေသည်။

ထို့ပြင်... အသေမိလာသည့်ပုံနင်းကြီးမှာ ငါးမန်းဖြူတိုးစိန်ဆိုသူဖြစ်သည်။

ငါးမန်းဖြူတိုးစိန်မှာ ရေနဂါးဂိုဏ်းမှဒုတိယဂိုဏ်းချုပ်ပင်ဖြစ်သည်။ ဖုန်းလွှေသည် ဖမ်းမိသည့်သူများအား ရှင်မင်မြို့တော်ဝန်လက်သို့အပ်နှံလိုက်၏။

ရေသရဲညီနောင်တို့ကို ရှင်မင်မြို့တော်ဝန်ကိုယ်တိုင် ကြီးကြပ်ကာ စစ်ဆေးမေးမြန်းခဲ့သည်။ ရေသရဲညီနောင်တို့က ရေနဂါးဂိုဏ်းခွဲစခန်းနေရာများကို ပြောပြကြသည်။

ထို့ကြောင့်.... ဖုန်းလွှေခေါင်းဆောင်သော ရာဇဝတ်နှိမ်နင်းရေးအဖွဲ့က ရေနဂါးဂိုဏ်းခွဲများကိုချေမှုန်းတိုက်ခိုက်ခဲ့ကြသည်။

သို့သော်... ရေနဂါးဂိုဏ်း၏ဌာနချုပ်ကိုကား ခြေရာခံ၍မရခဲ့ကြချေ။ ထို့ကြောင့်.... ရေနဂါးဂိုဏ်းခေါင်းဆောင်ကိုလည်းဖမ်းဆီးနိုင်ခြင်းမရှိခဲ့ကြချေ။

ရေသရဲညီနောင်နှင့် အခြားဖမ်းမိသော ရေနဂါးဂိုဏ်းသားများကိုစစ်မေးသော်လည်း ရေနဂါးဂိုဏ်းဌာနချုပ်တည်နေရာကို သူတို့ကိုယ်တိုင်ပင်မသိကြောင်း အစစ်ခံခဲ့ကြသည်။



မည်သို့ပင်ဖြစ်စေ...

ဂိုဏ်းခွဲစခန်းများချေမှုန်းခံရပြီး ဂိုဏ်းဝင်အများအပြား ဖမ်းဆီးခြင်းခံရခြင်းကြောင့် ရေနဂါးဂိုဏ်းမှာ အတော်ပင် အထိနာသွားခဲ့လေသည်။

ရမ်းကားတိုက်ခိုက်မှုများ သိသိသာသာပင် လျော့နည်းသွားလေသည်။ ယင်းကြောင့် ရှင်မင်မြို့တော်ဝန်က ဖုန်းလွှေအား ချီးကျူးဂုဏ်ပြုခဲ့လေသည်။

ရှင်မင်မြို့သူမြို့သားများကလည်း ဖုန်းလွှေအား ဝိုင်းဝန်းကျေးဇူးတင်စကားပြောဆိုကြသည်။ သို့သော် သတင်းတစ်ခုကြောင့် သူတို့ အလွန်စိတ်မကောင်းဖြစ်ကြရသည်။

ယင်းသတင်းကား ငါးမန်းဖြူဂိုဏ်းမှတိုးစိန် အသတ်ခံရမှုတွင် ဖုန်းလွှေက လက်လွန်ခြေလွန် တမင်လုပ်ခဲ့ခြင်းဖြစ်သည်ဟု နယ်စားမင်းထံ တိုင်ကြားသည့်သတင်းပင်ဖြစ်သည်။

မကြာမီ...

နယ်စားမင်းက ကြေညာချက်တစ်ရပ်ကို တရားဝင်ထုတ်ပြန်လိုက်လေသည်။ ထိုကြေညာချက်ကြောင့် ရှင်မင်မြို့တော်ဝန်နှင့် မြို့သူမြို့သားများ ယူကျုံးမရဖြစ်ခဲ့ကြရသည်။

အကြောင်းကား ....

www.burmeseclassic.com

www.burmeseclassic.com



နယ်စားမင်းက ရာဇဝတ်ကောင်များကိုဖမ်းဆီးရာ၌ မလွှဲမရှောင်သာသော အခြေအနေမှလွဲ၍ အသေဖမ်းဆီးခြင်းမပြုရဟူသောစည်းကမ်းချက်များကို ဖောက်ဖျက်ခဲ့မှုဖြင့် ဖုန်းလွှေအား ရာထူးမှဖယ်ရှားလိုက်ခြင်းကြောင့်ဖြစ်ပေသည်။

ဖုန်းလွှေမှာ.... အလွန်ပင် စိတ်ထိခိုက်နာကျင်ကြေကွဲခဲ့ရလေသည်။ သို့သော် သူ့အနေဖြင့် မည်သို့မျှမတတ်နိုင်ချေ။

ထို့ကြောင့် ဇနီးဖြစ်သူရှောင်မေဝါးကိုခေါ်ကာ ရှင်မင်မြို့မှ အမြန်ဆုံးထွက်ခွာခဲ့လေတော့သည်။

oooo



သူတို့ဇနီးမောင်နှံသည် ရှင်မင်မြို့မှလှေစီး၍ထွက်ခွာယာကြသည်။ သူသည် မြို့စားဝတ်စုံ ဝတ်ဆင်မထားတော့ပေ။

အကြောင်းကား ဝတ်ဆင်ရန်လည်းမလိုသောကြောင့်ပင်ဖြစ်သည်။ ယင်းကြောင့် သာမန်အပြာရောင်ဝတ်စုံကိုသာ ဝတ်ဆင်ထားသည်။

ထို့ပြင် သက်တန့်နီဓားနှင့် နံ့သာနီယပ်တောင်တို့ကို မကိုင်ဆောင်ဘဲသိမ်းထားလိုက်ကြသည်။

သူသည် ယခင်က အစဉ်အမြဲသွက်လက်ချက်ချာသူတစ်ဦးဖြစ်သည်။ သို့သော် ယခုတွင်မူ သူ၏ဟန်ပန်မှာလေးကန်ထိုင်းမှိုင်းနေသည်။ မျက်နှာမကြည်မလင်ဖြင့် အဝေးသို့ငေးမောကြည့်ရှုနေလေသည်။

ရှောင်မေဝါးက ခင်ပွန်းဖြစ်သူ၏စိတ်ထဲတွင် အလွန်ပင် ထိခိုက်ကြေကွဲနေကြောင်းရိပ်မိသည်။ သူမကိုယ်တိုင်လည်း အလွန်ပင်စိတ်ထိခိုက်ခံစားနေရသည်မဟုတ်ပါလား။

ရှောင်မေဝါးမှာ ခင်ပွန်းဖြစ်သူ၏ဟန်ပန်အမူအရာကို ကြည့်ကာ ဝို၍ဝမ်းနည်းလာသည်။ ယင်းကြောင့်.... သူမ၏ပါးပြင်ပေါ်သို့ မျက်ရည်များ တလိမ့်လိမ့်စီးဆင်းကျလာသည်။ ရှောင်မေဝါးက ငိုရှိုက်ရင်း ဖုန်းလွှေအားကြည့်ကာပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရာထူးတို့ စည်းစိမ်တို့ဆိုတာ သင်္ခါရတွေပါ၊ ဘဝရေစက်ကုသိုလ်ရှိသလောက်ပဲရမှန်း ကျွန်မနားလည်ပါတယ်၊ ဒါပေမဲ့ အစ်ကို့မှာကတော့ တာဝန်ကိုကြိုးစားထမ်းဆောင်လျက်သားနဲ့ အလုပ်ကနေ..."

ဖုန်းလွှေက သူမအားဆက်လက်မပြောရန် မျက်ရိပ်ပြလိုက်သည်။ ရှောင်မေဝါးမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။ ဖုန်းလွှေက သူမ၏ပခုံးကိုအသာအယာပွေ့ဖက်ကာ တီးတိုးပြောလိုက်သည်။

"မေဝါးကလဲကွယ် သတိထားပါ၊ စိတ်ထဲရှိတာတွေ အရမ်းလျှောက်ပြောမနေပါနဲ့၊ ဒီလှေပေါ်မှာ လူပေါင်းစုံပါလာကြတာ၊ ရေနဂါးဂိုဏ်းကလူတွေလဲ ပါချင်ပါလာနိုင်တယ်"

သူ၏သတိပေးစကားကြောင့် ရှောင်မေဝါး မျက်လုံးပြူးသွားသည်။ သူမက လှေပေါ်ရှိလူများကိုထိတ်ထိတ်ပျာပျာကြည့်မိလိုက်သည်။ ထိုအခါ လှေပေါ်မှလူအချို့က သူမတို့အားကြည့်နေကြသည်ကိုတွေ့ရသည်။

ထိုလူများသည် သူမတို့အား အထင်အမြင်သေးသော အမူအရာများရှိနေကြသည်ဟု ရှောင်မေဝါးထင်လိုက်မိသည်။

ထို့ပြင် အတော်လည်းရှက်သွားမိသည်။

ရှောင်မေဝါးမှာ လှေပေါ်မှလူများကိုမကြည့်ရဲတော့ချေ။



ခေါင်းကိုငုံ့ကာ မျက်လွှာချထားလိုက်သည်။ သို့သော် ထိုလူများ၏စကားသံများကိုတော့ ကြားနေရသည်။

"ဟော... မင်းစမ်းတောင်ကိုတောင် လှမ်းမြင်နေရပြီ"

"ဒီမြစ်ကွေ့လွန်ရင် စီးလိန်ရွာရေလက်ကြားကိုရောက်တော့မယ်လေ"

"အင်း .... ဒီစီးလိန်ရွာရေလက်ကြားဟာ ရေနဂါးဂိုဏ်းသောင်းကျန်းစိုးမိုးတဲ့နေရာပေါ့"

"အဲဒီမှာ ရေနဂါးဂိုဏ်းကအမြဲလုယက်တိုက်ခိုက်နေတာပဲ"

"ဟင်..."

"ဒါဆိုရင်တော့ဒုက္ခပါပဲ"

ထိုစကားများကြောင့် နဂိုက စိတ်အားငယ်နေသော ရှောင်မေဝါးမှာ ပို၍ကြောက်ရွံ့လာလေသည်။

ရာထူးမှထုတ်ပယ်ခြင်းခံရသော မိမိ၏ခင်ပွန်းအား ရေနဂါးအဖွဲ့ကရန်ရှာလာမည်ကို ရှောင်မေဝါးစိုးရိမ်လာမိလေသည်။ ရေနဂါးအဖွဲ့မှာ သူ၏လက်ချက်ကြောင့် အထိနာကာ အခြေပျက်ခဲ့ရသည်မဟုတ်ပါလား။

ထို့ကြောင့် သူတို့သည် ဖုန်းလွှေအား မည်သို့မျှအခဲကြေနိုင်ကြမည်မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



အချိန်ရှိသရွေ့ လက်စားချေရန် ကြံစည်နေမည်သာဖြစ်ပေသည်။ ယခုအချိန်သည် ရေနဂါးဂိုဏ်းအဖို့ ဖုန်းလွှေအား လက်စားချေရန် အကောင်းဆုံးအချိန်အခါပင် မဟုတ်ပါလား။

ရှောင်မေဝါးမှာတွေးရင်း ပို၍ကြောက်ရွံ့လာလေသည်။

ထို့ကြောင့် ဖုန်းလွှေအနားသို့တိုးကပ်လိုက်သည်။

ယင်းအခိုက် လူတစ်ယောက်၏အသံကိုကြားလိုက်ရသည်။

"ဒါက ဟိုတစ်ချိန်တုန်းကကိစ္စကွေပါ၊ အဲဒီတုန်းကတော့ စီးလိန်ရှာရေလက်ကြားမှာ ရေနဂါးဂိုဏ်းကသောင်းကျန်းချင်တိုင်း သောင်းကျန်းခဲ့ပါတယ်၊ ဒါပေမဲ့ အခုတော့ ကြောက်စရာမလိုတော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မြို့စားမင်းဖုန်းလွှေက ရေနဂါးဂိုဏ်းကို နှိမ်နင်းပစ်ခဲ့လို့ပါပဲ"

ထိုစကားကြောင့် လှေပေါ်မှလူများအားလုံး ငြိမ်ကျသွားသည်။ ထိုလူက ကျယ်လောင်စွာစကားဆက်လိုက်သည်။

"ရေနဂါးဂိုဏ်းက ဒုဂိုဏ်းချုပ်ကြီးတိုးစိန်ဆိုရင် မြို့စားမင်းဖုန်းလွှေရဲ့လက်ချက်ကြောင့် တစ်ခါတည်းသေဆုံးသွားခဲ့တာပဲ၊ ရေနဂါးဂိုဏ်းသားအများစုလဲ သေသူသေ အဖမ်းခံရသူခံရဖြစ်ကုန်ကြတယ်၊ ကျန်တဲ့ဂိုဏ်းသားတွေကလဲ အသက်ကိုဖက်နဲ့ထုပ်ပြီး ပြေးနေရတာဆိုတော့ ဘယ်လိုလုပ်ပြီးလုယက်တိုက်ခိုက်ရဲတော့မှာလဲ"



ရှောင်မေဝါး အားတက်သွားသည်။

သူမက စကားပြောနေသူကိုလှမ်းကြည့်လိုက်သည်။

ထိုလူမှာ ဦးခေါင်းကြီးပြီးကိုယ်လုံးတုတ်သောလူဝကြီးတစ်ယောက်ဖြစ်သည်။ လူ ဝသကဲ့သို့အသံမှာလည်း ကျယ်လောင်လှသည်။ ထိုလူက အာပေါင်အာရင်းသန်သန်ဖြင့် ပြောဆိုနေခြင်းဖြစ်သည်။

ရှောင်မေဝါးမှာ လူဝကြီးပြောသည့်စကားများကို အစအဆုံးကြားလိုက်ရသည်။ လူဝကြီးပြောဆိုနေသည့်စကားများမှာ ဖုန်းလွှေအား ချီးမွမ်းပြောဆိုသောစကားများသာဖြစ်သည်။

ထို့ကြောင့် ရှောင်မေဝါးမှာ အတော်လေးကျေနပ်ဝမ်းသာသွားသည်။ စိုးရိမ်ကြောင့်ကြမှုများလည်း ပျောက်သင့်သလောက် ပျောက်သွားသည်။

စောစောက ညှိုးငယ်နေသောရှောင်မေဝါး၏မျက်နှာမှာလည်း အနည်းငယ်လန်းဆန်းလာသည်။

သူမက ဖုန်းလွှေအနားသို့တိုးကပ်ကာခေါ်လိုက်သည်။

"အစ်ကို"

ဖုန်းလွှေက အသံတိုးတိုးဖြင့်ပြန်မေးလိုက်သည်။

"ဟင်... ဘာလဲညီမ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မေဝါးက ဖုန်းလွှေအားကြည့်ကာမေးလိုက်၏။

"အစ်ကိုကြားတယ်မဟုတ်လား"

သူက မျက်မှောင်ကုပ်လိုက်သည်။

"ဘာကိုလဲ"

ရှောင်မေဝါးက အသံတိုးတိုးဖြင့်ပြောလိုက်သည်။

"အများပြည်သူတွေက အစ်ကိုရဲ့လုပ်ရပ်တွေကို သိပ်ပြီး ချီးကျူးနေကြတယ်၊ အစ်ကို့အနေနဲ့ရာထူးက ဖယ်ရှားခံရပေမဲ့ ဘာမှ စိတ်ပျက်ဝမ်းနည်းစရာမလိုဘူး၊ အများပြည်သူတွေကတော့ အစ်ကို့ ကိုပြည်သူ့အန္တရာယ်ဖယ်ရှားပေးခဲ့တဲ့လူစွမ်းကောင်းအဖြစ် သတ်မှတ် ထားကြတာပါပဲ"

ဖုန်းလွှေ သက်ပြင်းချလိုက်သည်။

သူ့အနေဖြင့် မိမိ မည်သူမည်ဝါဖြစ်သည်ကို မည်သူမျှမသိ စေလိုပေ။ တတ်နိုင်သမျှလျှို့ဝှက်ထားလိုသည်။

သို့သော် ရှောင်မေဝါးက ထိုအကြောင်းများကိုသာ ထပ်ခါ တလဲလဲပြောနေသည်။ သူ့အနေဖြင့် သူမအား တားဆီးပိတ်ပင်လို ခြင်းမရှိတော့ချေ။ သူမသည် ငယ်ရွယ်နုနယ်သည့်မိန်းမသားတစ်ဦး ပင်မဟုတ်ပါလား။

သူမ၏ရင်ထဲတွင်ရှိသောခံစားချက်များကို ထုတ်ဖော်ပြော



ချင်ရှာပေလိမ့်မည်။ သူကလည်း ဇနီးသည်အား စာနာနားလည် သောအားဖြင့် သူမ၏ခံစားချက်များကိုနားထောင်ပေးသင့်ပေသည်။

သို့သော်… သူမပြောဆိုနေသည့်စကားများကိုသာ တစ်စုံ တစ်ယောက်ကကြားသိသွားပါက ဖုန်းလွှေ မည်သူမည်ဝါဖြစ်သည် ကို သဘောပေါက်သွားနိုင်သည်။

ထိုအခါ သူတို့ဇနီးမောင်နှံအပေါ်သို့ အန္တရာယ်များကျ ရောက်လာတော့မည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်ပေတော့၏။

ယင်းကြောင့် သူက သူမကိုကြည့်ကာပြောလိုက်သည်။

"လှေဝမ်းထဲမှာအသက်ရှူရတာ သိပ်မကောင်းဘူး၊ ကုန်း ပတ်ပေါ်တက်ကြရအောင်"

ရှောင်မေဝါး ခေါင်းညိတ်လိုက်သည်။

"ကောင်းသားပဲ"

ထို့နောက် ဖုန်းလွှေသည် ဇနီးသည်အား ခရီးသည်များ အများအပြားရှိနေသည့်လှေကြီးဝမ်းထဲမှ အပြင်သို့ခေါ်ထုတ်လာခဲ့ ပေတော့သည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



ညနေဆည်းဆာ....

နေဝန်းနီသည် အနောက်ဘက်သို့ အတော်ပင်တိမ်းစောင်းနေပြီဖြစ်သည်။ သို့သော် ရွှေအိုရောင်နေရောင်ခြည်များကိုမူ လွှတ်ပေးနေဆဲဖြစ်သည်။

နေရောင်အောက်တွင် မြစ်ပြင်ကျယ်ကြီးမှာ တလက်လက်တောက်ပနေသည်။ ဖုန်းလွှသည် ရှောင်မေဝါး၏လက်ကိုကိုင်ကာ လှေကားအတိုင်း ကုန်းပတ်ပေါ်တက်လာသည်။

သူတို့ဇနီးမောင်နှံမှာ အေးမြသည့်လေ၏ပွေ့ဖက်မှုကို ခံစားလိုက်ရသည်။

ကုန်းပတ်ပေါ်တွင် လေကတသုန်သုန်တိုက်ခတ်နေသည်။ သို့သော် ပြင်းထန်ခြင်းမရှိသောလေပြေမျိုးပင်ဖြစ်၏။

လေပြေ ပက်ဖြန်းမှုကြောင့် သူ၏စိတ်များလန်းဆန်းလာသည်။ လှေကြီးက ရှည်လျားသည့်မြစ်ကြောင်းအတွင်း ခုတ်မောင်းနေ၏။

မြစ်ပြင်ပေါ်တွင် ဇင်ယော်များဖျံဝဲလျက်ရှိ၏။

အဝေးမိုးကုပ်စက်ဝိုင်းဆီမှနေမင်းကြီးသည် လိမ္မော်ရောင်တောက်ပလျက်ရှိနေ၏။

နေရောင်ကြောင့် မြစ်ကမ်းနစ်ဖက်ရှိကိုင်းတောများမှာ ပို၍



စိမ်းစိုတောက်ပနေ၏။ သဘာဝပန်းချီကားမှာ ရှုမောဖွယ်ကောင်းအောင်ပင် သာယာလှပလျက်ရှိ၏။ ရှောင်မေဝါးက သာယာသည့်ရှုခင်းများကိုငေးကြည့်နေသည်။

လေအဝေ့တွင် သူမ၏ဆံကေသာများ တလွင့်လွင့်ဖြစ်နေသည်။ သူမ၏မျက်နှာလေးမှာ လန်းဆန်းကြည်လင်နေ၏။ သာယာလှပသည့်သဘာဝဝန်းကျင်ကြောင့် စောစောကစိုးရိမ်ပူပန်မှုများနှင့် စိတ်ညစ်ညူးမှုများပျောက်သွားသည်။

သို့သော် ဖုန်းလွှမှာမူ ရှောင်မေဝါးကဲ့သို့စိတ်လက်ကြည်လင်လာမှုမရှိချေ။ အကြောင်းမှာ... မိမိတို့စီးနင်းလိုက်ပါလာသည့် လှေကြီးမှာ မကြာမီ စီးလိန်ရှာရေလက်ကြားသို့ရောက်ရှိလာတော့မည်ဖြစ်ခြင်းကြောင့်ဖြစ်သည်။

စီးလိန်ရှာ ရေလက်ကြားမှ ရေနဂါးဂိုဏ်းလွှမ်းမိုးရာနယ်ပင်ဖြစ်ကြောင်း သူသိထားသည်။ အကယ်၍ သူ ဤလှေကြီးပေါ်တွင် ပါလာကြောင်းကို ရေနဂါးဂိုဏ်းကသိသွားမည်ဆိုပါလျှင်....

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



စီးလိန်ရှာရေလက်ကြားသို့ ရောက်ရှိလာပြီဖြစ်သည်။

လှေကြီးပေါ်တွင်ပါလာကြသူများမှာ ရင်တထိတ်ထိတ်ဖြင့် ကြောက်လန့်တုန်လှုပ်နေကြသည်။ အလားတူပင် ဖုန်းလှေနှင့် ရှောင်မေဝါးမှာလည်း ရင်တထိတ်ထိတ်ဖြင့်စောင့်ကြည့်နေ၏။

ရေနဂါးဂိုဏ်းသားများ မည်သည့်အရပ်မှထွက်ပေါ်လာမည်နည်းဟုတွေးပူနေမိ၏။ သူ့အနေဖြင့် ရေနဂါးဂိုဏ်းကိုကြောက်ရွံ့၍ မဟုတ်ပေ။

ရင်ဆိုင်တိုက်ခိုက်ရဲ၏။

သို့သော် သူမအပါအဝင် အပြစ်မဲ့သည့်ခရီးသည်များ ကြားမှ ထိခိုက်သေကြေကုန်ကြမည်ကို သူစိုးရိမ်မိ၏။

မိမိတစ်ယောက်တည်း ရေနဂါးအဖွဲ့နှင့်ရင်ဆိုင်မည်ဆိုပါက အစွမ်းကုန်ရင်ဆိုင်တိုက်ခိုက်မည်ဖြစ်၏။ မိမိအသက် သေချင်သေ သွားပါစေ။

တိုက်ခိုက်နိုင် လှုပ်ရှားနိုင်သမျှအချိန်အတွင်း၌ လူဆိုးလူမိုက်များကိုတတ်နိုင်သလောက် ငရဲသို့ပို့ပစ်မည်ဖြစ်၏။

ပြည်သူလူထု၏ အန္တရာယ်ရန်စွယ်ကိုတိုက်ခိုက်ချေမှုန်းရင်းနှင့်ပင် အသေခံရဲသည်။ သို့သော် မဆိုင်သူတွေ ကြားမှသေကြေပျက်စီးကုန်မည်ကိုတော့စိုးရိမ်မိသည်။



ထို့ကြောင့်....

ရေနဂါးအဖွဲ့ လာရောက်လုယက်တိုက်ခိုက်မည်ကို စိုးရိမ်နေမိ၏။ သို့သော်.... သူစိုးရိမ်ပူပန်ထားသမျှ အလကားဖြစ်သွား၏။

အကြောင်းကား.... စီးလိန်ရေလက်ကြားကိုကျော်လွန်လာသည်အထိ ရေနဂါးအဖွဲ့ထွက်မလာခြင်းကြောင့်ဖြစ်၏။

နောက်တစ်နေ့နံနက်စောစောတွင် လှေကြီးမှာ စီးလိန်ရှာရေလက်ကြားကိုကျော်ဖြတ်လာခဲ့၏။ ထိုအခါမှသာ ခရီးသည်များသက်ပြင်းချနိုင်တော့သည်။

အန္တရာယ်ဒေသမှကျော်လွန်လာပြီမို့ ရယ်မောပျော်ရွှင်စွာစကားပြောဆိုနေကြသည်။ နံနက် ၁၀–နာရီခန့်တွင် နွားဖြူဆိပ်ကမ်းသို့လှေဆိုက်ကပ်လိုက်သည်။

လှေဆိုက်ကပ်လိုက်သည်နှင့် ဆိပ်ကမ်းတစ်ခုလုံးရှုပ်ယှက်ခတ်သွားသည်။ ကုန်တင်ကုန်ချနှင့် ခရီးသည်တင် ခရီးသည်ချဖြင့်လှေတစ်စီးလုံး ယောက်ယက်ခတ်သွားသည်။ နွားဖြူဆိပ်ကမ်းမှတက်လာသူခရီးသည်မှာ နှစ်ဆယ်ဦးခန့်ရှိသည်။

ယင်းတို့အနက် ငါးဦးမှာ ဝန်စည်စလည်များ အများအပြားပါလာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရသည်မှာ ကုန်သည်များဖြစ်ဟန်တူသည်။ ကျန်–၁၅ ဦးခန့်ကတော့ ရုပ်ရည်ကြမ်းတမ်းသောသူများဖြစ်ကြသည်။

သူတို့ထဲတွင် မည်သည့်ကုန်စည်ပစ္စည်းများမပါရှိကြချေ။

အထုပ်တစ်ထုပ်စီကိုသာ ကျောတွင်လွယ်ပိုးထားကြ၏။

ဖုန်းလွှက ထိုအထုပ်များကိုကြည့်ကာ ရင်လေးသွားကြသည်။ အကြောင်းကား ထိုအထုပ်များထဲတွင် လက်နက်များထည့်ယူလာ၍ရကြောင်း တွေးမိလိုက်သောကြောင့်ဖြစ်သည်။

ထိုဆိပ်ကမ်းမှတက်လာသူ ခရီးသည်များထဲတွင် အမျိုးသမီးတစ်ဦးပါဝင်သည်။

သာမန်အားဖြင့် ဆိပ်ကမ်းမှတက်လာသည့်ခရီးသည်များထဲတွင် အမျိုးသမီးတစ်ယောက်ပါဝင်လာသည်မှာ အဆန်းမဟုတ်ချေ။ သို့သော် ထိုအမျိုးသမီး၏ထူးခြားချက်ကြောင့် ဖုန်းလွှက သတိထားလိုက်မိခြင်းဖြစ်သည်။

အမျိုးသမီးမှာ အသက်နှစ်ဆယ့်ငါးနှစ်ဝန်းကျင်ခန့်ရှိလေသည်။ နှာတံပေါ်လွင်ပြီး နှုတ်ခမ်းလွှာများမှာ နီရွှေးနေလေသည်။ သူမ၏မျက်နှာတွင် အလှအပဆုံးမှာမျက်လုံးများဖြစ်သည်။

ရွှန်းလက်တောက်ပနေသောမျက်လုံးအစုံတွင် ကော့ညွှတ်သောမျက်တောင်များရံထားသည်။



အမျိုးသမီးသည် ချည်ထည်ကြမ်းကိုသာဝတ်ဆင်ထား၏။

ထို့ကြောင့် သာမန်ကျေးတောသူတစ်ဦးဟုထင်မှတ်ရ၏။

သို့သော် မျက်နှာတွင် မျက်နှာချေ မသိမသာလိမ်းခြယ်ထားလေသည်။ သွားပုံလာပုံမှာ ရှက်ရွံ့ဟန်လုံးဝမရှိချေ။

သူမကိုကြည့်ရသည်မှာ မိမိကိုယ်ကိုယုံကြည်မှုအပြည့်အဝရှိသည့်ဟန် အထင်းသားပေါ်လွင်နေသည်။

သူမ၏လက်ထဲတွင် အနီရောင်ခြင်းတောင်းတစ်လုံးကို ကိုင်ထားသည်။ ခေါင်းရှိဆံပင်များကို အနက်ရောင်ပဝါဖြင့်အုပ်စည်းထားသည်။ ပဝါကို နဖူးပြင်အုပ်သည်အထိ စည်းထားခြင်းဖြစ်လေသည်။

ထို့ကြောင့် သူမ၏ဟန်ပန်မှာ တစ်မျိုးဖြစ်နေခြင်းဖြစ်သည်။

ထိုအမျိုးသမီးက လှေထောင့်တစ်နေရာသို့လျှောက်သွားပြီးထိုင်ချလိုက်သည်။ ထို့နောက် လှေကုန်းပတ်သို့ကျောမှီကာငိုက်မြည်းနေ၏။

ဖုန်းလွှက ထိုအမျိုးသမီးအား သေချာစွာအကဲခတ်ကြည့်ရှုလိုက်သည်။ ဤမိန်းမပျိုသည် သာမန်ကျေးတောသူတစ်ယောက်မဟုတ်ဟု သူသိလိုက်သည်။

ထို့ပြင် ဤမိန်းမပျိုကို ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ဖူးသကဲ့သို့ သူ ခံစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မည်သည့်နေရာတွင်တွေ့ဆုံခဲ့ဖူးကြောင်း စဉ်းစား၍မရချေ။

သူသည် ဤမိန်းမပျိုအားကြည့်ကာ အတော်ပင် ရင်းနှီးခဲ့သူတစ်ယောက်ပမာထင်မှတ်နေ၏။ သူမသည် ပတ်ဝန်းကျင်ကို လုံးဝဂရုမထားချေ။

ကုန်းပတ်ကိုမှီ၍ ငိုက်မြည်းနေလေသည်။

၀၀၀၀



ကုန်တင်ကုန်ချများလွန်းသောကြောင့် လှေမှာနွားဖြူဆိပ်ကမ်းမှတော်တော်နှင့်မထွက်ခွာနိုင်ပေ။ နှစ်နာရီခန့်ကြာအောင်ပင် ဆိုက်ကပ်ထားရသည်။ မွန်းတည့်ချိန်ရောက်မှပင် ထိုဆိပ်ကမ်းမှ ခွာကာခရီးဆက်ထွက်ခဲ့သည်။

ဖုန်းလှေသည် နွားဖြူဆိပ်ကမ်းမှဟက်လာသည့်ရုပ်ရည်ကြမ်းတမ်းသည့်လူတစ်ယောက်ကို သတိထားကာ အကဲခတ်ကြည့်ရှုနေသည်။ သူရှောင်မေဝါးအား တီးတိုးမှာကြားထားလိုက်သည်။

“တကယ်လို့ တိုက်ခိုက်မှုတစ်ခုခုမမျှော်လင့်ဘဲဖြစ်ပေါ်လာရင် အစ်ကို့ကို မင်းရဲ့ယောကျ်ားလို့မပြောနဲ့ တာမှမပတ်သက်သလိုနေ… ကြားလား”

သူမ ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူမအနေဖြင့် ဖုန်းလှေကမည်သည့်အကြောင်းကြောင့် ဤသို့ပြောလာသည်ကို နားမလည်ပေ။

သို့သော် သူမခေါင်းညိတ်ပြလိုက်သည်။

“ဟုတ်ကဲ့ပါ”

သူကထပ်မံသတိပေးလိုက်သည်။

“တကယ်လို့ ဓားပြတိုက်ပြီး ပါသမျှပစ္စည်းကိုလုချင်လုသွားပါစေ၊ တိတ်တိတ်လေးသာနေလိုက် အစ်ကိုပြောတာကိုမမေ့နဲ့”

www.burmeseclassic.com

www.burmeseclassic.com



သူမ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့"

ခင်ပွန်းဖြစ်သူက ထူးဆန်းသောစကားများ မှာကြားနေသည့်အတွက် ဈာင်မေဝါးသည် လှေကြီးပေါ်သို့ မျက်လုံးဝေ့ယမ်းကြည့်လိုက်သည်။ မည်သည့်ထူးခြားချက်မျှ မတွေ့ရချေ။

လှေကြီးတစ်စီးလုံးတွင် ခရီးသည်များနှင့် ဝန်စည်စလည်များကိုသာတွေ့မြင်ရပေသည်။

သို့သော် ဘေးအန္တရာယ်တစ်ခုခုနှင့်ကြုံရတော့မည်ဟု သူမ ရိပ်မိသလိုလိုရှိလာသည်။ ထို့ကြောင့် သူမသည် ရင်တမမဲဖြစ်ကာ ဆုမွန်ကောင်းများတောင်းနေမိလေတော့သည်။

oooo



ခရီးသည်များ၏ စကားပြောဆိုနေသံများကြောင့် လှေကြီးတစ်စီးလုံးဆူညံလျက်ရှိ၏။ မနေ့က ဖုန်းလွှအကြောင်း ချီးမွမ်းပြောဆိုခဲ့သောလူဝကြီးက အသံကျယ်ကျယ်ဖြင့်ပြောဆိုလိုက်ပြန်သည်။

"မနေ့က... စီးလိန်ရှာရေလက်ကြားကိုဖြတ်ခါနီးတုန်းက ရေနဂါးဂိုဏ်းရဲ့ရန်ကိုတွေးကြောက်ခဲ့ကြပေမဲ့ တကယ်တမ်းကျတော့ ဘာအန္တရာယ်မှမပေါ်ခဲ့ဘူးမဟုတ်လား"

သူ၏ဘေးနားရှိလူတစ်ယောက်က ထောက်ခံလိုက်၏။

"အင်း... ဟုတ်ပါတယ်"

လူဝကြီးကဆက်ပြောလိုက်၏။

"ဟောဟိုမှာ မြင်နေရတာက ကွမ်းစည်သောင်ပြင်ကြီးပဲ၊ အဲဒီနေရာဟာလဲ အရင်တုန်းက ဓားပြတိုက်တတ်တဲ့နေရာတစ်ခုပဲ၊ အဲဒီသောင်ပြင်ကြီးကိုကျော်လွန်သွားရင် မြစ်ကြောင်းဟာ ကွေ့ကွေ့ကောက်ကောက်ဖြစ်သွားမယ်၊ ပြီးတော့... မြစ်ကြောင်းသုံးခုဆုံတဲ့ ပုခန်းမြစ်ဆုံကိုရောက်မယ်၊ ပုခန်းမြစ်ဆုံမှာ ကိုင်းတောတွေ၊ ကျူတောတွေကထူထပ်တယ်၊ ဒါကြောင့်... အဲဒီနေရာမှာလဲ ဓားပြတွေ သိပ်သောင်းကျန်းတယ်"

အညိုရောင်ဝတ်စုံဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်က ကြားဖြတ်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဒီမြစ်ကြောင်းလမ်းကို တော်တော်ကျွမ်းကျင်ပုံရတယ်၊ မင်းပြောတာဟုတ်ပါတယ်၊ ရေနဂါးဂိုဏ်းလွှမ်းမိုးတဲ့နေရာက ပုခန်းမြစ်ဆုံထိကျယ်ပြန့်တယ်၊ ပုခန်းမြစ်ဆုံနေရာကိုကျော်လွန်မှ ရေနဂါးဂိုဏ်းရဲ့ရန်ကကင်းပြီလို့ပြောနိုင်တယ်၊ ဒါကြောင့် စီးလိန်ရှာ ရေလက်ကြားကိုဘေးကင်းကင်းနဲ့ကျော်ဖြတ်လာရုံနဲ့ ရေနဂါးဂိုဏ်းရဲ့အန္တရာယ်ကလွတ်မြောက်ပြီလို့ ပြောလို့မရနိုင်ဘူး"

လူဝကြီး အားရပါးရရယ်မောလိုက်သည်။

"ဟား... ဟား... ဟား"

ထို့နောက် သူကအဘိုးအိုကိုကြည့်ကာပြောလိုက်သည်။

"အဘိုးအိုပြောသလိုဆိုရင် ကျုပ်တို့တွေဒီညလဲအေးအေးဆေးဆေးမအိပ်ရဘဲ... ရင်တထိတ်ထိတ်နဲ့ ငုတ်တုတ်ထိုင်နေရမလိုဖြစ်နေပြီ"

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

"သတိဆိုတာ ပိုတယ်မရှိဘူး၊ ရေနဂါးဂိုဏ်းရဲ့သောင်းကျန်းပုံက အားလုံးအသိပဲ"

လူဝကြီးကမဲ့ပြုံးပြုံးလိုက်၏။

"အဘိုးကြီးပြောတာ လွန်ခဲ့တဲ့တစ်ချိန်ကအဖြစ်အပျက်တွေပါ၊ မြို့စားမင်းဖုန်းလှေက ငါးမန်ဖြူသိုင်းတိုးစိန်ကိုသုတ်သင်ပြီးတဲ့နောက်ပိုင်းကစပြီး ရေနဂါးဂိုဏ်းဟာ နလန်မထူနိုင်တော့ပါဘူး"



အဘိုးအိုက စိတ်မလျှော့သေးဘဲထပ်ပြောလိုက်သည်။

"ရေနဂါးဂိုဏ်းချုပ်ကိုမှ မနှိမ်နင်းနိုင်သေးဘဲ၊ ရေနဂါးဂိုဏ်းပြိုကွဲသွားပြီး နလန်မထူနိုင်ဘူးလို့ပြောလို့ရမလား"

လူဝကြီးက နှာခေါင်းရှုံ့လိုက်၏။

"ရေနဂါးဂိုဏ်းချုပ်ကိုမမိသေးပေမဲ့ ရေနဂါးဂိုဏ်သားအများစုနဲ့ဂိုဏ်းခွဲစခန်းတွေ ပြိုကွဲကုန်ကြပြီပဲ၊ ဂိုဏ်းချုပ်တစ်ယောက်တည်းနဲ့ဘာတတ်နိုင်မှာတော့လဲ"

ယင်းအခိုက်မှာပင်.... လေသံမာမာဖြင့်မေးလိုက်သော လူတစ်ယောက်၏အသံထွက်ပေါ်လာသည်။

"ရေနဂါးဂိုဏ်းကြီးဖြိုခွဲမယ်ဆိုတဲ့ ဖုန်းလှေ ရာထူးကပြုတ်ပြီးထွက်သွားရတာကော ခင်ဗျားတို့ဘာယ်လိုပြောမလဲ"

ရှောင်မေဝါးက အသံလာရာဘက်သို့လှမ်းကြည့်လိုက်၏။

ထိုအခါ အသက်သုံးဆယ့်ငါးနှစ်ခန့်ရှိ လူတစ်ယောက်ကိုတွေ့မြင်လိုက်ရ၏။ ထိုလူမှာ နွားဖြူဆိပ်ကမ်းမှတက်လာသော ရုပ်ကြမ်းကြမ်းခရီးသည်များထဲမှ တစ်ယောက်ဖြစ်သည်။

မျက်နှာဝိုင်းဝိုင်း မျက်လုံးပြူးပြူးနှင့်မျက်ခုံးကောင်းသူတစ်ဦးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်... မျက်နှာမှာ နေလောင်ထားသဖြင့်မည်းနက်နေသည်။ ထို့ကြောင့် မြစ်ရိုးတစ်လျှောက် အမြဲတမ်းသွားလာလှုပ်ရှားနေသူဖြစ်ကြောင်းသိသာပေသည်။

လက်မောင်းလက်ဖျံများတုတ်ခိုင်သန်မာ၍ အမွေးအမျှင်များထူထပ်သည်။ အသွင်အပြင်ကမူ အေးဆေးဟန်မရှိချေ။

ကြမ်းတမ်းခက်ထန်လှသည်။

ထိုလူကြမ်းကြီးကဆက်ပြောလိုက်၏။

"ဒီမှာဝတုတ်ကြီးကျုပ်ပြောမယ်... ဖုန်းလွှေလို မြို့စားလေးမပြောနဲ့... နေပြည်တော်က ထိတ်ထိတ်ကြဲအရာရှိတွေလာပြီး တိုက်ခိုက်ရင်တောင် ရေနဂါးဂိုဏ်းကိုပြိုကွဲသွားအောင် မချေမှုန်းနိုင်ဘူးဗျ... သိရဲ့လား"

လူဝကြီးမှာ မခံမရပ်နိုင်ဖြစ်သွားသည်။

"ဒါကတော့ ခင်ဗျားလေလုံးထွားလွန်းနေပြီ"

လူကြမ်းကြီးကလှောင်ပြုံးပြုံးလိုက်၏။

"အခု ခင်ဗျားအထင်ကြီးနေတဲ့ဖုန်းလွှေ ဘယ်လိုဖြစ်သွားသလဲ၊ ရာထူးကပြုတ်ပြီးလစ်ပြေးရပြီမဟုတ်လား၊ သူဘာကြောင့်ရာထူးကပြုတ်သွားရတယ်ဆိုတာကော ခင်ဗျားသိရဲ့လား"

လူဝကြီး ခေါင်းခါယမ်းလိုက်သည်။



"ကျုပ်က သာမန်လူတစ်ယောက်ပဲ၊ ဒီအကြောင်းတွေကို ဘယ်သိပါ့မလဲ၊ ဒါပေမဲ့ ဖုန်းလွှေဟာ သိုင်းပညာစွမ်းရည်မြင့်မားပြီး ရေနဂါးဂိုဏ်းဝင်တွေကို အပြတ်နှိမ်နင်းနိုင်တာကိုတော့ ကျုပ်သိတယ်"

လူဝကြီးက မျက်မှောင်ကုပ်ကာမေးလိုက်၏။

"ခင်ဗျားကဘယ်လိုလုပ်သိတာလဲ"

လူဝကြီးက အားရပါးရပြောလိုက်သည်။

"ဖုန်းလွှေဟာ ငါးမန်းဖြူတိုးစိန်ကိုတိုက်ခိုက်တာ ကျုပ်တို့မျက်မြင်ပဲ၊ သိုင်းကွက်လေးငါးကွက်တိုက်ခိုက်ပြီးတာနဲ့ တိုးစိန်ဟာဓာတ်သိမ်းသွားတာပဲ၊ ဖုန်းလွှေဟာ တကယ့်ကိုအစွမ်းထက်တာပဲ၊ သူက တိုးစိန်ကိုသိမ်းငှက်တစ်ကောင်က ကြက်ပေါက်စလေး တစ်ကောင်ကို မိမိရရအုပ်ပြီးဖမ်းသလိုတိုက်ခိုက်လိုက်တာပါပဲ"

လူဝကြီး ခပ်ကြွားကြွားပြောလိုက်ခြင်းဖြစ်သည်။

လူဝကြီး၏စကားကြောင့် ဖုန်းလွှေကြိတ်၍ပြုံးလိုက်မိ၏။

အမှန်မှာ... သူနှင့်တိုးစိန် တိုက်ခိုက်ခဲ့သည့်နေရာမှာ ကွေ့ကောက်သည့်မြစ်လက်တက်လေးတစ်ခုထဲရှိ ချောင်ကျသည့်ကျွန်းကလေးပေါ်တွင်ဖြစ်သည်။

ယင်းကြောင့် မည်သူမျှမြင်နိုင်မည်မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင်.... သူနှင့်တိုးစိန်တို့မှာ ရင်ဆိုင်တိုက်ခိုက်ကြသည့်သဘောလည်းမဟုတ်ချေ။ ယန်ကျီ၏အသက်ကိုကယ်တင်နိုင်ရန်သူက ဓားဖြင့်လှမ်းပစ်လိုက်ခြင်းသာဖြစ်သည်။

သို့သော် လူဝကြီးကဖုန်းလွေနှင့်တိုးစိန်တို့ရင်ဆိုင်တိုက်ခိုက်နေသည်ကို သူမြင်ခဲ့ရသကဲ့သို့ကြွားဝါနေ၏။

ထို့ကြောင့်... သူကကြိတ်၍ပြုံးလိုက်မိခြင်းဖြစ်သည်။

မည်သို့ဆိုစေ လူဝကြီးကမိမိကိုအထင်ကြီးလေးစားသဖြင့်ယခုကဲ့သို့ ကြွားလုံးထုတ်ပြနေခြင်းဖြစ်ကြောင်းကို သူ နားလည်လိုက်သည်။ ယင်းအခိုက် လူကြမ်းကြီး၏စကားသံထွက်ပေါ်လာပြန်၏။

"ခင်ဗျားပြောသလို မဟုတ်နိုင်ပါဘူးဗျာ၊ ငါးမန်းဖြူတိုးစိန်ဟာ နှယ်နှယ်ရရမဟုတ်ဘူး။ ဖုန်းလွေ ဘယ်လောက်ပဲ အစွမ်းထက်ထက် သိုင်းကွက်လေးငါးကွက်နဲ့တော့ တိုးစိန်ကိုအနိုင်မရနိုင်ဘူး"

သူက မယုံနိုင်သည့်လေသံဖြင့်ပြောလိုက်ခြင်းဖြစ်၏။

လူဝကြီးက ရင်ကော့ပြောလိုက်၏။

"ကျုပ်မျက်စိနဲ့အသေအချာမြင်ခဲ့တဲ့လူဗျ... ခင်ဗျား အရမ်းငြင်းမနေနဲ့"

လူဝကြီးနှင့်လူကြမ်းကြီးတို့သည် ဖုန်းလွေ၏သိုင်းပညာစွမ်းရည်နှင့်ပတ်သက်၍ တစ်ဦးနှင့်တစ်ဦးငြင်းခုန်နေကြ၏။



အနိုင်မခံအရှုံးမပေး ငြင်းခုန်ကြရင်းမှ ရန်ဖြစ်မလိုပင်ဖြစ်လာကြသည်။ ခရီးသည်များမှာ သူတို့နှစ်ယောက်အား တစ်လှည့်စီကြည့်နေကြ၏။ သို့သော်... ဖုန်းလွေတို့ဇနီးမောင်နှံနှစ်ဦးက မသိသလိုပင် နေလိုက်ကြသည်။ သူတို့သည် မြစ်ပြင်ကျယ်ကိုငေးမောရင်းလိုက်ပါလာကြသည်။

လှေကြီးမှာ တရွေ့ရွေ့သွားနေသည်။

မကြာမီ ကွမ်းစည်သောင်ကိုဖြတ်ကျော်လာခဲ့သည်။

ထိုအခါ လူဝကြီးပြောသည့်အတိုင်း မြစ်ကြောင်းမှာကွေ့ကောက်လာသည်။ ကိုင်းတော ကျူတောလည်း ထူထပ်လာသည်။ လှေကြီးမှာ ကွေ့ကောက်သည့်မြစ်ကြောင်းအတိုင်း မောင်းနှင်လာခဲ့ရာ နောက်ဆုံးတွင် ပုခန်းမြစ်ဆုံရာနေရာသို့ရောက်ရှိလာလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)
## ရေထဲမှအန္တရာယ်

လှေကြီးမှာ တရွေ့ရွေ့မောင်းနှင်နေသည်။

ကွမ်းစည်သောင်ပြင်ကိုလည်း ဖြတ်ကျော်ခဲ့ပြီဖြစ်၏။

အညိုရောင်ဝတ်စုံဝတ်ဆင်ထားသည့်အတိုးအို၏ ပြောပုံအရဆိုလျှင် ကွမ်းစည်သောင်ပြင်ကြီးကိုကျော်လာသည်နှင့် ရေနဂါးအဖွဲ့၏အန္တရာယ်မှလွတ်မြောက်ပြီဟု ဆိုရမည်ဖြစ်သည်။

ထို့ကြောင့် ခရီးသည်များမှာ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြလေသည်။

မကြာမီ လှေကြီးမှာ မြစ်သုံးခုဆုံသည့်နေရာသို့ဦးတည်လေတော့၏။ လူဝကြီးသည် မြစ်သုံးခုဆုံသည့်နေရာကိုညွှန်ပြကာ ကျယ်လောင်သည့်အသံဖြင့်အော်ဟစ်ပြောဆိုလိုက်သည်။

"ဟော... ပုခန်းမြစ်ဆုံကိုတောင်ရောက်လာပြီ၊ ဘယ်မှာလဲ



ခင်ဗျားတို့ရေနဂါး"

လူဝကြီးမှာ စကားဆုံးအောင်ပင်မပြောနိုင်ပါ။ တစ်ဝက်တစ်ပျက်နှင့်ရပ်ပြီး ပါးစပ်အဟောင်းသားဖြစ်သွားလေတော့သည်။

အကြောင်းကား မြစ်ကမ်းနံဘေးရှိ ကိုင်းတောထဲမှလှေများတစ်စင်းပြီးတစ်စင်း ထွက်လာကြခြင်းကြောင့်ဖြစ်လေသည်။

လှေများမှာ အတော်ပင်များပြားလှ၏။ လှေများလှော်ခတ်လာပုံကလည်း မြန်ဆန်လွန်းလှသည်။ ထို့ကြောင့်လည်း မကြာမီမှာပင် လှေကြီးအနီးသို့ရောက်ရှိလာလေသည်။

လှေများသည် မြစ်ရေပြင်တွင် တစ်စင်းနှင့်တစ်စင်း တန်းစီယိုက်ကြသည်။ ထိုအခါ လှေမျောသောလှေတန်းကြီးတစ်ခု ဖြစ်သွားသည်။ အမှန်တွင် သူတို့က လှေကြီး၏ရေလမ်းကြောင်းကို ပိတ်ဆို့လိုက်ခြင်းဖြစ်သည်။

လှေများပေါ်တွင် လူများလိုက်ပါလာကြသည်။ တစ်စီးလျှင်လူငါးဦးပါဝင်သည်။ ထို့ကြောင့် လူအားလုံးပေါင်း ခုနစ်ဆယ်ကျော်ခန့်ရှိမည်ဟု ခန့်မှန်းရ၏။

ထိုလူများအားလုံး အနက်ရောင်ကိုယ်ကျပ်အကျီများ ဝတ်ဆင်ထားကြသည်။ လက်ထဲတွင်လည်း လက်နက်ကိုယ်စီကိုင်ဆောင်ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်နက်များမှာ နေရောင်အောက်တွင် တပြောင်ပြောင် တလက်လက်တောက်ပနေကြသည်။

လှေတစ်စင်းပေါ်မှ လူတစ်ယောက်က လှေကြီးဘက်သို့ လှည့်ကာအော်ပြောလိုက်သည်။

"ဟေ့... လှေကြီးကိုရပ်လိုက်"

လှေကြီးပေါ်ရှိခရီးသည်အားလုံး ထိတ်လန့်တုန်လှုပ်သွားကြသည်။ မျက်နှာငယ်ကလေးများဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်သည်။ အချို့မှာ ကြောက်လွန်းသောကြောင့် ဆောက်တည်ရာမရပြေးလွှားကြသည်။

စောစောက အာပေါင်အာရင်းသန်သန်ဖြင့် ပြောဆိုခဲ့သော လူဝကြီးမှာ ပိ၍ကြောက်ရွံ့သွားသည်။

ဘာလုပ်၍ဘာကိုင်ရမှန်းမသိအောင် ဗျာယာခတ်နေသည်။

ကြောက်လန့်လွန်းသောကြောင့် သူ၏ခန္ဓာကိုယ်မှာ တဆတ်ဆတ်တုန်နေသည်။ လူဝကြီးနှင့်ငြင်းခုံခဲ့သည့်လူသန်ကြီးက အားရပါးရရယ်မောလိုက်သည်။

"ဟား... ဟား... ဟား"

ထို့နောက် လူဝကြီးအား စိုက်ကြည့်ကာပြောလိုက်သည်။

"ဘယ်လိုလဲဝတုတ်ကြီးရဲ့ .... ရေနဂါးအဖွဲ့ကို ဖုန်းလွှရဲ့



သိုင်းပညာနဲ့ဖြို့ခွဲခဲ့လို့ နာလန်မထူတော့ဘူးဆို၊ ဟိုမှာကြည့်ပါဦး။ ရေနဂါးအဖွဲ့သားတွေ မြစ်ပြင်မှာပြည့်နေပြီ"

ပြောပြောဆိုဆိုပင်... လူသန်ကြီးသည် လှေများဘက်သို့ လှည့်ကာအော်ပြောလိုက်သည်။

"ညီနောင်တို့ လှေကြီးပေါ်တက်လာခဲ့ကြ၊ ဘာမှအန္တရာယ်မရှိဘူး"

ပြောပြောဆိုဆို လက်မြှောက်ပြကာ အချက်ပေးလိုက်လေသည်။ ယင်းအခိုက် နွားဖြူဆိပ်ကမ်းနှကမ်းမှတက်လာကြသော ခပ်ကြမ်းကြမ်းရုပ်သွင်ရှိသူအားလုံး ထိုင်နေရာမှခုန်ထလိုက်ကြသည်။

ထို့နောက် လွယ်ပိုးထားသောအထုပ်များကိုဖြေလိုက်သည်။ အထုပ်များထဲတွင် လက်နက်မျိုးစုံပါလာသည်။ ထိုလူများက လက်နက်များကိုထုတ်၍ကိုင်ဆောင်လိုက်ကြ၏။ ထို့နောက် ခရီးသည်များအား အော်ဟစ်ခြိမ်းခြောက်လိုက်ကြသည်။

"အားလုံးမလှုပ်ကြနဲ့"

"လှေကြီးကိုရပ်လိုက်စမ်း"

"ဒီလှေကြီးကို ရေနဂါးအဖွဲ့ကအုပ်စီးထားပြီ"

"ရွက်တွေမြန်မြန်ချ"

"ငြိမ်ငြိမ်နေကြ... အားလုံးသေကုန်မယ်"

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးသံများ ဆက်တိုက်ဆိုသလိုထွက်ပေါ်လာသည်။

ထို့နောက် လက်နက်များကိုဝင့်ကာ လှေကြီးပေါ်၌လူစုခွဲနေရာယူလိုက်ကြသည်။ အချို့က လှေသူကြီးနှင့်လှေသားများကို ဖမ်းဆီးလိုက်ကြလေသည်။ ရေနဂါးအဖွဲ့သားတစ်ဦးက ပဲ့နင်းတွင် ဝင်ထိုင်ပြီးနေရာယူလိုက်သည်။

သူတို့သည် ရွက်များကိုလည်း ကန်ချလိုက်သည်။

ထို့ကြောင့် လှေမှာရပ်သွားသည်။

ရှောင်မေဝါး ကြောက်ရွံ့တုန်လှုပ်သွားသည်။

သူမ၏ခန္ဓာကိုယ်မှာ တဆတ်ဆတ်တုန်ယင်နေသည်။

ဖုန်းလွေက အားပေးသည့်သဘောဖြင့် သူမ၏လက်ကို တင်းကျပ်စွာဆုပ်ကိုင်ထားလိုက်သည်။ သူ၏ရင်ထဲ၌လည်း အတော်ပင်စိတ်လှုပ်ရှားနေသည်။ သို့သော် အမူအရာမပျက်အောင် ကြိုးစား၍ထိန်းချုပ်ထားလိုက်လေသည်။

ဝဝဝဝ



မကြာမီ လှေငယ်များ လှေကြီးအနီးသို့ချဉ်းကပ်လာသည်။ ထို့နောက် လှေငယ်ပေါ်မှရေနဂါးအဖွဲ့သားများသည် လှေကြီးပေါ်သို့ ခုန်တက်လာကြလေသည်။ ထို့ကြောင့် လှေကြီးတစ်စင်းလုံး ရေနဂါးအဖွဲ့သားများဖြင့်ပြည့်နှက်သွားသည်။

ခရီးသည်များမှာ တုတ်တုတ်မျှပင် မလှုပ်ဝံ့ကြပေ။

ကြောက်လန့်တုန်လှုပ်စွာပင် ရေနဂါးအဖွဲ့သားများအား ကြည့်နေကြသည်။ လှေပေါ်မှရေနဂါးအဖွဲ့သားများကို ဦးဆောင်လာသူမှာ မျက်နှာတွင်ကျောက်ပေါက်မာများရှိသည့် လူကြီးတစ်ဦး ဖြစ်သည်။

ထိုလူသည် အရပ်မြင့်သကဲ့သို့ ကိုယ်ခန္ဓာကိုယ်မှာလည်း ထွားကျိုင်းလှသည်။ အမူအရာမှာလည်း ကြမ်းတမ်းခက်ထန်သည်။ သူ၏လက်ထဲတွင် ဓားတစ်ချောင်းကိုကိုင်ဆောင်ထားသည်။

သို့သော် ဓားမှာသာမန်ဓားမဟုတ်ချေ။

ဗျက်ကျယ်ကာ ကြီးမားသည့်ဓားမကြီးဖြစ်၏။

ထိုလူကြီးကိုကြည့်ရသည်မှာ... ကြမ်းတမ်းခက်ထန်သည့် ဘီလူးကြီးတစ်ကောင်နှင့်တူလှပေသည်။

သူက ဓားမကြီးကို ဝင့်ကာဝင့်ကာဖြင့် ခေါက်တုံ့ခေါက်ပြန် လျှောက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်များအား အမှုအရာဖြင့် ခြိမ်းခြောက်နေခြင်း ဖြစ်သည်။ လူထွားကြီးက ခေါက်တုံ့ခေါက်ပြန်လျှောက်နေရာမှ ရုတ်တရက်ရပ်တန့်လိုက်သည်။ ထို့နောက် ကျယ်လောင်သောအသံဖြင့် အော်ဟစ်ပြောဆိုလိုက်၏။

"ဟေ့... ဖုန်းလွှေ၊ မင်း ဘာကြောင့် လိပ်လို ကိုယ်ကိုကျုံ့ပြီး ပုန်းနေရတာလဲ... ဒီလှေကြီးပေါ်မှာ မင်းပါမှန်း ကျုပ်တို့အတိအကျ သတင်းရထားပါတယ်၊ သတ္တိရှိရှိနဲ့ထွက်ပြီးရင်ဆိုင်စမ်းပါ၊ ရေနဂါးအဖွဲ့က မင်းနဲ့စာရင်းရှင်းစရာရှိတယ်"

ထိုစကားကြောင့် ရှောင်မေဝါး၏ခန္ဓာကိုယ်မှာ တုန်ခါသွားလေသည်။ သူမ၏ရင်ထဲ၌လည်း ခင်ပွန်းဖြစ်သူဖုန်းလွှေအတွက် စိုးရိမ်ပူပန်သွားသည်။

သို့သော် ဖုန်းလွှေမှာ လုံးဝအမူအရာမပျက်ချေ။

သာမန်ခရီးသည်များကဲ့သို့ ငြိမ်သက်စွာထိုင်နေသည်။

အမှန်တွင် သူကရေနဂါးဂိုဏ်းနှင့် မည်သို့မည်ပုံရင်ဆိုင်ရမည်ကို တွေးတောစဉ်းစားနေခြင်းသာဖြစ်သည်။

သူ့အနေဖြင့် ရေနဂါးဂိုဏ်းသားများနှင့်ရင်ဆိုင်ရသော်လည်း အပြစ်မဲ့သောခရီးသည်များနှင့် နုနယ်သောဇနီးသည်ကိုငဲ့ညှာနေရသေးသည်မဟုတ်ပါလား။



လူထွားကြီးမှာ သူ့အား အကြိမ်ကြိမ်ခေါ်ထုတ်လေသည်။

သူကား ငြိမ်သက်ဆဲပင် ရှိနေလေသည်။

ယင်းအခိုက် လူတစ်ယောက်၏စကားသံထွက်ပေါ်လာသည်။

"ဝမ်းလိမ်ရေ... ခင်ဗျားကို ကျွန်တော်သတင်းတစ်ခုပေးမယ်၊ ဟောဟိုလူဝကြီးကပြောတယ်၊ ဖုန်းလွှေကို သူကောင်းကောင်းသိတယ်တဲ့၊ ဒုဂိုဏ်းချုပ်ကြီးတိုးစိန်ကိုဖုန်းလွှေတိုက်ခိုက်နေတာ သူကိုယ်တိုင်မျက်မြင်ကိုယ်တွေ့ပဲတဲ့၊ ဒါကြောင့် ဖုန်းလွှေဘယ်သူလဲဆိုတာ သူ့ကိုညွှန်ပြခိုင်းပါ"

ပြောလိုက်သူမှာ လူဝကြီးနှင့်ငြင်းခုံခဲ့သည့်လူကြမ်းကြီးပင်ဖြစ်ပေသည်။ ထိုအခါ လူဝကြီး၏ခန္ဓာကိုယ်မှာပို၍တုန်ယင်သွားလေသည်။ လူကြမ်းကြီးသည် တစ်ဆက်တည်းမှာပင် လူဝကြီး၏နောက်ကျောသို့ ဓားဖြင့်ထောက်လိုက်သည်။

ထို့နောက် လေသံမာမာဖြင့်အမိန့်ပေးလိုက်၏။

"ကဲ... ဖုန်းလွှေ ဘယ်သူလဲဆိုတာကိုလိုက်ပြစမ်း"

လူကြမ်းကြီး၏စကားကြောင့် လူဝကြီးမှာဝက်သတ်သလို ကြောက်လန့်တကြားအော်လိုက်မိသည်။

"အလိုလေးလေး စောစောက ကျုပ်ကြွားဝါပြီးပြောခဲ့မိတာပါဗျာ၊ ကျုပ်ကို ချမ်းသာပေးပါ၊ ကျုပ် ဖုန်းလွှေကိုမမြင်ဖူးပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



တကယ်ကိုမမြင်ဘူးတာပါဗျာ”

သို့သော် လူကြမ်းကြီးကလုံးဝမယုံကြည်ချေ။

ထောက်ထားသောဓားဦးချွန်ကို အနည်းငယ် အားစိုက်ကာ ဖိချလိုက်သည်။ ဓားဖျားမှာ လူဝကြီး၏အသားထဲသို့ စပါးလုံးတစ်ထောက်စာကျော်ကျော် နစ်မြုပ်ဝင်သွားသည်။

ထို့ကြောင့် လူဝကြီး၏ကျောပြင်တစ်လျှောက် သွေးများစီးကျလာသည်။ လူဝကြီးမှာ ထိတ်လန့်တကြား ငယ်သံပါအောင် အော်ဟစ်လိုက်လေတော့၏။

“အား...”

“အမယ်လေး....”

“သေပါပြီဗျ”

“ချမ်းသာပေးပါ”

နာကျင်လွန်းသောကြောင့် အသံများပင် တုန်ယင်နေသည်။

လူကြမ်းကြီးက ခပ်ဆတ်ဆတ်အမိန့်ပေးလိုက်သည်။

“ဖုန်းလွှေ ဘယ်သူလဲပြောစမ်း”

လူဝကြီးက ငိုယိုကာပြောဆိုလိုက်သည်။

“ကျွန်တော် လုံးဝမသိတာပါခင်ဗျာ... ကျွန်တော် တကယ်ပြောနေတာပါဗျာ”



လူကြမ်းကြီးက ခြိမ်းခြောက်လိုက်ပြန်သည်။

“ကောင်းကောင်းမေးလို့မရရင် သေဖို့သာပြင်”

ထိုစကားကြောင့် လူဝကြီးမှာ သတိလစ်မေ့မြောမတတ်ဖြစ်သွားတော့သည်။ အမှန်မှာ စောစောက သူ့ကြွားဝါးပြောဆိုခဲ့ခြင်းသာဖြစ်ပေသည်။

သူသည် ဖုန်းလွှေအား လုံးဝမြင်တွေ့ဖူးခြင်းမရှိချေ။

လူဝကြီးသည် မိမိ၏ကြွားဝါခဲ့မှုကိုနောင်တရနေမိ၏။

မဆင်မခြင်ကြွားဝါခဲ့မိခြင်းကြောင့် ဒုက္ခနှင့်ရင်ဆိုင်နေရပြီမဟုတ်ပါလား။ သူ့အနေနှင့်သေရမည်ကိုအလွန်ကြောက်လှသည်။

ထို့ပြင် အသားလည်းအနာမခံလိုပေ။

ထို့ကြောင့် တွေ့ရာလူကိုလက်ညှိုးထိုးပြလိုက်သည်။

“ဖုန်းလွှေဆိုတာ သူပါပဲ”

လက်ညှိုးထိုးခံရသူမှာ အသက်လေးဆယ်ခန့်ရှိနှုတ်ခမ်းမွေးနှင့်လူတစ်ယောက်ဖြစ်သည်။ ထိုလူမှာ နွားဖြူဆိပ်ကမ်းမှတက်လာသော ကုန်သည်အုပ်စုထဲမှတစ်ယောက်ဖြစ်သည်။

ထိုကုန်သည်မှာ လူဝကြီး၏ညွှန်ပြခြင်းခံရခြင်းကြောင့် အကြီးအကျယ်ထိတ်လန့်တုန်လှုပ်သွားလေသည်။ သူက လက်ကာ၍ အထစ်ထစ်အငေါ့ငေါ့ဖြင့်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်... ကျွန်တော် ဖုန်းလွှေမဟုတ်ပါဘူးဗျာ၊ နွားဖြူဆိပ်ကမ်းကတက်လာတဲ့ကုန်သည်တစ်ယောက်ပါ"

လူကြမ်းကြီးက ထိုလူအားအကဲခတ်ကြည့်လိုက်သည်။

ယင်းအခိုက် ခရီးသည်များကြားမှ လူတစ်ယောက်၏အော်ပြောလိုက်သံပေါ်ထွက်လာသည်။

"ဒီလူကြီး အရမ်းလက်ညှိုးထိုးပြတာကိုမယုံပါနဲ့၊ ဖုန်းလွှေကို သူလုံးဝမသိပါဘူး၊ ဖုန်းလွှေဆိုတာ ဟိုရှေ့မှာထိုင်နေတဲ့ဝတ်စုံပြာနဲ့လူပါ"

ထိုစကားကြောင့် ဖုန်းလွှေ၏လျှို့ဝှက်ချက်များပေါ်ပေါက်လာလေသည်။ ဝတ်စုံပြာဝတ်ဆင်ထားသူဖုန်းလွှေမှာ မည်သို့မှ မပုန်းသာ မရှောင်သာဖြစ်သွားတော့၏။

ရန်သူရေနဂါးဂိုဏ်းသားများက ဖုန်းလွှေအားတွေ့ရှိသွားပြီဖြစ်သည်။ ရေနဂါးဂိုဏ်းမှာ သူ့အားရန်ငြိုးထားကာ လက်စားချေလိုနေကြသူများဖြစ်သည်။ ယခု သူတို့သည် ဖုန်းလွှေအားတွေ့မြင်သွားကြပြီဖြစ်သည်။ သူ၏ကံကြမ္မာမှာမည်သို့ဖြစ်လာမည်နည်း။

ဖုန်းလွှေတစ်ယောက်....

ရေနဂါးဂိုဏ်း၏အန္တရာယ်မှလွတ်မြောက်နိုင်ပါမည်လား။

oooo



ဖုန်းလွှေသည် မိမိအားဖော်ထုတ်သူကိုတစ်ချက်လှမ်းကြည့်လိုက်သည်။ ထိုသူမှာ အညိုရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ဦးဖြစ်သည်။

မနေ့က လူဝကြီးနှင့်ရေနဂါးဂိုဏ်းအကြောင်းပြောဆိုငြင်းခုန်လာသောအဘိုးအိုပင်ဖြစ်သည်။

ထိုအဘိုးအိုအား ဖုန်းလွှေအား စိုက်ကြည့်လိုက်သည်။

ယခု သူကောင်းစွာနားလည်လိုက်ပြီဖြစ်သည်။ ထိုအဘိုးအိုသည် ရေနဂါးဂိုဏ်း၏သူလျှိုတစ်ယောက်ဖြစ်နေချေသည်တကား။ ယခုအခါ... သူ့အား ရေနဂါးဂိုဏ်းသားများအားလုံးက မြင်တွေ့သွားကြပြီဖြစ်သည်။ ထို့ကြောင့် သူ့အနေဖြင့် ဆက်လက်ပုန်းကွယ်နေရန် မဖြစ်နိုင်တော့ချေ။

ရန်သူလက်တွင်းသို့ကျရောက်မည့်အတူတူ ဖော်ကောင်လုပ်သူ သူလျှိုအား တစ်ချက်လောက်ဆုံးမရန် သူဆုံးဖြတ်လိုက်၏။

သို့ဖြင့် သူသည် ထိုင်ရာမှထလိုက်သည်။

ထို့နောက် အညိုရောင်ဝတ်အဘိုးအိုထံသို့ ချဉ်းကပ်သွားသည်။ အဘိုးအိုက သူ့အား ကြောင်အမ်းအမ်းဖြင့်ကြည့်နေသည်။ သူ လက်တစ်ဖက်ကိုမြှောက်လိုက်သည်။ သူ၏လက်ဝါးသည် အဘိုးအို၏ပါးပြင်ပေါ်သို့ကျရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း...."

သူ၏လက်ဝါးရိုက်ချက်မှာ အတော်ပြင်းထန်လှသည်။

သူ့လက်ဝါးရိုက်ချက်ကြောင့် အဘိုးအိုမှာချာခနဲလည်ထွက်သွားလေသည်။ ထို့နောက် လှေကြီးကြမ်းပြင်ပေါ်သို့ပုံလျက်သားလဲကျသွား၏။

ဖုန်းလှေသည် မိမိ၏လက်စလက်နကိုကောင်းစွာသိသောကြောင့် ထိုအဘိုးကြီးသတိလစ်သွားပြီဖြစ်ကြောင်း မကြည့်ဘဲနှင့်သဘောပေါက်လိုက်သည်။

ထိုစဉ် သူ၏မျက်လုံးထောင့်စွန်းမှ လှုပ်ရှားမှုတစ်ခုကို လှစ်ခနဲမြင်လိုက်ရ၏။ သူလှည့်ကြည့်လိုက်သောအခါ လူတစ်ယောက် သူ့ထံသို့ တစ်ဟုန်ထိုးပြေးဝင်လာသည်ကိုတွေ့လိုက်ရလေတော့၏။

၀၀၀၀



ဖုန်းလှေ့ထံသို့ လူတစ်ယောက်ပြေးဝင်လာ၏။ ထိုလူသည် ရေနဂါးဂိုဏ်းသားများကိုဦးဆောင်လာသည့်လူထွားကြီးဖြစ်သည်။

လူထွားကြီးက ပြေးလာရင်း ဓားမကြီးကိုဝင့်လိုက်သည်။ နေရောင်ကြောင့် ဓားမကြီးမှာ ဝင်းလက်တောက်ပြောင်သွားသည်။

သို့သော် သူသည် တိုက်ခိုက်ခြင်းမပြုသေးချေ။

ဖုန်းလှေအား စိုက်ကြည့်ကာပြောလိုက်သည်။

"ဘယ်လိုလဲဖုန်းလှေ... မင်းကကြမ်းချင်လို့လား။ အခြေအနေကိုလဲ ကြည့်ပါဦးလေ၊ အခုလိုအခြေအနေမျိုးမှာ မင်းဘာများတတ်နိုင်မှာမို့လဲ"

"ဝမ်းလီ.... စကားအပိုတွေပြောမနေနဲ့ တို့အကြောင်း သိသွားအောင် ကောင်းကောင်းကြီးဆုံးမလိုက်စမ်းပါ"

တစ်ယောက်က စိတ်မရှည်ဟန်ဖြင့်လှမ်းအော်ပြောသည်။

ဖုန်းလှေက မည်သည့်စကားမျှပြန်မပြောချေ။ ဝမ်းလီဆိုသောလူထွားကြီးကိုသာ စူးစူးစိုက်စိုက်ကြည့်နေလေသည်။

ဝမ်းလီက စကားဆက်ပြောလိုက်သည်။

"မင်းက ကိုယ့်ဘာသာကိုယ် ခွန်စန်းမြို့မှာအေးအေးဆေးဆေးမနေဘဲ မဆိုင်တာကိုဝင်ရှုပ်တော့ အခုလိုဘေးတွေ့တာပေါ့။ မင်းဟာ ကျုပ်တို့ရေနဂါးဂိုဏ်းကိုလာပြီး ပြဿနာမရှာဘူးဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



မင်းဟာ ခွန်စန်းမြို့သူမြို့သားဘဝနဲ့ ကောင်းကောင်းနေနိုင်မှာပါ။ အခုတော့ တို့ရေနဂါးဂိုဏ်းကိုပြဿနာလာရှာလို့ ဒုက္ခတွေ့ရပြီပေါ့"

ဝမ်းလီ စကားကိုရပ်ကာ သူ့အား စိုက်ကြည့်လိုက်သည်။

ပြီးမှ လှောင်ပြုံးပြုံးကာမေးလိုက်သည်။

"မင်း အခုလို ရာထူးပြုတ်ကာ ဘယ်သူ့လက်ချက်လဲဆိုတာ သိရဲ့လား"

သူက မည်သည့်စကားမှမဆိုချေ။

ဝမ်းလီက မျက်တောင်မခတ်စိုက်ကြည့်နေသည်။ ဖုန်းလွှေကား ခပ်မဆိတ်ပင်နေလေသည်။ မည်သည့်စကားကိုမှမပြောဘဲ ရေငုံနှုတ်ပိတ်နေလေသည်။

ဝမ်းလီ မျက်မှောင်ကုပ်သွားသည်။ စိတ်ထဲက အကော်ပင် မကျေမနပ်ဖြစ်နေမိသည်။ သူ့အနေဖြင့် ဖုန်းလွှေက သူ့အားဘယ်သူ့လက်ချက်လဲဟုမေးစေချင်သည်မဟုတ်ပါလား။

သို့သော်.... အတန်ကြာသည်တိုင် ဖုန်းလွှေကမေးမြန်းလာခြင်းမရှိပေ။ ဘာမှုလည်းမပြောချေ။

တုံ့ဆိုဘာဝေ ရေငုံနှုတ်ပိတ်နေလိုက်သည်။

ထို့ကြောင့်.... ဝမ်းလီမှာ သူ့ဘာသာသူပဲ အဖြေပေးလိုက်ရတော့သည်။



"ကျုပ်တို့ရဲ့ရေနဂါးဂိုဏ်းချုပ်ကြောင့် မင်းအလုပ်ပြုတ်ခဲ့ရတာပဲ၊ ဒီတော့... ကျုပ်တို့ရဲ့ဂိုဏ်းချုပ်ကို မင်းကောင်းကောင်းကြီး လေးစားကြောက်ရွံ့ရလိမ့်မယ်၊ ဩော်... ကျုပ်ဘယ်သူလဲဆိုတာ ပြောရဦးမယ်၊ ကျုပ်က ရေနဂါးဂိုဏ်းရဲ့ဂိုဏ်းခွဲမှူး ဝမ်းလီတဲ့၊ သေချာမှတ်ထား"

ဖုန်းလွှေ ပြုံးလိုက်၏။

ယင်းသို့ပြုံးလိုက်ခြင်းကြောင့် ဝမ်းလီမှာ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။ ဝမ်းလီက သူ့အား မျက်မှောင်ကုပ်ကာမေးလိုက်သည်။

"မင်း ဘာကြောင့်ပြုံးတာလဲ"

ဖုန်းလွှေက တည်ကြည်သောလေသံဖြင့်ပြောလိုက်သည်။

"ဩော်... ခင်ဗျားတို့ရဲ့ဂိုဏ်းချုပ်ကြီးကို ကျုပ်ကလေးစားကြောက်ရွံ့ရမယ်ဆိုလို့ပါ"

ဝမ်းလီ၏မျက်နှာ တင်းမာသွားသည်။

ဝမ်းလီက လေသံမာမာဖြင့်မေးလိုက်သည်။

"မင်းက ဒါနောက်စရာထင်လို့လား"

ဖုန်းလွှေခေါင်းခါယမ်းလိုက်သည်။

"မထင်ရပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းလီက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်တို့ရဲ့ဂိုဏ်းချုပ်ကြီးဟာ ဘယ်လောက်လေးစားကြောက်ရွံ့စရာကောင်းသလဲဆိုတာ မင်း မကြာခင်တွေ့ရလိမ့်မယ်"

သူက ပခုံးတွန့်လိုက်သည်။

"ကဲ... ကဲ... ပြောနေကြတယ်၊ ခင်ဗျားတို့ရဲ့ဂိုဏ်းချုပ်ကြီးကိုသာဖော်ထုတ်ပြစမ်းပါ၊ တကယ်ပဲ လေးစားကြောက်ရွံ့ရသလားဆိုတာ ကျုပ်ကြည့်ပါရစေ"

ဝမ်းလီကရယ်မောလိုက်သည်။

"ဟား... ဟား... မင်း ကျုပ်တို့ရဲ့ဂိုဏ်းချုပ်ကြီးကိုတွေ့ချင်ရင် ရပါတယ်၊ ဒါပေမဲ့ အရင်ဆုံးတော့ ကြိုးတုတ်ခံရလိမ့်မယ်၊ ပြီးမှ မင်းကို ကျုပ်တို့ရဲ့ဌာနချုပ်စခန်းကိုခေါ်ယူသွားမယ်၊ အဲ့ဒီ ရောက်တဲ့အခါ ဂိုဏ်းချုပ်ကြီးကိုတွေ့ရမှာပေါ့"

တစ်ဆက်တည်းမှာပင်....

"ကဲဟေ့... ကျန်းအော့ သူ့ကိုကြိုးနဲ့တုပ်လိုက်စမ်း"

လူတစ်ယောက်အား လှမ်းပြောလိုက်သည်။ ထိုလူမှာ လူဝကြီးအား ဓားဖြင့်ထောက်၍ခြိမ်းခြောက်ခဲ့သူလူကြမ်းကြီးဖြစ်သည်။ လူကြမ်းကြီးကျန်းအော့က ဓားရှည်ကိုခါးတွင်ပြန်ထိုးကာ ကြိုးတစ်ချောင်းကိုင်၍ ဖုန်းလွေ့အနီးသို့ချဉ်းကပ်လာသည်။



ထို့နောက် ဖုန်းလွေ့အားကြိုးဖြင့်တုပ်ရန် ဟန်ပြင်သည်။

ဖုန်းလွေ့က လှုပ်ရှားခြင်းမပြုပေ။ အသာတကြည် ငြိမ်ခံနေလိုက်သည်။ သို့သော် သူ၏မျက်လုံးများကမူ ကျန်းအော့၏လှုပ်ရှားမှုကို မျက်ခြည်မပြတ်အကဲခတ်ကြည့်နေလေသည်။ ကျန်းအော့က ကြိုးဖြင့်စတင်တုပ်နှောင်လိုက်သည်နှင့် ဖုန်းလွေ့သည် လျှပ်တစ်ပြက်လှုပ်ရှားလိုက်လေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



မည်သူမျှ လုံးဝထင်မှတ်မထားသောဖြစ်ရပ်ပင်ဖြစ်သည်။

ရေနဂါးဂိုဏ်းသားများသည် ဖုန်းလွေက ကျန်းအော့အား ရုတ်တရက်ဖမ်းချုပ်လိုက်သည်ကိုတွေ့ရသည့်အခါ အံ့အားသင့်ကာ ခြေမကိုင်မိလက်မကိုင်မိဖြစ်သွားကြသည်။။

ယင်းကြောင့် ကျန်းအော့မှာ မည်သို့မျှ မတတ်နိုင်တော့ဘဲ ဖုန်းလွေ၏လက်ထဲသို့ ကားခနဲကျရောက်သွားလေသည်။

မထင်မှတ်သောအဖြစ်ကြောင့် ဝမ်းလီမှာအံ့သြမှင်တက်သွားမိသည်။ သို့သော် ချက်ချင်းပင် သတိဝင်လာပြီး ဖုန်းလွေအား တိုက်ခိုက်လိုက်သည်။

သူ၏ဓားမကြီးမှာ နေရောင်အောက်တွင် လက်ခနဲဖြစ်သွားသည်။ ဝမ်းလီ၏ဓားချက်မှာ ပြင်းထန်ကြမ်းတမ်းလှသည်။

သူက ဖုန်းလွေအား အလစ်တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။ သို့သော် ဖုန်းလွေအား အတွေ့အကြုံရင့်ကျက်နေပြီဖြစ်သောအဆင့်မြင့်သိုင်းပညာရှင်တစ်ဦးဖြစ်သည်။

ယင်းကြောင့် ဓားရောင်လက်ခနဲဖြစ်သွားသည်ကိုမြင်လိုက်ရသည်နှင့်ဖမ်းချုပ်မိထားသောကျန်းအော့၏ကိုယ်ခန္ဓာဖြင့် ဓားချက်ဝင်လာရာလမ်းကြောင်းဘက်သို့ တားဆီးပေးလိုက်၏။

ထိုအခါ... ဝမ်းလီ၏ဓားမခုတ်ချက်က ကျန်းအော့၏ခန္ဓာ



ကိုယ်ပေါ်သို့ကျရောက်သွားသည်။ ကျန်းအော့၏ယဲသံပါအောင် အော်ဟစ်သံတစ်ချက်ထွက်ပေါ်လာ၏။

"အား..."

ဝမ်းလီ၏ဓားမကြီးခုတ်ချက်မှာ အားမာန်ပြင်းထန်လွန်းလှသည်။ ယင်းကြောင့် ကျန်းအော့မှာ တစ်ချက်တည်းသာအော်ဟစ်လိုက်နိုင်သည်။ အော်သံလည်းတိတ် အသက်လည်းပျောက်သွားလေတော့သည်။

ဝမ်းလီမှာ ဒေါသခြောင်းခြောင်းထွက်သွားသည်။

ဖုန်းလွေက မိမိ၏ဓားချက်ဖြင့် မိမိ၏လူကိုအသက်ပျောက်သွားစေလိုက်သည်မဟုတ်ပါလား။

သူက ဖုန်းလွေအား ဓားမကြီးဖြင့် ဆင့်ကဲဆင့်ကဲခုတ်ချလိုက်သည်။ ထိုအခါ သူ၏ဓားချက်များက ဖုန်းလွေ၏ခန္ဓာကိုယ်ပေါ်သို့ အဆက်မပြတ်ကျရောက်လာသည်။

ဖုန်းလွေက ဓားချက်များအား ရှောင်တိမ်းခြင်းမပြုချေ။

သို့သော် ကျရောက်လာသောဓားချက်များကို ကျန်းအော့၏အလောင်းနှင့်ကာကွယ်ပေးလိုက်သည်။ ထို့ကြောင့် ဓားချက်များမှာ ကျန်းအော့၏အလောင်းကိုသာ ခုတ်ချမိကုန်သည်။

ဖုန်းလွေက ကျန်းအော့အလောင်း၏ခါးကြားထဲမှဓားရှည်

www.burmeseclassic.com

www.burmeseclassic.com



ကိုဆွဲထုတ်လိုက်သည်။ ထို့နောက် အလောင်းကို ဝမ်းလီထံ ရုတ်တရက်ပစ်ပေါက်လိုက်သည်။ ဝမ်းလီမှာ ဓားကွက်ကိုရုပ်သိမ်း၍ နောက်သို့ဆုတ်လိုက်ရသည်။

ဖုန်းလှေက ဝမ်းလီအားစိုက်ကြည့်ကာပြောလိုက်သည်။

"ခင်ဗျားတို့ဒုဂိုဏ်းချုပ်ကြီး ငါးမန်းဖြူတိုးစိန်လိုလူတောင်ကျုပ်ကိုမယှဉ်နိုင်ဘူး၊ ခင်ဗျားလိုဂိုဏ်းခွဲမှူးတစ်ယောက်ဆိုပိုဆိုးမှာပေါ့၊ ဒီတော့ ကိုယ့်သေတွင်းကိုယ်မတူးချင်ပါနဲ့ ခင်ဗျားတို့ဂိုဏ်းချုပ်ကိုသာခေါ်ထုတ်လိုက်စမ်းပါ"

ပြောပြောဆိုဆိုဖြင့် ကျန်းအော့ဆီမှယူလာသောဓားရှည်ကိုလည်း တိုက်ခိုက်ရန်အသင့်ပြင်ထားလိုက်သည်။

ဖုန်းလှေ၏အသွင်မှာ အေးဆေးတည်ငြိမ်လွန်းလှသည်။

ရေနဂါးဂိုဏ်းသားများဝိုင်းရံထားခြင်းခံရသည်ကိုပင် လုံးဝဂရုမစိုက်သည့်ဟန်ပင်ရှိနေပေသည်။

ယင်းကြောင့် ဝမ်းလီမှာဒေါသထွက်သွားသည်။

ထို့ပြင် ဖုန်းလှေ၏စကားများက ဝမ်းလီကိုအထင်သေးသောစကားများဖြစ်နေပြန်သဖြင့် ဝမ်းလီမှာ ဒေါသအိုးပေါက်ကွဲသွားလေသည်။

"ဟေ့.... ကျုပ်က ဂိုဏ်းခွဲမှူးဖြစ်ပေမယ့် သိုင်းပညာမှာ



ငါးမန်းဖြူတိုးစိန်ထက်မညံ့ဘူးကွ၊ ဟောဒီမှာကြည့်"

သူကအံကြိတ်ကာပြောလိုက်သည်။

ထို့နောက် ဓားမကြီးကိုဝှေ့ယမ်းကာတိုက်ခိုက်လိုက်၏။

ဓားမကြီးမှာ ဖုန်းလှေ၏ခေါင်းပေါ်မှ ဝိုးခနဲဖြတ်ကျော်သွားသည်။ ဝမ်းလီက သူ၏ခေါင်းပေါ်သို့ ဓားမကြီးဖြင့်ထပ်မံခုတ်ချလိုက်ပြန်သည်။

ဖုန်းလှေက မိမိခေါင်းပေါ်သို့ကျရောက်လာသောဓားမကြီးကို လက်ထဲမှဓားရှည်ဖြင့်ပက်ထုတ်လိုက်သည်။ ထို့နောက် ဝမ်းလီ၏ရင်ဘတ်အား အရိပ်မဲ့လက်ညှိုးသိုင်းကွက်ဖြင့် တိုက်ခိုက်လိုက်သည်။ ဝမ်းလီမှာလည်း ခေသူတစ်ဦးမဟုတ်ချေ။

ရေနဂါးဂိုဏ်းမှ ဂိုဏ်းခွဲမှူးရာထူးရရှိထားသူဖြစ်လေသည်။

ယင်းကြောင့် အရှောင်အတိမ်းသွက်လက်လှသည်။ သူ၏ရင်ဘတ်ကိုတိုက်ခတ်လာသည့်ဖုန်းလှေ၏လက်ကို ဓားမကြီးဖြင့် ဆီးကာခုတ်ချလိုက်သည်။ ဖုန်းလှေ လက်အရုတ် မြန်၍သာ တော်တော့သည်။ သို့မဟုတ်လျှင် လက်ချောင်းများပြတ်ထွက်သွားမည်ဖြစ်ပေသည်။ ဖုန်းလှေက လျင်မြန်စွာ သိုင်းကွက်ပြောင်းလိုက်၏။

လက်ကိုပြန်ရုတ်ပြီး ဝမ်းလီ၏ရင်ဝသို့ဓားဖြင့်ထိုးသွင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းလီက သူ၏ဓားမကြီးဖြင့်ကာပေးလိုက်သည်။

"ချွမ်း..."

ဓားနှစ်လက်ထိသံ ကျယ်လောင်စွာထွက်ပေါ်လာသည်။ ဓားများ၏ခုတ်ချက်မှာ ပြင်းထန်လွန်းသောကြောင့် မီးပွင့်များ လွင့်စဉ်ထွက်လာ၏။ ဖုန်းလွေက ဝမ်းလီ၏ဦးခေါင်းပေါ်မှမိုး၍ ဓားဖြင့် ခုတ်ချလိုက်ပြန်သည်။

ဝမ်းလီက လှစ်ခနဲရှောင်ထွက်သွားသည်။

ဖုန်းလွေက ဝမ်းလီအားကျိတ်၍ချီးကျူးလိုက်မိသည်။

ဝမ်းလီကလည်း သူ့အားအထင်မသေးရဲတော့ချေ။

ကြောက်စရာကောင်းသည့်ရန်သူနှင့် ရင်ဆိုင်နေရကြောင်း နှစ်ဦးလုံးနားလည်လိုက်ကြသည်။

ဖုန်းလွေသည် အချိန်ဆွဲတိုက်ခိုက်နေ၍ အနိုင်အရှုံးအဖြေ ပေါ်မည်မဟုတ်ကြောင်း ရိပ်မိလိုက်သည်။ ထို့ကြောင့် တိုက်ခိုက်မှုကို အရှိန်တိုးမြှင့်လိုက်သည်။

ဓားရိပ်များ ဝမ်းလီကိုယ်ပေါ်သို့လွှမ်းခြုံကျရောက်လာလေတော့သည်။ သို့သော် ဝမ်းလီကလည်း ဖုန်းလွေ တိုက်ခိုက်လာသမျှကို ခုခံကာကွယ်နိုင်သည်။ ဝန်းကျင်တစ်ခုလုံးတွင် အဖြူရောင်အလင်းတန်းများ လျှပ်ပြက်သကဲ့သို့လင်းလက်နေကြသည်။



ဖုန်းလွေ၏ဓားကွက်များမှာ သွက်လက်လှသည်။

အလားတူပင် ဝမ်းလီ၏ဓားကွက်များကလည်း မြန်ဆန်လှသည်။ သူတို့နှစ်ဦးသည် တစ်ခဏအတွင်းမှာပင် ဓားကွက်နှစ်ဆယ်ကျော်မျှ ယှဉ်ပြိုင်တိုက်ခိုက်မိကြပြီဖြစ်သည်။

ဓားကွက်တိုင်းမှာအဆင့်မြင့်ပြီး ကြောက်စရာကောင်းလှ၏။ သို့သော် တိုက်ပွဲမှာ အနိုင်အရှုံးအဖြေမပေါ်သေးချေ။

ယင်းအခိုက် မိန်းကလေးတစ်ယောက်၏စကားသံထွက်ပေါ်လာလေသည်။

"ဝမ်းလီ နောက်ဆုတ်လိုက်"

ထိုစကားသံကြောင့် ဝမ်းလီမှာတိုက်ခိုက်နေရာမှ ရုတ်ခြည်း ရပ်တန့်လိုက်လေတော့၏။ ဖုန်းလွေက အသံလာရာဘက်သို့လှည့်ကြည့်လိုက်သည်။ ထိုအခါ သူတို့တိုက်ခိုက်နေရာသို့ မိန်းကလေးတစ်ယောက် လျှောက်လှမ်းလာသည်ကိုတွေ့မြင်လိုက်ရလေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)
## ရေနဂါးဒေဝီ

ရေနဂါးဂိုဏ်းသားများက ခရီးသည်များအား စက်လှေဝမ်းထဲသို့ခေါ်ဆောင်သွားသည်။ ခရီးသည်များမှာ လုယက်ခြင်းခံလိုက်ရပြီဖြစ်သည်။

ပါလာသမျှသော ပစ္စည်းဥစ္စာရွှေငွေများမှာ ရေနဂါးဂိုဏ်းသားများ၏လက်ထဲသို့ရောက်ကုန်ကြပြီဖြစ်သည်။

ရှောင်မေဝါးမှာ ပစ္စည်းများအား နှမြောတွန့်တိုသော်လည်း ခင်ပွန်းဖြစ်သူအတွက် စိုးရိမ်နေမိသည်။ သူမသည် ခင်ပွန်းသည် မှာ ကြားထားချက်ကိုသတိရမိသည်။

သို့သော် အကြိတ်အနယ်တိုက်ခိုက်နေရသော ခင်ပွန်းသည်အား စိတ်မချနိုင်ချေ။ ယင်းကြောင့် ရှောင်မေဝါးမှာလှေဝမ်းထဲသို့ ဖြောင့်ဖြောင့်တန်းတန်းမသွားနိုင်ပေ။



ဖုန်းလှေ့တို့တိုက်ခိုက်နေရာဘက်သို့ လှည့်ကြည့်လှည့်ကြည့်လုပ်မိသည်။ ရေနဂါးဂိုဏ်းသားများမှာ အကင်းပါးလှ၏။

သူတို့က ရှောင်မေဝါး၏ထူးခြားသောအမူအရာကို အကဲခတ်မိလိုက်ကြလေသည်။ သူမသည် ဖုန်းလှေ့အားစိတ်မချသည့်အမူအရာများသိသာစွာပေါ်လွင်နေ၏။ ထို့ကြောင့် သူမသည် ဖုန်းလှေ့နှင့်ပတ်သက်မှုရှိရမည်ဟုတွက်ဆမိကြ၏။

ယင်းအခိုက်....

"ဝမ်းလီ နောက်ဆုတ်လိုက်"

ဟန့်တားသံတစ်သံကြောင့် ဝမ်းလီ ချက်ချင်းပင် တိုက်ခိုက်မှုကိုရပ်တန့်လိုက်သည်။

တစ်ဆက်တည်းပင် နောက်သို့ခုန်ဆုတ်လိုက်လေသည်။

ဖုန်းလှေ့က အသံလာရာဘက်သို့လှည့်ကြည့်လိုက်သည်။

ထိုအခါ သူတို့တိုက်ခိုက်နေရာသို့ မိန်းကလေးတစ်ယောက်လျှောက်လှမ်းလာသည်ကိုတွေ့မြင်လိုက်ရလေ၏။

ထိုမိန်းကလေးမှာ အခြားသူမဟုတ်ချေ။

နွားဖြူဆိပ်ကမ်းမှတက်လာသည့် အနက်ရောင်ပဝါကိုခေါင်းတွင်ပေါင်းထားသောအမျိုးသမီးပင်ဖြစ်ပေသည်။ ဖုန်းလှေ့၏စိတ်ထဲတွင် ထိုအမျိုးသမီးအားမြင်ဖူးသလိုလိုရှိသည်ဟုထင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းလီမှာ ရေနဂါးဂိုဏ်းမှဂိုဏ်းခွဲမှူးတစ်ယောက်ဖြစ်၏။ ဂိုဏ်းချုပ်ပြီးလျှင် ဩဇာအာဏာအရှိဆုံးဟု ဆိုနိုင်သူလည်းဖြစ်သည်။ သို့သော် သူသည် ထိုအမျိုးသမီးအား လေးစားကြောက်ရွံ့နေရပုံရှိလေသည်။

ထို့ကြောင့် အဆိုပါအမျိုးသမီးသည် သာမန်ကျေးတောသူ တစ်ယောက်မဖြစ်နိုင်ကြောင်း သိသာထင်ရှားလှပေသည်။

သူမသည် ရေနဂါးဂိုဏ်းတွင် ဂိုဏ်းချုပ်နီးပါး အတော်ပင် အရေးပါအရာရောက်သူဖြစ်ရမည်ဟု ဖုန်းလွေကောက်ချက်ချလိုက်မိလေသည်။

ထိုစဉ်.... အမျိုးသမီးသည် ခြေလှမ်းမှန်မှန်ဖြင့် ဖုန်းလွေထံသို့လျှောက်လှမ်းလာ၏။ သူမ လမ်းလျှောက်ပုံမှာ ကိုယ်နေဟန်ကြော့ကြော့နှင့် ပုရိသတိုင်းငေးမောဖွယ်ရာဖြစ်နေသည်။

ခြေလှမ်းလှမ်းလိုက်တိုင်း တောင့်တင်းသောခန္ဓာကိုယ်မှ မို့မောက်သောအသားစိုင်များက လှုပ်ရှားသွား၏။ တော်ရုံယောကျ်ားသားများဆိုလျှင် အသက်ရှူပင် မှားသွားနိုင်ပေသည်။

အမျိုးသမီး၏လမ်းလျှောက်ပုံကပင် ဤမျှဆွဲဆောင်အားကောင်းနေလျှင် သူမ၏အသံနှင့် သူမ၏ရုပ်ရည်သည် ထို့ထက်မက ပို၍ဆွဲဆောင်နိုင်လိမ့်မည်ဟု ဖုန်းလွေခန့်မှန်းလိုက်သည်။



သို့သော်.... ဖုန်းလွေအနေဖြင့်မူ ထိုအမျိုးသမီး၏အလှကို ကျားသစ်မတစ်ကောင်၏လှပမှုမျိုးဟုသာ မှတ်ယူလေသည်။ သူမ၏ လှပမှုတွင် ရက်စက်ကြမ်းကြုတ်မှုများပါဝင်နေသည်ဟုအလိုလို ခံစားလိုက်မိသောကြောင့်ဖြစ်သည်။

ယင်းအခိုက်အတန့်မှာပင် ထိုအမျိုးသမီးသည် ဖုန်းလွေ အနားသို့ရောက်ရှိလာလေသည်။

သူမသည် ဖုန်းလွေအနီးတွင်ရပ်တန့်လိုက်၏။ ထို့နောက် တောက်ပသောမျက်လုံးများဖြင့် ဖုန်းလွေအား စိုက်ကြည့်လိုက်သည်။

ဖုန်းလွေ မျက်မှောင်ကုပ်သွားမိ၏။ အကြောင်းကား ဤ မျက်လုံးမျိုးနှင့် ဤအကြည့်မျိုးကို ရင်းရင်းနှီးနှီးသိရှိခဲ့ဖူးကြောင်း ခံစားလိုက်ရခြင်းကြောင့်ဖြစ်သည်။ သို့သော်.... မည်သည့်နေရာတွင် ရင်းနှီးခဲ့ဖူးကြောင်း စဉ်းစား၍မရချေ။ အမျိုးသမီးက ဖုန်းလွေအား စိုက်ကြည့်နေရင်းမှပြောလိုက် ၏။

"ရှင့်ရဲ့သိုင်းပညာစွမ်း ထက်မြက်ပါပေတယ်၊ ဒီလိုအဆင့်မြင့် သိုင်းပညာရှင်မျိုးရှားတယ်"

ဖုန်းလွေက လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်လိုက်သည်။

"ကျွန်တော့်ကို အခုလိုချီးကျူးတဲ့အတွက် ကျေးဇူးအများပဲ တင်ပါတယ်ဗျာ"

www.burmeseclassic.com



အမျိုးသမီးက ခေါင်းခါယမ်းလိုက်၏။

"ကျွန်မကို ကျေးဇူးတင်စရာမလိုပါဘူးရှင်... ကျွန်မ အမှန်အတိုင်းပြောတာပါ"

အမျိုးသမီးက ဖုန်းလွေအား အကဲခတ်ကာမေးလိုက်၏။

"ဒါနဲ့ ရှင်ကခွန်စန်းမြို့စားဖုန်းလွေဟုတ်ပါတယ်နော်"

ဖုန်းလွေခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ဗျာ"

အမျိုးသမီးက ခေါင်းတဆတ်ဆတ်ညိတ်ကာဆက်၍ ပြောလိုက်လေသည်။

"မင်းမှုထမ်းအလုပ်ဆိုတာ တကယ်တော့ ကြီးပွားတိုးတက်နိုင်တဲ့အလုပ်မဟုတ်ပါဘူး၊ ဒါကြောင့် ကျွန်မတို့ရေနဂါးဂိုဏ်းနဲ့ပူးပေါင်းဖို့ဖိတ်ခေါ်ပါတယ်၊ ကျွန်မတို့ ရေနဂါးဂိုဏ်းနဲ့ပူးပေါင်းလိုက်တာနဲ့ ရှင့်ဘဝဟာနေ့ချင်းညချင်းကြီးပွားတိုးတက်သွားမယ်ဆိုတာ ကျွန်မအာမခံပါတယ်ရှင် "

ဖုန်းလွေကပြုံးလိုက်သည်။

"မဖြစ်နိုင်ပါဘူးခင်ဗျာ"

အမျိုးသမီးက....

"ဒီလိုလဲယတိပြတ်မပြောပါနဲ့လေ.... ရှင်သာ ကျွန်မတို့နဲ့



ပူးပေါင်းမယ်ဆိုရင် ရှင့်ကို ကျွန်မတို့ဂိုဏ်းမှာ ဒုဂိုဏ်းချုပ်အဖြစ်ခန့်အပ်ပါ့မယ်၊ ပြီးတော့...."

အမျိုးသမီးက စကားကိုဆုံးအောင်မပြောချေ။

တစ်ပိုင်းတစ်စဖြင့်ရပ်ထားလိုက်၏။ ပြီးနောက် သူမသည် ဖုန်းလွေအား သူမ၏တောက်ရှန်းသော မျက်လုံးရွဲကြီးဖြင့် ရှန်းရှန်းစားစားစိုက်ကြည့်လိုက်လေသည်။

ထိုအကြည့်ကြောင့် ဖုန်းလွေမှာတစ်ချက်စိတ်လှုပ်ရှားသွားရလေသည်။ မည်သည့်အကြောင်းကြောင့်ဟူ၍တော့ တိတိကျကျမသိရချေ။ သူ၏စိတ်ထဲတွင် အမျိုးအမည်မသိသောဝေဒနာတစ်ရပ်ကိုခံစားလိုက်ရလေသည်။

အမျိုးသမီး၏စကားသံက ထွက်ပေါ်လာပြန်သည်။

"ရှင့်အတွက် အစစအရာရာလိုလေသေးမရှိ စိတ်တိုင်းကျဖြစ်စေရမယ်၊ ကဲ... ရှင်ဘယ်လိုသဘောရသလဲ"

သူမက လေသံတိုးတိုးဖြင့်ပြောလိုက်ခြင်းဖြစ်သည်။

စကားဆုံးသည်နှင့်သူမက ဖုန်းလွေအား မျှော်လင့်သောအကြည့်ဖြင့်ကြည့်လိုက်၏။ ဖုန်းလွေက အမျိုးသမီးအားအကဲခတ်ကြည့်လိုက်၏။

ပြီးမှ သူမအားပြန်လည်မေးခွန်းထုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ခင်ဗျားဘယ်သူဘယ်ဝါဆိုတာ ကျွန်တော်မသိရဘူးလား"

အမျိုးသမီးကပြုံးကာပြောလိုက်၏။

"ကျွန်မဟာ ရေနဂါးဂိုဏ်းရဲ့ဂိုဏ်းချုပ်ကြီးပါပဲ"

ထိုစကားကြောင့်.... ဖုန်းလွှေမှာ ပါးစပ်အဟောင်းသားဖြစ်သွားရလေသည်။

"ဗျာ...."

ဖုန်းလွှေ အကြီးအကျယ်အံ့အားသင့်ကာ အမျိုးသမီးအားငေးစိုက်ကြည့်နေမိလေတော့၏။ သူ့အနေနှင့် ရှင်မင်မြို့ရွာနယ်ပယ်ဒေသတစ်ဝိုက်၌ သောင်းကျန်းနေသောရေနဂါးဂိုဏ်း၏ဂိုဏ်းချုပ်မှာ ယောကျ်ားတစ်ယောက်ဟုထင်မှတ်ထားခဲ့၏။

သို့သော်.... ရေနဂါးဂိုဏ်းချုပ်မှာ အမျိုးသမီးတစ်ဦးဖြစ်ကြောင်း မမျှော်လင့်ဘဲသိလိုက်ရသည့်အခါ မယုံကြည်နိုင်အောင် အံ့ဩသွားရခြင်းဖြစ်လေသည်။ ထို့ကြောင့် သူသည် အမျိုးသမီးအားပါးစပ်အဟောင်းသားဖြင့် ငေးစိုက်ကြည့်နေမိခြင်းဖြစ်သည်။

အမျိုးသမီးက စကားဆက်လိုက်သည်။

"ကျွန်မဟာ ရေနဂါးဂိုဏ်းချုပ်ရေနဂါးဒေဝီပါပဲ၊ ဒါကြောင့် ရှင့်ရဲ့လိုအင်ဆန္ဒမှန်သမျှကို ကျွန်မကဖြည့်ဆည်းပေးနိုင်ပါတယ်"



ဖုန်းလွှေ သက်ပြင်းချလိုက်သည်။ ပြီးမှ တည်ကြည်လေးနက်သောမျက်နှာထားဖြင့်ပြောလိုက်သည်။

"ကျွန်တော်ဟာ ရာထူးကပြုတ်ခဲ့ပေမယ့် တရားဥပဒေကိုတော့ ဘယ်တော့မှချိုးဖောက်မှာမဟုတ်ဘူး၊ ဥပဒေကိုလေးစားလိုက်နာနေဆဲပါပဲ၊ ဒါကြောင့် ဘယ်လိုဒုစရိုက်လုပ်ငန်းမျိုးကို မလုပ်ဘူး၊ ခင်ဗျားပေးတဲ့ဒုဂိုဏ်းချုပ်ရာထူးကိုလဲ မမက်မောဘူး၊ ဒီတော့အပို စကားတွေပြောမနေပါနဲ့ ခင်ဗျားရဲ့လက်နက်ကိုသာ ထုတ်လိုက်ပါ"

ဖုန်းလွှေ၏အဖြေမှာ ပြတ်သားလှပေတော့သည်။

အဖြေပေးမှုနှင့်အတူ စိန်ခေါ်မှုလည်း တွဲလျက်ပါဝင်နေလေသည်။ ရေနဂါးဒေဝီ မဲ့ပြုံးပြုံးလိုက်သည်။

"ရှင်က သိုင်းသမားကောင်းကောင်း သိပ်ပီသချင်နေတာကိုး၊ အင်း... ကျွန်မကလဲ ရှင့်ကိုရေနဂါးဂိုဏ်းရဲ့ဒုဂိုဏ်းချုပ်သိပ်ဖြစ်စေချင်တယ်"

ပြောပြောဆိုဆိုဖြင့်ပင် သူမသည် ညာလက်ကိုအနီရောင်ခြင်းတောင်းထဲသို့နှိုက်လိုက်သည်။

တစ်ခဏချင်းပင် သူမ၏လက်ကိုပြန်ရုပ်လိုက်သည်။

ထိုအခါ သူမ၏လက်ထဲတွင် ဓားပျံငါးချောင်းပါလာသည်

www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့လိုက်ရလေသည်။ ဓားပျံမှာ ရှစ်လက်မခန့်သာရှိသည်။

သို့သော် သာမန်အမျိုးအစားမဟုတ်ချေ။ ဓားပျံများ၏ ထိပ်ဖျားများမှာ ထူးခြားလှသည်။ အကြောင်းကား အခြားဓားများကဲ့သို့ ထိပ်ဖျားတစ်ခုတည်းမဟုတ်ဘဲ ဓားတစ်ချောင်းစီတွင် ထိပ်ဖျားသုံးခုစီပါနေခြင်းကြောင့်ဖြစ်သည်။

ထိပ်ဖျားများမှာ ချွန်ထက်နေသည်။

ဓားသွားများမှာ နေရောင်ကြောင့် တဖိတ်ဖိတ်တောက်ပနေ၏။ ရောင်မေဝါးမှာ ဓားပျံများကိုကြည့်ကာ ထိတ်လန့်တုန်လှုပ်သွားလေသည်။ ထူးခြားသည့်လက်နက်များကိုကိုင်ဆောင်တတ်သူများမှာ အဆင့်မြင့်သိုင်းပညာရှင်များသာဖြစ်တတ်ကြသည်မဟုတ်ပါလား။

၀၀၀၀





ရေနဂါးဒေဝီကမူ စူးရှသောမျက်လုံးများဖြင့် ဖုန်းလွှေကို စိုက်ကြည့်လိုက်သည်။ ပြီးမှ ဓားပျံငါးချောင်းကိုမြှောက်ပြကာ ပြောလိုက်သည်။

“ရှင့်ကို ကျွန်မက ဒီဓားပျံငါးချောင်းနဲ့ပစ်မယ်၊ ရှင့်အနေနဲ့ ဓားပျံငါးချောင်းကို အောင်အောင်မြင်မြင်ခုခံနိုင်ရင် ရှင့်ကိုသွားလိုရာသွားခွင့်ပေးလိုက်မယ်၊ ဒါ့အပြင် ကျွန်မတို့ရေနဂါးဂိုဏ်းက ဘယ်တော့မှ အနှောင့်အယှက်မပေးတော့ဘူး”

ဖုန်းလွှေက တည်ငြိမ်သောအသံဖြင့်ပြောလိုက်၏။

“ဆက်ပြောပါဦး”

ရေနဂါးဒေဝီကပြုံးလိုက်သည်။

“တကယ်လို့ ရှင်ရှုံးရင်တော့ ကျွန်မတို့ရဲ့ရေနဂါးဂိုဏ်းချုပ်စခန်းကိုလိုက်ခဲ့ရမယ်၊ ဘယ့်နှယ်လဲ... ရှင်သဘောတူရဲ့လား”

ရေနဂါးဒေဝီမှာ သိုင်းပညာထက်မြက်သူတစ်ယောက်ဖြစ်ကြောင်း ဖုန်းလွှေအကဲခတ်မိသည်။

သို့သော် လက်တွေ့ရင်ဆိုင်တိုက်ခိုက်ခြင်း မပြုရသေးပေ။

သို့ကြောင့် သူမအား အရမ်းအထင်ကြီး၍မဖြစ်ပေ။

တစ်ဖက်ရန်သူကို အထင်ကြီးမိပါက မိမိကိုယ်ကိုသိမ်ငယ်သွားတတ်သည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်ကို သိမ်ငယ်ခြင်းမှာ ရှုံးနိမ့်ခြင်း၏လမ်းစပင်မဟုတ်ပါလား။ ထို့ကြောင့် ရေနဂါးဒေဝီကို လိုသည်ထက်ပို၍အထင်မကြီးချေ။ အလားတူပင် ရန်သူကို အထင်သေးရန်လည်းမသင့်ပေ။

ရန်သူကိုအထင်သေးမိပါက....

မိမိ၏တိုက်ကွက်များ အားလျော့သွားတတ်၏။ ရန်သူကိုပေါ့ပေါ့တန်တန်သဘောထားမိတတ်သည်။

ထိုအခါ ရန်သူ၏လက်ချက်ကြောင့် အသက်ဆုံးရှုံးရတတ်ပေသည်။ သို့ဖြစ်ရာ.... ဖုန်းလွေမှာ ရေနဂါးဒေဝီကို အရမ်းကာရောအထင်မကြီးသလို အထင်သေးခြင်းလည်းမရှိပေ။

တည်ငြိမ်စွာရပ်လျက် ရေနဂါးဒေဝီကိုအကဲခတ်ကြည့်ရှုနေလေသည်။ ရေနဂါးဒေဝီလက်ထဲတွင်ကိုင်ထားသောဓားပျံငါးချောင်းမှာ အတော်ပင်ပုံသဏ္ဍာန်ထူးဆန်းလှသည်။

ပစ်ပေါက်တိုက်ခိုက်ရာတွင် မည်မျှအစွမ်းအစထက်မြက်သည်ကိုတော့မသိချေ။ ဓားပျံများ၏ပုံသဏ္ဍာန်ကတော့ အတော့်ကိုထူးခြားနေသည်မှာအမှန်ပင်။

ဖုန်းလွေသည် ဓားပျံများကိုကြည့်ရင်းမှ တစ်စုံတစ်ရာကိုသတိရလိုက်မိလေသည်။

မိမိသည် အဆင့်မြင့်သိုင်းပညာရှင်တစ်ယောက်ဖြစ်သည်။



သို့ဖြစ်ရာ....

လက်နက်ပုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကိုလည်း....

ကောင်းစွာရှောင်တိမ်းကာကွယ်နိုင်၏။

တစ်ချိန်က.... ရန်သူများနှင့်ရင်ဆိုင်တိုက်ခိုက်ခဲ့စဉ်တွင်ဖုန်းလွေသည် လက်နက်ပုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကို ခံခဲ့ရလေသည်။ သို့သော်.... သူသည် ထိုလက်နက်ပုန်းများကို ကောင်းစွာပင်ကာကွယ်နိုင်ခဲ့ပေသည်။

ဖုန်းလွေအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့်လက်နက်ပုန်းများမှာ သံကြာခွေ၊ မြားငယ်၊ အဆိပ်ဆူး၊ အပ်ပျံစသည့်လက်နက်များဖြစ်ကြသည်။

ယခု ရေနဂါးဒေဝီ၏လက်တွင်းမှဓားပျံများမှာ သံကြာခွေ၊ မြားငယ်၊ အဆိပ်ဆူး၊ အပ်ပျံများကဲ့သို့သေးငယ်သောလက်နက်ပုန်းမဟုတ်ချေ။

ရှစ်လက်မခန့်အရှည်ရှိ၏။

မြင်သာထင်သာရှိသော လက်နက်ပုန်းဟုဆိုရပေမည်။

သို့ဖြစ်ရာ....

ထိုဓားပျံများ၏လှုပ်ရှားမှုလမ်းကြောင်းကို ရှင်းလင်းသေချာစွာမြင်တွေ့နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်... ယပ်တောင်ဓားသိုင်းဖြင့် ရေနဂါးဒေဝီ၏ဓားပျံများကိုခုခံကာကွယ်နိုင်မည်ဟု ဖုန်းလွှေတွက်ဆလိုက်သည်။ ယင်းသို့တွက်ဆမိခြင်းကြောင့်လည်း ရေနဂါးဒေဝီနှင့်ရင်ဆိုင်ရမည်ကို စိုးရိမ်ပူပန်မှုမဖြစ်မိချေ။ ဖုန်းလွှေ ဆတ်ခနဲခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ... ခင်ဗျားဓားပျံတွေရဲ့အစွမ်းကိုကြည့်ရသေးတာပေါ့။ ကဲ... စနိုင်ပါပြီဗျာ"

ရေနဂါးဒေဝီက သဘောကျစွာပြုံးလိုက်၏။

ပြီးမှ ခေါင်းကိုဆတ်ခနဲညိတ်လိုက်ကာ...

"ကောင်းပြီ... သတိထားပါ၊ ကျွန်မက ဓားပျံငါးချောင်းကို တစ်ပြိုင်တည်း မပစ်ပါဘူး၊ တစ်ခုချင်းစီပဲပစ်မှာပါ၊ ရှင် မျက်စိရှင်ရှင်ထားပါ၊ ကိုင်း... စပြီ"

စကားဆုံးသည်နှင့် ရေနဂါးဒေဝီသည် တံတောင်ဆစ်ကို ကွေးပြီး ဆတ်ခနဲဆန့်ထုတ်လိုက်၏။

ထိုအခါ ဓားပျံတစ်လက်လွင့်ပျံထွက်လာ၏။

"ဝှစ်..."

လေတိုးသံသဲ့သဲ့ထွက်ပေါ်လာ၏။

ဓားပျံကိုပစ်လွှတ်လိုက်သည့်အားက ပြင်းထန်လွန်းလှသောကြောင့် လေတိုးသံသဲ့သဲ့ကိုသာကြားလိုက်ရသည်။



ဓားရိပ်ကို သဲကွဲစွာမမြင်လိုက်ရချေ။

အဖြူရောင်အလင်းတန်းတစ်ခုအဖြစ်သာ ရိပ်ခနဲတွေ့မြင်ရလေသည်။ ဓားပျံသည် သူ၏ရင်ဝဆီသို့ အရှိန်ပြင်းစွာဖြင့်တန်းတန်းမတ်မတ်ဝင်ရောက်လာလေ၏။

ဖုန်းလွှေသည် အဖြူရောင်အလင်းတန်းကိုသာ မျက်တောင်မခတ်စိုက်ကြည့်နေ၏။ အဖြူရောင်အလင်းတန်းသည် လျှပ်တစ်ပြက်အချိန်အတွင်း သူ၏ရင်ဝအနီးသို့ရောက်ရှိလာလေ၏။

ထိုအခါမှ... ဖုန်းလွှေသည် လက်တစ်ဖက်ကို ရုတ်တရက် လှုပ်ရှားလိုက်လေသည်။

ဤတွင်... သူ၏ရှေ့၌ လင်းလက်သောစက်ဝိုင်းခြမ်းတစ်ခု ဖြစ်ပေါ်လာ၏။ ထိုစက်ဝိုင်းသည် သူ့အား ရှေ့မှအကာအကွယ်ပေးထားသလိုရှိနေသည်။

အမှန်မှာ... သူသည် ယပ်တောင်ဓားသိုင်းကို ထုတ်ဖော်အသုံးပြုလိုက်ခြင်းပင်ဖြစ်ပေ၏။

ယပ်တောင်ဓားသိုင်းသည် သူ၏ရင်ဘတ်အပြင် တစ်ကိုယ်လုံးကို လက်နက်ပုန်းအန္တရာယ်မှလုံခြုံစွာကာကွယ်နိုင်လေ၏။

ယပ်တောင်ဓားသိုင်းဖြင့် ဖွဲ့ယမ်းကာကွယ်ထားသောဓားရှည်သည် သူ့ထံဝင်ရောက်လာသောဓားပျံကိုဖယ်ထုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်...."

ထို့ကြောင့် ဓားပျံများ လမ်းကြောင်းလွှဲသွားသည်။

သို့သော် သူ၏ခန္ဓာကိုယ်မှာလည်း ယိမ်းယိုင်သွား၏။

ကြမ်းပြင်ပေါ်သို့ လဲကျ မသွားစေရန် မနည်းပင် ထိန်းထားလိုက်ရလေသည်။

ဖုန်းလွှေမှာ ရင်ထိတ်သွားလေတော့သည်။

အကြောင်းကား.... ပစ်လွှင့်ဝင်ရောက်လာသော ဓားပျံ၏အရှိန်သည် ထင်မှတ်ထားသည်ထက်ပို၍ ပြင်းထန်နေသောကြောင့် ဖြစ်သည်။ ဖုန်းလွှေ အတော်ပင်ထိတ်လန့်သွားရတော့၏။

ရေနဂါးဒေဝီသည် သူထင်ထားသည်ထက်ပင် အတွင်းအားပိုမိုကြီးမားနေသည်မဟုတ်ပါလား။

ဓားပျံကိုပစ်လွှင့်လိုက်သည့်အင်အားမှာ အထူးပင်ပြင်းထန်လှသောကြောင့် ဓားရှည်ဖြင့် ခုခံလိုက်ရသည့်ဖုန်းလွှေ၏ ညာဘက်လက်သည်ပင် ထုံကျင်သွားရလေသည်။

လက်ထဲမှဓားရှည် လွတ်ကျမသွားခြင်းကပင် ကံကောင်းသည်ဟုဆိုရပေတော့မည်။

ယင်းအခိုက်မှာပင် ရေနဂါးဒေဝီထံမှစကားသံ ထွက်ပေါ်လာလေသည်။



"ကိုင်း.... နောက်တစ်ခုလာပြီ၊ သတိထားပေတော့"

ရေနဂါးဒေဝီသည် စကားဆုံးသည်နှင့်ဒုတိယဓားပျံကိုထပ်မံပစ်လွှင့်လိုက်ပြန်လေ၏။

"ဗွစ်...."

ဖုန်းလွှေသည် ပထမဓားပျံကိုကာကွယ်လိုက်ရခြင်းကြောင့် လက်မောင်းတစ်လျှောက်ထုံကျင်နေပြီဖြစ်သည်။

ထို့ကြောင့် ရေနဂါးဒေဝီက ဒုတိယဓားပျံကို ပစ်လွှင့်လိုက်သည့်အခါ ဖုန်းလွှေသည် စောစောကကဲ့သို့ ထိပ်တိုက်ရင်မဆိုင်ရဲတော့ချေ။ ဘေးသို့ ခြေတစ်လှမ်းသိမ်းကာ ရှောင်ပေးလိုက်ရသည်။

"ဝှီး...."

"ဗွစ်...."

ဓားပျံသည် သူ၏နားရွက်ဘေးမှကပ်၍ထွက်သွားသည်။

အသည်းယားစရာပင် ကောင်းနေလေသည်။

ဓားပျံသည် ပွတ်ကာသီကာဖြင့် သူ့နားရွက်ဘေးမှဖြတ်သွားခြင်းဖြစ်လေသည်။

ဓားပျံ၏အရှိန်တစ်ခုကြောင့် သူ၏ပါးပြင်ပင် ပူခနဲဖြစ်သွားလေသည်။ ရှောင်မေဝါးကား.... ထိုဖြစ်ရပ်ကြောင့် မျက်လုံးများပင်ပြာဝေသွားရရှာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတစ်ချီတွင်တော့ ခင်ပွန်းဖြစ်သူဖုန်းလွေမှာ ရေနဂါးဒေဝီ၏ဓားပျံကြောင့် အသက်ဆုံးရှုံးရတော့မည်ဟုထင်မှတ်ကာ စိုးရိမ်ပူပန်သွားမိသည်။ သူမသည် မကြည့်ရက်မမြင်ရက်ဖြစ်ကာ မျက်နှာကို လက်ဝါးဖြင့်အုပ်လျက် အထိတ်တလန့်ဖြင့်အော်ဟစ်လိုက်မိလေတော့သည်။

"အမလေး...."

ထို့နောက်.... ရှောင်မေဝါးသည် ခေါင်းထဲ မိုက်ခနဲဖြစ်ကာ သတိလစ်လဲကျသွားလေတော့သည်။

၀၀၀၀



"ဗိုး...."

ဒုတိယမြောက်ဓားပျံသည် သူ၏နားရွက်ဘေးမှဖြတ်ကျော်ထွက်သွား၏။

ဖုန်းလွေ ထိတ်ခနဲဖြစ်သွားသည်။

စက္ကန့်ဝက်မျှ ရှောင်တိမ်းရန် နှောက်ကျသွားသည်နှင့် ဓားပျံထိပ်ဖျားတွင် သူ၏အသက်ပါသွားနိုင်သည်မဟုတ်ပါလား။

သို့သော်.... သူ့အနေဖြင့် ဓားပျံနှစ်လက်ကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် သူသည် သက်ပြင်းတစ်ချက်မသိမသာချလိုက်သည်။

နောက်ထပ်ပစ်လွှင့်လာဦးမည့် ဓားပျံများကို သူ ယခုကဲ့သို့ လွတ်မြောက်အောင် ဆက်လက်ရှောင်တိမ်းနိုင်ပါဦးမည်လား။

တွေးကြည့်ရုံဖြင့်ပင် ဓောချွေးပြန်စရာဖြစ်နေပေသည်။

ဖုန်းလွေသည် ရေနဂါးဒေဝီကို လှမ်းကြည့်လိုက်၏။ သူမထံမှဆက်လက်ပစ်လွှင့်လာမည့်ဓားပျံကို သတိကြီးစွာထား၍စောင့်ကြည့်နေလိုက်သည်။

ယင်းအခိုက်မှာပင်.... မိန်းကလေးတစ်ယောက်၏စူးစူးဝါးဝါးအော်သံတစ်ချက်ထွက်ပေါ်လာ၏။

"အား...."

www.burmeseclassic.com

www.burmeseclassic.com



ထိုအသံမှာ.... ရှောင်မေဝါး၏အသံဖြစ်ကြောင်း ဖုန်းလွေ ကောင်းစွာမှတ်မိလိုက်သည်။

ထို့ကြောင့် ဖုန်းလွေ ရင်ထိတ်သွား၏။

သူသည် ဓနီးဖြစ်သူအတွက် စိုးရိမ်ပူပန်သွားမိသည်။

ချက်ချင်းဆိုသလိုပင်... ရှောင်မေဝါးရှိရာဘက်သို့ ပျာယီး ပျာယာလှည့်ကြည့်လိုက်သည်။

ထိုအခါ....

ရှောင်မေဝါးမှာကြမ်းပြင် ပေါ်သို့လဲကျသတိလစ်သွားသည် ကိုတွေ့မြင်လိုက်ရလေသည်။

ဖုန်းလွေ ဗျာများသွား၏။

သူ့အနေဖြင့် ဘာလုပ်၍ဘာကိုင် ရမှန်းမသိနိုင်အောင်ဖြစ် သွားလေသည်။

ရှောင်မေဝါးမှာ သူ၏ဓနီးဖြစ်ကြောင်း ရေနဂါးဂိုဏ်းသား များသိရှိသွားမည်ကို သူ့အနေဖြင့် မလိုလားပေ။

အကယ်၍....

သူသာ စိုးရိမ်တကြီးဖြင့် ရှောင်မေဝါးထံပြေးသွားခဲ့လျှင် ရေနဂါးဂိုဏ်းသားများသည် သူနှင့်ရှောင်မေဝါးတို့ ပတ်သက်မှုရှိကြောင်း သေချာပေါက် ရိပ်မိသွားကြတော့မည်ဖြစ်သည်။



ဤသို့ဆိုပါလျှင် သတိလစ်လဲကျနေသောရှောင်မေဝါးအား သည်အတိုင်းပစ်ထားလိုက်ရမည်လော။

မိမိနှင့်ဘာမျှမသက်ဆိုင်သလို လျစ်လျူပြုထားလိုက်ရမည် လော။ ဖုန်းလွေမှာ ဘေးကျပ်နံကျပ်ဖြစ်ကာ ဇောချွေးများပင် ပြန် လာလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တကယ်အရေးကြုံပြီဆိုသောအခါ ဖုန်းလွှသည် ဇနီးသည်အား သည်အတိုင်းကြည့်မနေရက်ပေ။ သူနှင့်ဘာမှုမဆိုင်သလို ဥပေက္ခာပြုမထားနိုင်ပေ။

ထို့ကြောင့် သတိလစ်နေသော ရှောင်မေဝါးထံသို့စိုးရိမ်တကြီးပြေးသွားလေသည်။ ထို့နောက် ရှောင်မေဝါးကိုပွေ့ထူကာ သတိရအောင်ပြုစုပေးလိုက်၏။

ဤသည်ကို ရေနဂါးဒေဝီက ဟန့်တားခြင်းမပြုချေ။

စူးစူးရဲရဲသာ စိုက်ကြည့်နေလေသည်။ မကြာမီ ရှောင်မေဝါး သတိပြန်ရလာသည်။ ဖုန်းလွှက သူမအားပွေ့ထားသည်ကို တွေ့လိုက်ရသောကြောင့် ရှောင်မေဝါးမှာအလွန်ဝမ်းသာသွားလေသည်။

သူမသည် ဖုန်းလွှအားစိုက်ကြည့်ကာပြောလိုက်သည်။

"အစ်ကို... ဘာမှ...."

သူမ၏စကားမှာ တစ်ဝက်တစ်ပျက်ဖြင့်ရပ်တန့်သွား၏။ အကြောင်းကား ဖုန်းလွှက သူမအား ဆက်မပြောရန် မျက်ရိပ်ပြလိုက်ခြင်းကြောင့်ဖြစ်၏။ ထိုအခါမှ ရှောင်မေဝါးသည် ခင်ပွန်းသည်မှာကြားထားသည့် စကားများကို ပြန်လည်အမှတ်ရလာတော့သည်။

ထို့ကြောင့်.... သူမသည် ဖုန်းလွှအားမသိသည့်ဟန်ဖြင့် ဖုန်းလွှ၏ရင်ခွင်ထဲမှလူးလဲထလိုက်သည်။



ဖုန်းလွှကလည်း ရှောင်မေဝါးအား အသာအယာလွှတ်ပေးလိုက်ပြီးနောက် ရေနဂါးဒေဝီထံသို့ပြန်လျှောက်လာသည်။

ထို့နောက် ရေနဂါးဒေဝီ၏ဓားပျံများနှင့်ရင်ဆိုင်ခဲ့သည့်နေရာတွင် ရပ် တန့်လိုက်သည်။ သူသည် နောက်ထပ်ဓားပျံသုံးချောင်းနှင့် ရင်ဆိုင်ရဦးမည်မဟုတ်ပါလား။

ရေနဂါးဝေဒီသည် လက်ထဲတွင် ဓားပျံသုံးချောင်းကိုဆွဲကိုင်ထားသည်။ သူမသည် ဓားပျံများကိုဆကြည့်နေရင်းမှ ဖုန်းလွှ လှမ်းကြည့်ကာပြောလိုက်လေသည်။

"အင်း... ရှင်ဟာ နာမည်ကျော်မယ်ဆိုရင်လဲ ကျော်လောက်ပါတယ်၊ ရှင့်ရဲ့သိုင်းပညာကလဲ ထက်မြက်ပါကယ်၊ ဒါပေမယ့် ကျွန်မရဲ့လက်စလက်နကိုတော့ ရှင်သိလောက်ရောပေါ့၊ ဒီတော့ ကျွန်မတို့နားလည်မှုယူလိုက်ကြရင် မကောင်းဘူးလား"

မှန်ပေသည်။

ဖုန်းလွှမှာ လူကဲခတ်ညံ့သူတစ်ယောက်မဟုတ်ချေ။

ထို့ကြောင့် ဓားပျံနှစ်ချောင်းကို ရင်ဆိုင်ခဲ့ရပြီးသည်နှင့် ရေနဂါးဒေဝီ၏အစွမ်းအစကို သိရှိလိုက်ပြီးဖြစ်ပေသည်။ သူ့အနေဖြင့် ရေနဂါးဒေဝီအား ယှဉ်ပြိုင်နိုင်မည်မဟုတ်ကြောင်း ကောင်းစွာနားလည်သဘောပေါက်ခဲ့ပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရာ နောက်ထပ် ဆက်လက်ပစ်ပေါက်လာမည့်ဓားပျံများကို မိမိအနေဖြင့် ရှောင်လည်းမရှောင်နိုင်၊ ခုခံခြင်းလည်းပြုနိုင်တော့မည်မဟုတ်ချေ။

အကြောင်းမှာ ရေနဂါးဒေဝီထံမှဆက်လက်ပစ်လွှင့်လာမည့်ဓားပျံများသည် စောစောကကဲ့သို့ လက်စွမ်းလက်နပြရုံမျှသာ ပစ်လွှင့်လာတော့မည်မဟုတ်သောကြောင့်ပင်....

ယခုတစ်ကြိမ်ပစ်လွှင့်လာမည့်ဓားပျံများသည်....

သူ၏အသက်ဇီဝိန်ကို သေချာပေါက် ချွေယူတော့မည်ဖြစ်သည်။ သူ့အနေဖြင့် စောစောပိုင်းကကဲ့သို့ ရှောင်တိမ်းကာကွယ်နိုင်တော့မည်မဟုတ်ပါ။

ရေနဂါးဒေဝီပြုသမျှ နုရတော့မည့်အခြေအနေပင် ဖြစ်တော့သည်။ သို့သော်.... ဖုန်းလွှေအနေဖြင့် သည်အတိုင်းတော့ ရေနဂါးဒေဝီအား အရှုံးမပေးနိုင်ပေ။

ထို့ကြောင့် သူက ရေနဂါးဒေဝီအားလှမ်းပြောလိုက်သည်။

"ကဲ... ခင်ဗျားရဲ့တတိယမြောက်ဓားပျံကိုပစ်လွှတ်လိုက်ပါတော့"

ဟုပြောလိုက်သည်။

ရေနဂါးဒေဝီက မဲ့ပြုံးပြုံးလိုက်ပြီး....



"ကျွန်မရဲ့ဓားပျံကို ထပ်ရင်ဆိုင်မယ်ဆိုရင် ရှင်အသက်သေဖို့ပဲရှိလိမ့်မယ်ဖုန်းလွှေ"

ဖုန်းလွှေ ခေါင်းခါယမ်းလိုက်သည်။

ပြီးမှ ပြတ်သားသောလေသံဖြင့်ပြောလိုက်သည်။

"ကျွန်တော့်ရဲ့သေရေးရှင်ရေးကို ခင်ဗျားတွေးပူနေစရာမလိုပါဘူး၊ ဓားပျံကိုသာပစ်လိုက်ပါ၊ ကျွန်တော် ခင်ဗျားကိုကြာကြာမစောင့်နိုင်ဘူး"

စကားဆုံးသည်နှင့် ဓားရှည်ကိုအသင့်ပြင်လိုက်သည်။

ဓားရှည်မှာ သူ၏ညာလက်ထဲတွင် ဦးမော့လျက်ရှိသည်။

ရေနဂါးဒေဝီက ခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်သည်။

"ရှင့်ရဲ့သေရေးရှင်ရေးကိုသာ ကျွန်မအလေးမထားဘူးဆိုရင် စောစောကပစ်ပေါက်လိုက်တဲ့ ဓားပျံနှစ်လက်နဲ့ပဲ ရှင့်အသက်ကြွေသွားလောက်ပြီဖုန်းလွှေ"

ဤစကားသည် သက်သက်မဲ့ကြွားဝါပြောဆိုခြင်းမဟုတ်ကြောင်း ဖုန်းလွှေနားလည်သည်။ သို့သော် သေခါမှသေစေတော့။

ဖုန်းလွှေအနေဖြင့် အလျှော့ပေးရန်စိတ်ကူးမရှိချေ။

ထို့ကြောင့်.... ဖုန်းလွှေသည် အရေးမစိုက်ဟန်ဖြင့် ရေနဂါးဒေဝီအား လေသံမာမာပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ… ခင်ဗျား စကားပဲပြောနေတော့မှာလား၊ ကျွန်တော်ကတော့ စောစောကပြောတဲ့သဘောတူညီချက်ကို အရေး မထားတော့ဘဲ ရေထဲခုန်ချပြီးကူးပြေးရလိမ့်မယ်"

အမှန်တွင် ဖုန်းလွှေက ရေနဂါးဒေဝီအား အကျပ်ကိုင်လိုက်ခြင်းဖြစ်သည်။ သို့သော် ရေနဂါးဒေဝီကစိုးရိမ်ခြင်းမရှိချေ။

သဘောကျသလိုပင် ရယ်မောလိုက်သေး၏။

"ခစ်… ခစ်… ခစ်"

သူမ၏ရယ်မောသံမှာ ချိုလွင်သာယာလှပလွန်းသည်

ဖုန်းလွှေ အံ့အားသင့်သွား၏။

သူ၏အကျပ်ကိုင်ခြိမ်းခြောက်မှုကို ရေနဂါးဒေဝီကဂရုမစိုက်သည့်အပြင် ရယ်မောနေသေးသည်မဟုတ်ပါလား။

ဖုန်းလွှေက ရေနဂါးဒေဝီအား စိုက်ကြည့်ကာမေးလိုက်၏။

"ခင်ဗျားဘာရယ်တာလဲ"

သူမကပြုံးကာပြောလိုက်သည်။

"ရှင့်ပြောပုံကိုသဘောကျလို့ပေါ့"

ဖုန်းလွှေစိတ်တိုသွားသည်။

သူက လေသံမာမာဖြင့်မေးလိုက်သည်။

"ကျွန်တော်ပြောတဲ့စကားထဲမှာ ဘာများရယ်စရာပါလို့လဲ"



သူမက မျက်နှာထားကိုပြင်လိုက်သည်။

"ရှင် ရေထဲကူးပြေးမယ်ဆိုတာကိုပေါ့"

ဖုန်းလွှေမျက်မှောင်ကုပ်သွားသည်။

"ဟုတ်တယ်လေ… အဲဒါဘာဖြစ်လို့လဲ"

ရေနဂါးဒေဝီက တည်ကြည်သောမျက်နှာထားဖြင့်ပြန်ပြောလိုက်လေသည်။

"ရှင် ရေထဲခုန်ချပြီးကူးပြေးမယ်ဆိုရင်လဲ ပြေးနိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်မတို့ ရေနဂါးဂိုဏ်းသားတွေအားလုံး ရေကူးကျင်လည်ကြတယ်ဆိုတာကိုလဲ သတိရဦးမှပေါ့ရှင်"

ဖုန်းလွှေ အကျပ်တွေ့သွား၏။

မှန်ပေသည်။ သူမပြောသည်မှာ နည်းလမ်းကျ၏။

ဖုန်းလွှေမှာ ကုန်းပေါ်တွင်သာ ကျင်လည်ကျက်စားလာခဲ့သူတစ်ယောက်ဖြစ်သည်။

ထို့ကြောင့် ရေထဲတွင်ကျွမ်းကျင်စွာကူးခတ်နိုင်ခြင်းမရှိချေ။

ဤသို့ဆိုပါလျှင် သူ့အနေဖြင့် ရေထဲတွင် ရေနဂါးဂိုဏ်းသားများ [illegible]ညီပြိုင်၍မည်ကဲ့သို့ကူးခတ်နိုင်ပါမည်နည်း။

ရေထဲသို့ခုန်ချကာ ကူးပြေးလိုက်သည်နှင့် ရေကြောင်းကျွမ်းကျင်သောရေနဂါးဂိုဏ်းသားများက သူ့ကိုအလွယ်တကူပင်ဖမ်းဆီး

www.burmeseclassic.com



လိုက်မည်ဖြစ်သည်။ ဖုန်းလွှေမှာ ထွက်ပြေးရန်မဖြစ်နိုင်တော့ချေ။

ထို့ကြောင့် ရေနဂါးဒေဝီနှင့်ရင်ဆိုင်ရန်သာရှိတော့၏။

အကယ်၍ မိမိရှုံးနိမ့်သွားလျှင် ရေနဂါးဒေဝီနောက်သို့လိုက်ပါသွားရမည်ဖြစ်သည်။ ဤသို့ဆိုလျှင်....

ဓနီးသည်ရှောင်မေဝါးတစ်ယောက်တည်းသာ လှေကြီးပေါ်တွင်ကျန်နေခဲ့ပေလိမ့်မည်။

သို့သော် သူမတွင် ဘေးအန္တရာယ်ကင်းရှင်းသွားမည်ဖြစ်၏။

ယင်းကြောင့် ဖုန်းလွှေသည် ရေနဂါးဒေဝီဘက်သို့လှည့်ကာ ရဲရဲတင်းတင်းရင်ဆိုင်လိုက်လေတော့၏။

*ပထမပိုင်းပြီး၏။*

*ဒုတိယပိုင်း(စာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။*

BURMESE CLASSIC

www.burmeseclassic.com